ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက်တွင် စတင် တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၄ ရက်၊ တနင်္ဂနွေနေ့။ Sunday 13 May 2018 ၉၂၈၅

# နေပြည်တော်တွင် တည်ထားမည့် ထာဝရငြိမ်းချမ်းရေးစေတီတော် ရတနာပန္နက်တော်တင် အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၂**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ရွှေလက်လှစေတီတော် ပရိဝုဏ်အတွင်း တည်ထားကိုးကွယ်မည့် ဉာဏ်တော် ၃၆ တောင်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော် ရတနာပန္နက်တော်တင် တွင်းတော်ဝန်းမဟာမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ဆရာတော် နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ✳

# အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်း ပြပွဲနှင့် ပြိုင်ပွဲ ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSMEs)၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့်ပြိုင်ပွဲ (၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆



ဒုတိယသမ္မတ ဦးမြင့်ဆွေ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့်ပြိုင်ပွဲတွင် ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုစဉ်။

## ပြည်တွင်းလျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် သုံးနှစ်အတွင်း မဂ္ဂါဝပ် ၃၀၀၀ လျှပ်စစ်ဓာတ်အားရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

စာမျက်နှာ » ၂

## ပြုံယမ်း၏ နျူကလီးယားလက်နက် စမ်းသပ်ပစ်လွှတ်သည့် နေရာအား ရာသက်ပန် ပိတ်သိမ်းမည်

စာမျက်နှာ » ၄

## ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး အခြေပြုခရီးသွားလုပ်ငန်း

စာမျက်နှာ » ၆

နုပျို လန်းဆန်း ဖြူဝင်းစေသော ရွှေပြည်နန်း သနပ်ခါး Body Lotion
SHWE PYI NANN



# ကြေးမုံ

## ဒါကာ ကြေညာချက်၏ အပြော၊ ဒါကာ ကြေညာချက်၏ အလုပ်

၂၀၁၈ ခုနှစ် မေလ ၅ ရက်မှ ၆ ရက်အထိကျင်းပခဲ့သည့် (၄၅) ကြိမ်မြောက် အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) နိုင်ငံခြားရေးဝန်ကြီးအစည်းအဝေး၌ အပိုဒ် ၄၀ ပါ ဒါကာကြေညာချက်ဟူသော ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ ဤဒါကာကြေညာချက်၌ အပိုဒ် ၁၄ မှ ၁၇ အထိ ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် ရည်ညွှန်းဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဒါကာကြေညာချက်ပါ ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် ရည်ညွှန်းဖော်ပြမှုများကို ဝေဖန်သုံးသပ်ရမည်ဆိုပါက ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်ဟူသော သဘောတရားကို လုံးဝညွှန်းဆိုထားခြင်းမရှိခြင်းသည် သိသာစွာ ပေါ်လွင်ထင်ရှားနေပါသည်။ ရခိုင်ပြည်နယ်အရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းရာ၌ မြန်မာနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ ပူးပေါင်းဆောင်ရွက်မှုမရှိပါက အောင်မြင်နိုင်ခြေလုံးဝမရှိသည်မှာ ရှင်းလင်းပြောဆိုရန် မလိုသောကိစ္စရပ်ဖြစ်ပါသည်။ သို့ဖြစ်ပါလျက် (၄၅) ကြိမ်မြောက် အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) ၏ ကြေညာချက်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံကြား ပူးပေါင်းဆောင်ရွက်ရေးအပေါ် လုံးဝလျစ်လျူရှုခဲ့ခြင်းသည် ပြဿနာဖြေရှင်းရေး၏ အခြေခံမူတစ်ရပ်ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်ခြင်းဖြစ်ပါသည်။ ဒါကာကြေညာချက်၏ အပိုဒ် ၈ ၌ အစ္စလာမ္မစ်အဖွဲ့ဝင်နိုင်ငံတို့၏ လုံခြုံရေး၊ အချုပ်အခြာအာဏာပိုင်မှု၊ လွတ်လပ်ရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့အပေါ် အလေးအနက်ထားထောက်ခံထားပြီး ပဋိပက္ခဖြေရှင်းရာ၌ ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်းပြီး ပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်ရန် ကတိကဝတ်ပြုထားပါသည်။ သို့သော် (၄၅) ကြိမ်မြောက် အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးက ရခိုင်ပြည်နယ်အရေးအပေါ် ချဉ်းကပ်ရာ၌ ၎င်းတို့၏ ကြေညာချက်အပိုဒ် ၈ ပါ သဘောတရားအားလုံးကို မျက်ကွယ်ပြုလျစ်လျူရှုထားပါသည်။

ဒါကာကြေညာချက်၏ အပိုဒ် ၁၄ မှ ၁၇ အထိ ရခိုင်ပြည်နယ်အရေးအပေါ် ရည်ညွှန်းဖော်ပြရာ၌ ARSA အကြမ်းဖက်အဖွဲ့၏လုပ်ရပ်ကို တစ်လုံးတစ်ပါဒမျှ ရည်ညွှန်းဖော်ပြခဲ့ခြင်းမရှိပါ။ သို့သော် ဒါကာကြေညာချက်၏ အပိုဒ် ၂၀ ၌ ကမ္ဘာတစ်လွှား အကြမ်းဖက်တိုက်ခိုက်မှုများအပေါ် ပြင်းပြင်းထန်ထန် ရှုတ်ချဝေဖန်ထားပါသည်။ ငြင်းကွယ်မရသော ပကတိအမှန်တရားမှာ လက်ရှိ ရခိုင်ပြည်နယ်ပြဿနာသည် ARSA အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။ ဒါကာကြေညာချက်၏ အပိုဒ် ၁၉ ၌ အာဖဂန်နစ္စတန်အရေးကို ဖော်ပြရာတွင် "အာဖဂန်လူမျိုးများကိုယ်တိုင်ပါဝင်သော အင်အားစုအားလုံးပါဝင်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေး" ဆိုသည်ကို မီးမောင်းထိုးတင်ပြထားပါသည်။ ဒါကာကြေညာချက်က ရခိုင်ပြည်နယ်အရေးကို ဖော်ပြရာ၌ မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ အခန်းကဏ္ဍကို အဘယ်ကြောင့် လုံးဝရည်ညွှန်းခြင်းမပြုရပါသနည်း။ ဒါကာကြေညာချက်က ရခိုင်ပြည်နယ်အတွင်းရှိ မတူကွဲပြားသော လူ့အသိုင်းအဝိုင်း နှစ်ရပ်ကြား ပြန်လည်သင့်မြတ်ရေး လိုအပ်ချက်အပေါ် အဘယ်ကြောင့် လုံးဝလျစ်လျူရှုရပါသနည်း။ ဒါကာကြေညာချက်က ရခိုင်ပြည်နယ်အရေးကိစ္စ ကိုင်တွယ်ရာ၌ မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ အခန်းကဏ္ဍကို လုံးဝလျစ်လျူရှုလျက် ဖိအားပေး အကျပ်ကိုင်ရန် ကြိုးပမ်းခြင်းသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးခြင်းဖြစ်ပါသည်။ တိကျသောစကားဆိုရပါသော် ရခိုင်ပြည်နယ်အရေးအပေါ် ဒါကာကြေညာချက်၏ ရပ်တည်ချက်သည် ၎င်းဒါကာကြေညာချက်ပါ နိုင်ငံတကာဆက်ဆံရေးအခြေခံမူများ၏ အနှစ်သာရကို ၎င်းတို့ကိုယ်တိုင် နင်းခြေလိုက်ခြင်းသာ ဖြစ်ပါသည်။ ဤသည်မှာ မျက်တောင်မွေးတဆုံးမျှသာကြည့်သော ချဉ်းကပ်ပုံဖြစ်ပါသည်။ ဖြစ်သင့် ဖြစ်ထိုက်သည်မှာ ဒေသတွင်း ကျယ်ပြန့်သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ဦးတည်လျက် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကြား ရေရှည်တည်တံ့ခိုင်မြဲသည့် ပူးပေါင်းဆောင်ရွက်မှု ပုံဖော်ခြင်းသာဖြစ်ပါကြောင်း လေးနက်စွာ တင်ပြအပ်ပါသည်။ ။

## ပြည်တွင်းလျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် သုံးနှစ်အတွင်း မဂ္ဂါဝပ် ၃၀၀၀ လျှပ်စစ်ဓာတ်အားရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်



၂၃၀ ကေဗွီ ဘီလူးချောင်း(၂) ရွှေမြို့ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေ

**နေပြည်တော် မေ ၁၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းလျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် သုံးနှစ်အတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀၀၀ ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦးက ပြောသည်။

မေ ၁၁ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ပြုလုပ်သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများ၏ မေးမြန်းမှုကို အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦးက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"သတ်မှတ်တဲ့ကာလမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀၀၀ ရရှိဖို့အတွက် လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်၊ အင်ဂျင်နီယာလုပ်ငန်းတွေ၊ ဒီဇိုင်းလုပ်ငန်းတွေ ခွင့်ပြုထားပြီးဖြစ်တဲ့အတွက် သက်ဆိုင်ရာလုပ်ငန်းအလိုက် စတင်ဆောင်ရွက်နေပါတယ်၊ LNG သွင်းမယ်ဆိုရင် သင်္ဘောတွေဝင်တာထွက်တာကို သက်ဆိုင်ရာ ရေကြောင်းပို့ဆောင်ရေးနဲ့ ညှိနှိုင်းပြီး လေ့လာမှုတွေ ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ပြောသည်။

သုံးနှစ်အတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀၀၀ ရရှိရေးအတွက် ပြင်သစ်နိုင်ငံ TOTAL ကုမ္ပဏီနှင့် ဂျာမနီနိုင်ငံ SIEMENSA.G ကုမ္ပဏီတို့ပူးပေါင်းပြီး တနင်္သာရီတိုင်းဒေသကြီး ကန်ပေါက်ဒေသတွင် ၁၂၃၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် LNG to Power စီမံကိန်းကို လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhefu Holding Group Co., Ltd နှင့် မြန်မာနိုင်ငံ Supreme Trading Co., Ltd တို့ပူးပေါင်းပြီး ဧရာဝတီတိုင်းဒေသကြီး မီးလောင်ဂျိုင်ဒေသတွင် မဂ္ဂါဝပ် ၁၃၉၀ ထုတ်လုပ်နိုင်သည့် LNG to Power စီမံကိန်းကို လည်းကောင်း၊ ထိုင်းနိုင်ငံ TTCL Public Company Limited မှ ရန်ကုန်တိုင်းဒေသကြီး အလုံတွင် ၃၅၆ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် LNG to Power စီမံကိန်းကို လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sinohydro Corporation Limited နှင့် မြန်မာနိုင်ငံ Supreme Trading Co.,Ltd တို့ပူးပေါင်းပြီး ရခိုင်ပြည်နယ် ကျောက်ဖြူတွင် ၁၃၅ မဂ္ဂါဝပ်ထွက်ရှိမည့် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရေအားမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့် အရင်းအမြစ်များ တွေ့ရှိထားပြီးဖြစ်ကြောင်း၊ ဘတ်ဂျက်၊ နယ်မြေငြိမ်းချမ်းမှုနှင့် ပြည်သူလူထုလက်ခံမှုအခြေအနေပေါ် မူတည်ပြီး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

"ရေအားနဲ့ထုတ်တဲ့ လျှပ်စစ်က ရေရှည်စီမံကိန်းဖြစ်ပါတယ်၊ တစ်နှစ်တည်းနဲ့လည်း လုပ်လို့မရဘူး၊ ကျောက်မီးသွေးနဲ့တော့ လောလောဆယ် လျှပ်စစ်မထုတ်သေးဘူး၊ ပြည်သူတွေ နားလည်အောင်ချပြဖို့လည်းလိုတယ်၊ ပြည်သူတွေ နားလည်လာမယ်ဆိုရင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဆိုသည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများအား ကမ္ဘာ့ဘဏ်အကူအညီဖြင့် လျှပ်စစ်မီးရရှိရန် NEP Project ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသများတွင် ၄၀ ရာခိုင်နှုန်းခန့် လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**မင်းသစ်(MNA)**

■

## ၂၀၁၈ ခုနှစ် ဧပြီလအတွင်း ပြည်တွင်း အလုပ်နေရာ ၁၅၀၀၀ ကျော် ခန့်ထားနိုင်ခဲ့

**နေပြည်တော် မေ ၁၂**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေ တိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်း အလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်း အလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဧပြီလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ၁၅၅၅၀ အလုပ်ခန့်ထားနိုင်ခဲ့ပြီး ပြည်ပနိုင်ငံများသို့ ၁၄၉၈၅ ဦး စေလွှတ်၍ အလုပ်အကိုင် ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အချိန်ပိုင်း ဓာတ်အားပြတ်တောက်နိုင်

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားသော (33/6.6-0.4) kV၊ (5)MVA Saw Mill (1) ခွဲရုံရှိ (6.6)kV (1000) kVA ဖီဒါ၏ ဓာတ်အားလိုင်း ၂၅ ခန်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို မေ ၁၃ ရက် တနင်္ဂနွေနေ့တွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်စဉ်အချိန်အတွင်း ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ မကျည်းတန်းတောင်ရပ်ကွက်၊ သရက်တောမြောက်ရပ်ကွက်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ဗဟိုစံပြငါးဈေးတို့တွင် အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှု အနည်းငယ် ရှိနိုင်သည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်လာနိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ အသိပေးပန်ကြားထားသည်။

**ကြေးမုံ**

MYANMAR Digital News
Presented by MPE
www.mdn.gov.mm

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

themirror.npt@gmail.com
www.facebook.com/themirrordaily

## နိုင်ငံရဲ့ ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

ကျွန်တော်တို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့ အလယ်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စု လွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံတော်ရဲ့ ဦးစားပေးလုပ်ငန်းတစ်ရပ်

တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲမှုဟာ နိုင်ငံတော်ရဲ့ ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့လုပ်ငန်းစဉ်လည်း ဖြစ်ပါတယ်။

(၇-၃-၂၀၁၈ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## မြန်မာစာနယ်ဇင်းသမဂ္ဂ အမှုဆောင်သစ် ပြန်လည်ရွေးချယ်

**ရန်ကုန် မေ ၁၂**

မြန်မာစာနယ်ဇင်းသမဂ္ဂ(MJU) ၂၀၁၈-၂၀၁၉ နှစ်ပတ်လည်ညီလာခံနှင့် အမှုဆောင်သစ် ပြန်လည်ရွေးချယ်ပွဲအခမ်းအနားကို မေ ၁၁ ရက်တွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့ရာ ဥက္ကဋ္ဌအဖြစ် ဦးဇော်သက်ထွေးအား ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စာနယ်ဇင်းကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင်(ဟံသာဝတီ)တို့က ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပြီး နိုင်ငံရေးအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းအဖွဲ့များမှ ပေးပို့သည့်သဝဏ်လွှာများကို ဖတ်ကြားသည်။ ဆက်လက်၍ ဦးဆောင်ကော်မတီဝင် ဆရာမာဂျေက MJU ၏ သမိုင်းကြောင်းနှင့် လုပ်ဆောင်ချက်များကိုလည်းကောင်း၊ ဦးဆောင်ကော်မတီဝင် ဦးချစ်ဝင်းမောင်က အစိုးရသစ်လက်ထက် သတင်း၊ စာနယ်ဇင်းလွတ်လပ်ခွင့်အခြေအနေကို လည်းကောင်း၊ ဦးကျော်စွာမြင့်က MJU ၏ ဘဏ္ဍာရေးအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။

"အခုလို ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံခဲ့ရပေမယ့် မှန်တာပြောရရင် ကျွန်တော့်အနေနဲ့ မလုပ်ချင်ပါဘူး၊ မိသားစုကလည်း ဒါကိုအားမပေးဘူး၊ ဒါပေမယ့် တစ်ဖက်မှာလည်း ကျွန်တော်တို့ မြန်မာ့မီဒီယာလောကကို တစ်ခန်းတစ်ကဏ္ဍက မြှင့်တင်လိုတဲ့ ရည်ရွယ်ချက်၊ ဖမ်းဆီးထောင်ချခံ သတင်းထောက်တွေနဲ့ တရားရင်ဆိုင်ဆဲသတင်းသမားတွေအတွက် ဥပဒေကြောင်းအရ ကာကွယ်နိုင်ဖို့အတွက် ကျွန်တော်သတင်းစာဆရာများသမဂ္ဂ (Myanmar Journalists Union)က အခန်းကဏ္ဍကနေ ဆောင်ရွက်ဖို့လိုအပ်နေပါတယ်၊ ဒါကြောင့် ဒီနေရာကို တာဝန်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အမှုဆောင်သစ်ပြန်လည်ရွေးချယ်ပွဲတွင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသော ဦးဇော်သက်ထွေးက ပြောသည်။

အမှုဆောင်သစ်ပြန်လည်ရွေးချယ်ပွဲတွင် ဥက္ကဋ္ဌအဖြစ် ဦးဇော်သက်ထွေး၊ ဒု-ဥက္ကဋ္ဌ(၁) ဦးမာဂျေ၊ ဒု-ဥက္ကဋ္ဌ(၂) ဦးမျိုးကိုမျိုး၊ အတွင်းရေးမှူးအဖြစ် ကိုမျိုး(မြန်မာစာ)၊ အတွင်းရေးမှူး(၁) ဦးကျော်စွာမြင့်၊ အတွင်းရေးမှူး(၂) ကိုမျိုးဇော်ကို၊ ဘဏ္ဍာရေးမှူးအဖြစ် ဒေါ်သဲစုလှိုင်တို့ အပါအဝင် အလုပ်အမှုဆောင်ကော်မတီဝင် စုစုပေါင်း ၁၆ ဦးခန့်ဖြင့် ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

**အေးမင်း**



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရတနာပန္နက်တော် တင်စဉ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ရတနာပန္နက်တော် တင်စဉ်။

**✻ နေပြည်တော်မှ**

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများ၊ ရတနာ ပန္နက်တော်၊ ရွှေလက်ရိုက်တော်နှင့် ရွှေတူရွင်းတော်များကို ဆရာတော်ကြီးများထံ ဆက်ကပ်၍ မေတ္တာသုတ်တော်နှင့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဧည့်ပရိသတ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရား နာကြားကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရန်အောင်မြင်ရွှေလက်လှစေတီတော် ပရိဝုဏ်အတွင်းရှိ သတ်မှတ်နေရာများတွင် ရတနာပန္နက်တော်တင်၍ တွင်းတော်တူးဝန်းပေးကြရာ ဆရာတော် သံဃာတော်များက အောင်ဂါထာများကို ရွတ်ဆိုပူဇော်ပြီး မဟာမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## မြန်မာ့ပန်းချီ ရာပြည့်ပန်းချီ စာအုပ်ပြပွဲ၊ ဈေးရောင်းပွဲနှင့် ဆွေးနွေးပွဲများ ကျင်းပ

**ရန်ကုန် မေ ၁၂**

မြန်မာ့ပန်းချီ ရာပြည့်ပန်းချီ စာအုပ်ပြပွဲ၊ ဈေးရောင်းပွဲနှင့် ပန်းချီပညာဆိုင်ရာ ဆွေးနွေးပွဲများကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သံဈေးရှိ Yangon Book Plaza ၌ ကျင်းပကြောင်း သိရသည်။



"မြန်မာ့ပန်းချီ ရာပြည့်ဆိုတာက ပန်းချီလောကကြီး တစ်ခုလုံးကို ရာပြည့်လို့ပြောတာ မဟုတ်ပါဘူး၊ တကယ်တော့ မြန်မာ့ပန်းချီဟာ နှစ်ထောင်နဲ့ချီပြီးတော့ သက်တမ်းရှိခဲ့ပြီ ဖြစ်ပါတယ်၊ ဒီဟာက Bummar Art Club လို့ ခေါ်တဲ့ မြန်မာပြည်ရဲ့ ပထမဦးဆုံး ပန်းချီဆိုင်ရာ အဖွဲ့အစည်းရဲ့ စတင်လှုပ်ရှားခဲ့တဲ့ ၁၉၁၈ ခုနှစ်ကို ယူပြီးတော့ ၂၀၁၈ ခုနှစ်မှာ ရာပြည့်လို့ သတ်မှတ်တာပါ၊ အခုပွဲဟာ မြန်မာနိုင်ငံမှာ ပထမဦးဆုံး လုပ်တာပါ၊ နှစ် ၁၀၀ အတွင်းမှာ ထုတ်ဝေခဲ့တဲ့ ပန်းချီစာအုပ်တွေ၊ ပန်းချီဆိုင်ရာ စာအုပ်စာတမ်းတွေနဲ့ ပတ်သက်တာတွေ ဆွေးနွေးမှာ ဖြစ်ပါတယ်"ဟု လောကအမြွန် ရည်ညွှန်းစာကြည့်တိုက်မှ ဦးကြည်ဝင်းက ပြောသည်။

အဆိုပါပွဲတွင် ရှားပါးပန်းချီစာအုပ်များ ပြသရောင်းချခြင်းများနှင့် မြန်မာ့ပန်းချီလောက ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝေဖန်မှုများ၊ ဈေးကွက်အခြေအနေ၊ ပြပွဲအခင်းအကျင်း၊ မြန်မာ့ပန်းချီအနာဂတ်အလားလာ အစရှိသည့် ခေါင်းစဉ်များဖြင့် ဆရာမောင်သာမည ဦးဆောင်၍ ဦးထွန်းရီ(ရှေးဟောင်းသုတေသီ)၊ ဦးစိုးညွန့်(ရာပြည့်စာအုပ်တိုက်)၊ ဦးကြည်ဝင်း(လောကအမြွန် ရည်ညွှန်းစာကြည့်တိုက်)တို့မှ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပန်းချီစာအုပ်များ ပြသရောင်းချမှုနှင့်ပတ်သက်၍ ဦးကြည်ဝင်းက "မြန်မာ ပန်းချီလောကက ဝါသနာရှင်တွေ တိုင်ပင်သုံးသပ်ချက်အရ ရှေးဟောင်း ပန်းချီဆိုင်ရာစာအုပ်တွေလေး၊ ငါးရာလောက် ရှိနိုင်ပါတယ်၊ အခုပြသထားတဲ့ ပန်းချီစာအုပ်တွေဟာ ကျွန်တော် နှစ်ပေါင်း ၅၀ လောက် စုဆောင်းခဲ့ရတဲ့ စာအုပ်တွေပါ၊ ပန်းချီဆိုင်ရာ စာအုပ်ပေါင်း ၂၄၀ လောက် ပြသထားပါတယ်"ဟု ဆက်လက်ပြောသည်။

အဆိုပါ ပန်းချီဆိုင်ရာစာအုပ်များ ပြပွဲ၊ ရောင်းချပွဲနှင့် ဆွေးနွေးပွဲများကို ယနေ့မှစ၍ မေ ၁၃ ရက်အထိ နံနက် ၁၁ နာရီမှ ညနေ ၅ နာရီအထိ ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ပန်းချီဆရာများ၏ အတ္ထုပ္ပတ္တိစာအုပ်၊ ပန်းချီရေးဆွဲနည်းစာအုပ်၊ ပြပွဲအခင်းအကျင်းစာအုပ်၊ ပန်းချီအကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးပွဲစာအုပ်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဇာနည်မောင်၊ အေးမင်းသူ**

# အီရတ်နိုင်ငံတစ်ဝန်းတွင် ပါလီမန်ဆိုင်ရာရွေးကောက်ပွဲ စတင်ကျင်းပ

**ဘဂ္ဂဒက် မေ ၁၂**
အီရတ်နိုင်ငံ၏ အထိအခိုက်မခံသော ငြိမ်းချမ်းရေးနှင့် နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် မျှော်လင့်ချက်များ မြင့်တက်လာစေသည့် နိုင်ငံတွင်းမှ အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေး အဖွဲ့(အိုင်အက်စ်)တို့အပေါ် အောင်ပွဲခံခဲ့ပြီဟူသည့် ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက် မေ ၁၂ ရက်တွင် နိုင်ငံတစ်ဝန်း၌ ပါလီမန်ဆိုင်ရာ ရွေးကောက်ပွဲမဲပေးမှုများကို စတင်ကျင်းပခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဂျီဟတ်ဝါဒီများသည် အီရတ်နိုင်ငံ၏လုံခြုံရေးကို အဓိကခြိမ်းခြောက်သူများအဖြစ် တည်ရှိနေခြင်းကြောင့် စစ်ဘေးဒဏ်သင့် အီရတ်နိုင်ငံတွင်းမှ မဲဆန္ဒရှင်များသည် ၎င်းတို့၏ လျှို့ဝှက်မဲပေးမှုများကို တင်းကျပ်သောလုံခြုံရေးအစီအမံများအောက်တွင် လုပ်ဆောင်ခဲ့ရသည်။

၂၀၁၅ ခုနှစ်အတွင်းက အနောက်အုပ်စုအင်အားကြီးနိုင်ငံများနှင့် အီရန်နိုင်ငံတို့အကြား ရရှိထားသည့် အဓိကကျသော နျူကလီးယားဆိုင်ရာ သဘောတူစာချုပ်မှ အမေရိကန်ပြည်ထောင်စုက နုတ်ထွက်သွားပြီးနောက် အမေရိကန်နှင့် အီရန်နိုင်ငံတို့ တင်းမာမှုများ တစ်ဟုန်ထိုးမြင့်တက်နေချိန်တွင် အီရတ်နိုင်ငံ၌ ပါလီမန်ရွေးကောက်ပွဲကို ကျင်းပခြင်းဖြစ်သည်။

အီရတ်နိုင်ငံတွင်းမှ အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေး(အိုင်အက်စ်)တို့ကို တိုက်ခိုက်ဖယ်ရှားပြီး ငါးလအကြာတွင် အီရတ်နိုင်ငံသားမဲဆန္ဒရှင် ၂၄ ဒသမ ၅ သန်းနီးပါးသည် တစ်စစီဖြစ်သော နိုင်ငံရေးမြင်ကွင်းသစ်ပြောင်းရွှေ့မှုနှင့် ကြုံတွေ့နေရသည်။ ၎င်းတို့မှာ အုပ်စိုးသူ ရှီးယိုက်မျိုးနွယ်များ၏ အကွဲအပြဲဖြစ်မှု၊ ကာ့ဒ်များ၏ ကစဥ့်ကလျားဖြစ်မှုနှင့် ဆွန်နီများကို ဘေးဖယ်ထားမှုများ ဖြစ်သည်။

**အေအက်ဖ်ပီ**



# ဝန်ကြီးချုပ် မိုဒီ နီပေါနိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်

**ခေတ္တမန္ဒူ မေ ၁၂**
အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် နီပေါနိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်ကာ အကြီးစား ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေး စီမံကိန်းကို ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းများအရ သိရသည်။

ဝန်ကြီးချုပ်မိုဒီနှင့် နီပေါနိုင်ငံဝန်ကြီးချုပ် ရှာမာအိုလီတို့သည် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းစဉ် စတင်အကောင်အထည်ဖော်ရန် အခြေခံအုတ်မြစ်ချပေးခဲ့သည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ တန်ဖိုးရှိမည့် အဆိုပါ ရေအားလျှပ်စစ်စက်ရုံသည် နီပေါနိုင်ငံ၏ အကြီးဆုံးသော စီမံကိန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေး စီမံကိန်းကြောင့် နီပေါနိုင်ငံအတွင်း စီးပွားရေး အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း ဝန်ကြီးချုပ်မိုဒီက ပြောကြားခဲ့သည်။

နီပေါနိုင်ငံတွင် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်း ငါးခုအနက် ယခုစီမံကိန်းသည် အိန္ဒိယနည်းပညာဖြင့် တည်ဆောက်မည့် ပထမဆုံးစီမံကိန်းဖြစ်သည်။ တည်ဆောက်မည့် စီမံကိန်းငါးခုအနက် တရုတ်နိုင်ငံက ရေအားလျှပ်စစ်စက်ရုံ နှစ်ရုံကို တာဝန်ယူ တည်ဆောက်မည် ဖြစ်သည်။

နီပေါနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများကို တရုတ်နှင့် အိန္ဒိယနိုင်ငံတို့က အပြိုင်အဆိုင် လုပ်ဆောင်လျက်ရှိသည်။ ၂၀၁၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံက အမေရိကန်ဒေါ်လာ ၃၁၇ မီလီယံကို ရင်းနှီးရန် ကမ်းလှမ်းထားစဉ် တရုတ်ကုမ္ပဏီများက ၈ ဒသမ ၃ ဘီလီယံကျော်ကို ရင်းနှီးမြှုပ်နှံရန် ကတိပြုခဲ့သည်။ ၂၀၁၇ ခုနှစ် မေလတွင် ပေကျင်း၏ one belt one road စီမံကိန်းကို သဘောတူညီ လက်မှတ်ရေးထိုးခဲ့သည်။

နီပေါနိုင်ငံသို့ ရောက်ရှိနေစဉ် ဝန်ကြီးချုပ်မိုဒီက အိန္ဒိယနိုင်ငံသည်လည်း နီပေါနိုင်ငံအတွက် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ဆန္ဒရှိကြောင်း ဝန်ကြီးချုပ်မိုဒီက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



# ရုရှားမဟာဗျူဟာ ဗုံးကြဲလေယာဉ်များ အာတိတ်သမုဒ္ဒရာပေါ်တွင် ပုံမှန်ပျံသန်းမှုပြုလုပ်

**မော်စကို မေ ၁၂**
ရုရှား၏ မဟာဗျူဟာ ဗုံးကြဲလေယာဉ်များနှင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး လေယာဉ်များသည် အာတိတ်သမုဒ္ဒရာ၊ ဘာရင်းပင်လယ်နှင့် အော်ခေါ့စ်ပင်လယ်ကောင်းကင်ယံတွင် ပုံမှန်ပျံသန်းမှုများပြုလုပ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်သည်။

ရုရှားလေတပ်မှ တီယူ-၉၅ အမ်အက်စ်အမျိုးအစား မဟာဗျူဟာ ဒုံးကျည်များသယ်ဆောင်နိုင်သည့် လေယာဉ်များနှင့် ရုရှားရေတပ်မှ တီယူ-၁၂၄ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးလေယာဉ်များသည် အာတိတ်သမုဒ္ဒရာ၊ ဘာရင်းပင်လယ်နှင့် အော်ခေါ့စ်ပင်လယ်ပြင်များပေါ်ရှိ နိုင်ငံတကာရေပြင်ထက်တွင် ပျံသန်းမှုပြုလုပ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကောက်နုတ်၍ တာ့စ်သတင်းဌာနက ဖော်ပြသည်။

ရုရှားလေတပ်မှ အသံထက်မြန်သည့် အမ်အိုင်ဂျီ-၃၁ အမျိုးအစား ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ်များနှင့် အက်စ်ယူ- ၃၅ ဂျက်တိုက်လေယာဉ်များကလည်း ပါဝင်ပျံသန်းခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ မဟာဗျူဟာ ဗုံးကြဲလေယာဉ်များနှင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးလေယာဉ်များက ၎င်းတို့ပျံသန်းစဉ်အတွင်း လောင်စာဆီဖြည့်တင်းခြင်းများကို လုပ်ဆောင်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

ရုရှားလေယာဉ်များ၏ ပုံမှန်ပျံသန်းမှုကို အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းများအား တိကျစွာလေးစားလိုက်နာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံနယ်နိမိတ်များကို ချိုးဖောက်ခဲ့ခြင်းမရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြသည်။

**ဆင်ဟွာ**

# ပြုံယမ်း၏နျူကလီးယားလက်နက် စမ်းသပ်ပစ်လွှတ်သည့်နေရာအား ရာသက်ပန်ပိတ်သိမ်းမည်


**ပြုံယမ်း မေ ၁၂**
မြောက်ကိုရီးယားနိုင်ငံက ၎င်း၏ နျူကလီးယားလက်နက် စမ်းသပ်လွှတ်တင်ရေးနေရာကို မေ ၂၃ ရက်နှင့် ၂၅ ရက်အတွင်း အပြီးတိုင်ဖျက်သိမ်းမည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ ပြောကြားခဲ့သည်။

အဆိုပါ ဒုံးကျည်ပစ်လွှတ်သည့်နေရာသည် နိုင်ငံ၏ အရှေ့မြောက်ပိုင်းတွင် တည်ရှိသည်။

နျူကလီးယားလက်နက်များ စမ်းသပ်ရာတွင် အသုံးပြုသည့် ဒုံးကျည်ပစ်လွှတ်ရေး ဥမင်လိုဏ်နေရာကို အပြီးတိုင်ဖျက်သိမ်းမည်ဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများက ဆိုသည်။

နိုင်ငံအတွင်းရှိ နျူကလီးယားလက်နက် စမ်းသပ်ရေးနေရာကို အပြီးတိုင် ဖျက်သိမ်းရာတွင် နိုင်ငံတကာမီဒီယာများကိုဖိတ်ခေါ်ကာ လာရောက်ကြည့်ရှုသတင်းယူခွင့်ပြုမည်ဖြစ်သည့်အပြင် အခမ်းအနားတစ်ရပ်အဖြစ် စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**






ဒုတိယသမ္မတ ဦးမြင့်ဆွေ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

☆ ရှေ့ဖုံးမှ

အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ကျင်းပသည့် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) ၏ တတိယအကြိမ် ဒေသတွင်းထုတ်ကုန်ပစ္စည်းများ ပြပွဲနှင့် ပြိုင်ပွဲသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ထုတ်ကုန်များ အရည်အသွေးမြှင့်တင်နိုင်ရေး၊ ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် ရေရှည်ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာစေရေးအတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ပထမအကြိမ် ပြပွဲနှင့် ပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်က မန္တလေးမြို့တွင် မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အတွင်းရှိ MSME များပူးပေါင်း၍ လည်းကောင်း၊ ဒုတိယအကြိမ် ပြပွဲနှင့် ပြိုင်ပွဲကို ၂၀၁၈ ခုနှစ် မတ် ၂၄ ရက်က မကွေးမြို့တွင် မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ MSME များ ပူးပေါင်း၍လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း။

တတိယအကြိမ်အဖြစ် ဧရာဝတီတိုင်းဒေသကြီးတွင် ကျင်းပခြင်းဖြစ်ပြီး ယခု ပြပွဲပြိုင်ပွဲပြီးလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များတွင် ယခုလို MSMEs ထုတ်ကုန်များ ဒေသတွင်းပြပွဲနှင့် Regional Award ပြိုင်ပွဲများကို အလှည့်ကျဖြင့် ဆက်တိုက်ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ ဒေသအလိုက် ပြိုင်ပွဲများတွင် ဆုများကို Micro၊ Small နှင့် Medium စသဖြင့် လုပ်ငန်းအရွယ်အစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ ဆုရရှိသူများကိုလည်း ပြိုင်ပွဲ၏ နောက်ဆုံးပိတ်ပွဲအခမ်းအနားတွင် နိုင်ငံတော်က အသိအမှတ်ပြုသည့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် Regional Award ဆု ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း။

## ပြုပြင်ပြောင်းလဲလုပ်ကိုင်

စီးပွားရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်အနေဖြင့် ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသောလုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်ဆိုသည့်အချက်များကို နိုင်ငံတော်၏ စီးပွားရေးမူဝါဒများတွင် ထည့်သွင်းချမှတ်ထားပါကြောင်း၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ SME Agency၊ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့စသည့် အဖွဲ့အစည်းများကို ဖွဲ့စည်းပြီး အဆိုပါအဖွဲ့များ၏ လုပ်ငန်းတာဝန်များအရ SME ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတစ်ဝန်းလုံးတွင် ဘက်ပေါင်းစုံက ဟန်ချက်ညီညီ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် ပျံ့နှံ့နေသည့် ၉၉ ရာခိုင်နှုန်းသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက်လည်း SME Agency များ၊ SME ချေးငွေစိစစ်ရေးကော်မတီများဖွဲ့စည်းပြီး မိမိတို့ဒေသအလိုက် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို Stakeholder အားလုံးပါဝင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

## အကျိုးကျေးဇူးများရရှိ

နိုင်ငံတော်က ယခုလိုပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပပေးခြင်းအားဖြင့် ပြည်တွင်းစားသုံးသူများအနေဖြင့် MSME များ၏ ထုတ်ကုန်များကို အကဲဖြတ်လေ့လာနိုင်ခြင်း၊ MSME များ၏ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်မှုများကို MSME များအချင်းချင်း သိရှိစေနိုင်ခြင်း၊ အတုယူလေ့လာနိုင်ခြင်း၊ ဆန်းသစ်တီထွင်မှုရှိသည့် စိတ်ကူးကောင်းများဖော်ထုတ်ပြီး မိမိထုတ်လုပ်မှုလုပ်ငန်းစဉ် Supply Chain တစ်လျှောက် ဆက်စပ်ပတ်သက်နေသည့်အခြား MSMEများနှင့် ပေါင်းစပ်လုပ်ကိုင်လာနိုင်ခြင်း၊ ပျောက်ကွယ်လုနီးနီးဖြစ်နေပြီး တိမ်မြုပ်နေသည့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ရိုးရာအစားအသောက်များကို ဖော်ထုတ်အဆင့်မြှင့်တင်နိုင်ခြင်း၊ ဒေသအချင်းချင်း ပေါင်းစည်းလုပ်ကိုင်လာနိုင်ခြင်း၊ ဒေသတစ်ခု၏လိုအပ်ချက်ကို အခြားဒေသ အားသာချက်များမှ ထုတ်ယူသုံးစွဲနိုင်ခြင်း၊ ပေါင်းစည်းဆောင်ရွက်မှုများမှ International အဆင့် တက်လှမ်းနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိကြမည်ဖြစ်ပါကြောင်း။

ထို့ပြင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ အစည်းအဝေးများကိုလည်း ယခုလို ပြပွဲပြိုင်ပွဲကာလအတွင်း ကျင်းပလျက်ရှိရာမှာ သက်ဆိုင်ရာ တိုင်းဒေသကြီးအတွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျကျ ကူညီထောက်ပံ့ဆောင်ရွက်နိုင်ရန် Stakeholder များနှင့် MSME လုပ်ငန်းရှင်များအားလုံး ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း။

SME လုပ်ငန်းများအနေဖြင့် ကုန်ကြမ်းပစ္စည်းများကို နည်းပညာအခြေခံပြီး အရည်အသွေးမီ တန်ဖိုးမြှင့်ထုတ်လုပ်မှု (Value Added) လုပ်ငန်းများ၊ အခြေခံထုတ်လုပ်မှုနည်းစဉ်သုံး (Root Industries) လုပ်ငန်းများ၊ နိုင်ငံတကာအဆင့်မီ ထုပ်ပိုးမှုလုပ်ငန်းများနှင့် ထုပ်ပိုးမှုပုံစံ (Packing Design)များ ကောင်းမွန်စေရန် ကြိုးစားဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ထို့ပြင် ထုတ်ကုန်များ အရည်အသွေးကောင်းမွန်စေရန်၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီစေရန်တို့အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး သုတေသနပြုလုပ်ခြင်း၊ ဆန်းသစ်တီထွင်ထုတ်လုပ်ခြင်းနှင့် အရောင်းမြှင့်တင်ရေး အစီအစဉ်များ ဆောင်ရွက်ခြင်းဖြင့် ဈေးကွက်သစ်ဖော်ထုတ်နိုင်ရန်အတွက်လည်း သက်ဆိုင်ရာဌာနများက အားပေးကူညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်အညီ မိမိတို့၏ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာရာမှတစ်ဆင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန်နှင့် ပြည်တွင်းဈေးကွက်ချဲ့ထွင်နိုင်ခြင်းမှတစ်ဆင့် ပို့ကုန်ဦးစားပေးထုတ်ကုန်များ ထုတ်လုပ်လာနိုင်ရန် ရည်မှန်းချက်ထားရှိပြီး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က တိုင်းဒေသကြီးအတွင်းရှိ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs)၏ တတိယအကြိမ် ဒေသတွင်းထုတ်ကုန် ပစ္စည်းပြပွဲ၊ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ယင်းနောက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် ဒုတိယဝန်ကြီး ဦးအောင်ထူးတို့က အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs)၏ တတိယအကြိမ် ဒေသတွင်းထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ကုမ္ပဏီများက လှူဒါန်းသည့် အလှူငွေများကို လက်ခံကြပြီး အလှူရှင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ကျော်တို့က အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs)၏ ဒေသတွင်း ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ပြိုင်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန် ပစ္စည်းပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

တတိယအကြိမ် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs)၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းပြပွဲနှင့်ပြိုင်ပွဲကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စက်မှုဝန်ကြီးဌာနတို့ပူးပေါင်း၍ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

## ခင်းကျင်းပြသရောင်းချ

ယခုပြပွဲပြိုင်ပွဲတွင် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင် ၈၆ ဦးက ပြခန်းပေါင်း ၁၆၁ ခန်းဖွင့်လှစ်ပြီး ဒေသထုတ်ကုန်ပစ္စည်းများအပါအဝင် ရိုးရာအစားအစာနှင့် ဖျော်ရည်အမျိုးမျိုး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ စက်မှု၊ လက်မှု ပစ္စည်းများ၊ လျှပ်စစ်နှင့် အိုင်တီနည်းပညာသုံး ပစ္စည်းများကို ခင်းကျင်းပြသရောင်းချပေးလျက်ရှိသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ပုသိမ်မြို့ အမှတ်(၄)ရပ်ကွက် ကုန်သည်လမ်းနှင့် ဥမ္မာဒန္တီလမ်းထောင့်ရှိ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (SMIDB) ပုသိမ်ဘဏ်ခွဲ၌ ကျင်းပသည့် SME Center ဖွင့်လှစ်ခြင်းနှင့် စိုက်ပျိုးရေးချေးငွေထုတ်ချေးခြင်းအခမ်းအနားသို့ တက်ရောက်ပြီး SME Center ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ပုသိမ်-ငွေဆောင်လမ်း မိုင်တိုင်အမှတ် (၁၇)ရှိ သစ်တောဦးစီးဌာန၏ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းသို့ရောက်ရှိပြီး ပျဉ်းကတိုးစိုက်ခင်းဧက ၃၅၀ စိုက်ပျိုးရန်ဆောင်ရွက်ထားရှိမှုနှင့် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များစိုက်ပျိုးထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာရာ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ပုသိမ်-ငွေဆောင်လမ်း မိုင်တိုင်အမှတ် (၁၉)ရှိ ငွေဆောင်အပန်းဖြေဆင်စခန်းသို့ရောက်ရှိရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘက ငွေဆောင်ဆင်စခန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

## ချိတ်ဆက်ပူးပေါင်း

ယင်းနောက် ဒုတိယသမ္မတက ဧရာဝတီတိုင်းဒသကြီးနှင့် ရခိုင်ပြည်နယ်တို့သည် တောဆင်ရိုင်းများကျက်စားနေထိုင်ရာ သစ်တောကြိုးဝိုင်းများ ပေါများစွာရှိသဖြင့် တောဆင်ရိုင်းများ အများဆုံးကျက်စားနေထိုင်သည့် ဒေသများဖြစ်ပါကြောင်း၊ တောဆင်ရိုင်းများကို စနစ်တကျထိန်းသိမ်းရန်နှင့် တောဆင်ရိုင်းများကို ဆင်မုဆိုးများ၏ သတ်ဖြတ်မှုမှကာကွယ်နိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဆင်များကို အစာကျွေးပြီး အပန်းဖြေစခန်း၌ ရတနာတန်းဝင် ကျွန်းပင်ကို အမှတ်တရစိုက်ပျိုးပေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ငွေဆောင်ကမ်းခြေ Aureum Palace Hotel ၌ ကျင်းပသည့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုအခြေအနေနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ဧရာဝတီတိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က ပင်လယ်ကမ်းရိုးတန်း သယံဇာတ ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်းပြီး နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ပင်လယ်ကန်းရိုးတန်း သယံဇာတများ ရေရှည်တည်တံ့ပြီး ဂေဟစနစ်များ မပျက်အောင်၊ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာစောင့်ထိန်းရန်လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာသည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများသည် ပင်လယ်ကမ်းရိုးတန်းရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သက်ဆိုင်ရာအစိုးရများနှင့် ညှိနှိုင်းလျက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် သတ်မှတ်စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ငွေဆောင်ကမ်းခြေ သာယာလှပရန် ဆောင်ရွက်ထားမှုများကို ကြည့်ရှုခဲ့သည်။

**သတင်းစဉ်**

# ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး အခြေပြုခရီးသွားလုပ်ငန်း

## ခိုင်ယဉ်မွန်သန့်(ဟိုတယ်/ခရီး)

ခရီးသွားလုပ်ငန်းသည် ပုံစံအမျိုးမျိုးသော အလုပ်အကိုင်များကို ဖန်တီးပေးရုံသာမကဘဲ ခရီးသွားလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာဒေသများတွင် အခြေခံအဆောက်အအုံနှင့် အပေါ်ထပ်အဆောက်အအုံတို့ကို ဖွံ့ဖြိုးတိုးတက်လာစေပါသည်။ တစ်ဖက်မှာလည်း ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ထိန်းသိမ်းလာစေပါသည်။ ရိုးရာယဉ်ကျေးမှုများနှင့် ရိုးရာအစားအစာများကိုလည်း မြှင့်တင်ပေးရာရောက်ပြီး ဒေသခံပြည်သူလူထုကိုလည်း အသိပညာဗဟုသုတ တိုးမြင့်စေပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထူးကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် မမေ့လျော့သင့်သော အချက်များမှာ ခရီးစဉ်ဒေသတွင်း စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်များ မထိခိုက်အောင်၊ Negative Impact ကို နည်းနိုင်သမျှ နည်းအောင်၊ Positive Impact ကို များများရရှိအောင် ဆောင်ရွက်နိုင်မှသာလျှင် Sustainable Tourism ဟုခေါ်သည့် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးစဉ်များ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်း အမျိုးအစားများထဲမှ Ecotourism ခေါ် သဘာဝအခြေခံခရီးသွားလုပ်ငန်းသည် ဇီဝမျိုးစုံမျိုးကွဲများ အပါအဝင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူလူထု၏ အလုပ်အကိုင် အခွင့်အလမ်းကို တိုးပွားစေခြင်းနှင့် ဝင်ငွေတိုးတက်လာခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။

ထို့ကြောင့် သစ်တောကြိုးဝိုင်းများအတွင်း Ecotourism ဖော်ဆောင်ခြင်းဖြင့် သစ်တောများကို ကာကွယ်ပြီးဖြစ်သည့်အပြင် တောရိုင်းတိရစ္ဆာန်များအား သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်းများကိုလည်း လျော့နည်းစေမည်ဖြစ်သည့်အတွက် သဘာဝနှင့် စီးပွားပတ်ဝန်းကျင်ကိုအကျိုးပြုသော အဓိကကျသည့် လုပ်ငန်းတစ်ခု ဖြစ်ပါသည်။

၂၀၁၇ ခုနှစ်အစပိုင်း ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏လိုအပ်ချက်အရ သစ်ထုတ်လုပ်ခြင်းကို တစ်နိုင်ငံလုံးရပ်နားထားပြီး ပဲခူးရိုးမအတွင်း သစ်ထုတ်လုပ်ခြင်းကို ၁၀ နှစ်အထိ ရပ်နားခဲ့ပါသည်။ ထိုသို့ရပ်ဆိုင်းထားစဉ်အတွင်း ဆင်စခန်းများသို့ အများပြည်သူများ လာရောက်လေ့လာ လည်ပတ်နိုင်အောင် ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းသည် ကောင်းမွန်သော လုပ်ဆောင်ချက်တစ်ခု ဖြစ်ပါသည်။ မြန်မာ့ဆင်များသည် နိုင်ငံ့သမိုင်း၊ ယဉ်ကျေးမှုနှင့် စီးပွားရေးကဏ္ဍများတွင် အစဉ်အဆက်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ဆင်များမှာ နိုင်ငံတစ်နိုင်ငံ အုပ်ချုပ်သူအစိုးရ/မင်းတို့၏ ဩဇာတိက္ကမအဖြစ်သော်လည်းကောင်း၊ အလှူအတန်း၌ မြင့်မြတ်သောပြယုဂ်အဖြစ်သော်လည်းကောင်း၊ လုပ်ငန်းခွင်၌ အင်အားတစ်ခုအနေဖြင့်






(သစ်ဆွဲခြင်း၊ သစ်အောင်းခြင်း၊ ရေလိုက်ခြင်း) စသည်ဖြင့် ထည်ဝါစွာ ရပ်တည်လျက်ရှိပါသည်။ ၎င်းကဲ့သို့ အရေးပါလှသော ဆင်များအား နိုင်ငံ၏ အဖိုးတန်ရတနာသဖွယ် ထိန်းသိမ်းစောင့်ရှောက်ရန် အထူးပင် တာဝန်ရှိပါသည်။

အချို့သစ်ထုတ်လုပ်ခြင်း အမာခံဆောင်ရွက်နေသည့် ဒေသများမှ အချို့ကိုပိတ်သိမ်းပြီး အချို့အား ပေါင်းစည်းခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် ဌာနပိုင်ဆင် ၃၀၀၀ ကျော်ကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်သော် လည်းကောင်း၊ ပိတ်သိမ်းလိုက်သောဒေသများရှိ ကျန်ရှိခဲ့သော ဌာနဆင်များ၊ ဆင်ဦးစီးများ၏ အနာဂတ်နှင့် လူမှုဖူလုံရေးအတွက် အခြားသော အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးရန်အလို့ငှာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစ၍ သယံဇာတနှင့် သစ်တောရေးရာဝန်ကြီးဌာနအတွင်း ဆွေးနွေးပွဲများပြုလုပ်ပြီး (Elephant Conservation Based Tourism – ECBT) စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် မြန်မာ့သစ်လုပ်ငန်းပိုင် ဆင်ကောင်ရေ ၂၀၅ ကောင်ဖြင့် အမြဲတမ်းဆင်စခန်း၊ ယာယီဆင်စခန်းများ ဖွင့်လှစ်၍ သဘာဝခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြုခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ခရီးသွားလုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်များ၊ ဆင်စခန်းများကို စိတ်ပါဝင်စားသူများ ပါဝင်သော ဆွေးနွေးပွဲကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) တော်ဝင်ခန်းမ အင်းစိန်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပခဲ့ပါသည်။ ဆင်စခန်းများသို့ ခရီးသွား (ပြည်တွင်း/ပြည်ပ) ဧည့်သည်များ အဆင်ပြေလာရောက်နိုင်ရေး၊ ရေရှည်တည်တံ့ရေး၊ ဆင်စခန်းများမှ ပေးနိုင်သော ဝန်ဆောင်မှုများ စသည်ဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ဆွေးနွေးခဲ့ကြပါသည်။ ခရီးသွားကဏ္ဍများမှလည်း ခရီးစဉ်အသစ်များ ပေါ်ထွန်းလာရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးများ အထူးဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်မှ ယခုကာလအထိ ဆင်စခန်းပေါင်း ၁၈ ခုကို ဆင်ကောင်ရေ ၂၀၅ ကောင်ဖြင့် အကောင်အထည်ဖော် ဖွင့်လှစ်ခဲ့ပါသည်။

၁။ မြိုင်ဟေဝန်(သာယာဝတီ) ၂၅ ကောင်၊ ၂။ ဖိုးကျား (တောင်ငူ) ၁၄ ကောင်၊ ၃။ နတ်ပေါက် (ကသာအနောက်) ၁၉ ကောင်၊ ၄။ ပျားစွဲ (မော်လိုက်အနောက်) ကိုးကောင်၊ ၅။ ဝဲမ (ဗန်းမော်) ငါးကောင်၊ ၆။ မျှော်ယောကြီး (ပဲခူး) ၂၄ ကောင်၊ ၇။ တလယ် (ရခိုင်ပြည်နယ်) ၁၉ ကောင်၊ ၈။ ဝင်္ဂဘော်(ပဲခူး) ၁၉ ကောင်၊ ၉။ နတ်မှော်(ပြည်) ငါးကောင်၊ ၁၀။ သစ်ကတိုးအိုင်(ပုသိမ်) လေးကောင်၊ ၁၁။ မိုးမခ (ပုသိမ်) ခုနစ်ကောင်၊ ၁၂။ ငလိုက်စခန်းသာ (ပြည်ထောင်စုနယ်မြေ) ၂၀ ကောင်၊ ၁၃။ မုက္ခာ (သာယာဝတီ) ၁၃ ကောင်၊ ၁၄။ ဒေါက်တာဘရန်းဒစ် (ပြည်) သုံးကောင်၊ ၁၅။ ဒီးဒုတ် (ပြင်ဦးလွင်) ရှစ်ကောင်၊ ၁၆။ ရှမ်းရိုးမ (တောင်ကြီး) ရှစ်ကောင်၊ ၁၇။ ပုလင်းကမ်းသာယာ (ညောင်ဦး) ခြောက်ကောင်၊ ၁၈။ ဝါးနက်(မန္တလေး) ခြောက်ကောင်တို့ ဖြစ်ပါသည်။

၎င်းဆင်စခန်း ၁၈ ခုအနက်မှ ရန်ကုန်မြို့မှ သွားလာရလွယ်ကူသော ဝင်္ဂဘော်ဆင်စခန်း၏ တည်နေရာမှာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း ဘုရားကြီးလမ်းနှင့် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် ၃၉ သို့ ဆက်သွယ်ထားသည့် ကွန်ကရစ်လမ်းပေါ်တွင် တည်ရှိပြီး ဘုရားကြီးလမ်းမှ လေးမိုင်၊ အမြန်လမ်းမကြီးမှ တစ်မိုင်ခွဲခန့်အကွာတွင် တည်ရှိပါသည်။ ယခုလက်ရှိ ဆင်ကြီး ရှစ်ကောင်၊ အမိရှိ ဆင်ကလေး လေးကောင်နှင့် အမိမဲ့ဆင်ကလေး ခြောက်ကောင် စုစုပေါင်း ၁၈ ကောင်တို့အား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

ဝင်္ဂဘော်ဆင်စခန်းတွင် ခရီးသွားဧည့်သည်များအတွက် အမိမဲ့ဆင်ကလေးများအား အခမဲ့ နို့ဘူးတိုက်နိုင်ခြင်း၊ ဆင်စီးနိုင်ခြင်း၊ ဆင်များအား ကိုယ်တိုင်ရေချိုးပေးနိုင်ခြင်း၊ ဆင်များ၏ သရုပ်ပြမှုကို ကြည့်ရှုနိုင်ခြင်း၊ ဆင်စာများကျွေးနိုင်ခြင်း၊ ဆင်များအား ဘူဖေးကျွေးနိုင်ခြင်း၊ ဆင်များနှင့် ဓာတ်ပုံ၊ ဗီဒီယို ရင်းနှီးစွာရိုက်ကူးနိုင်ခြင်း စသည်တို့ကို ပြုလုပ်နိုင်ပါသည်။ အစားအသောက်များ သုံးဆောင်လိုပါက တစ်ရက်ကြိုတင်မှာကြားလျှင် ချက်ပြုတ်ပြင်ဆင်ပေးပါသည်။ ဆင်စီးချိန်မှာ မနက်ပိုင်း ၈ နာရီ ၄၅ မိနစ်မှ နံနက် ၁၁ နာရီခွဲအထိ၊ ညနေ ၄ နာရီခွဲမှ ညနေ ၆ နာရီအထိ စီးနင်းနိုင်ပါသည်။

> ဝင်္ဂဘော်ဆင်စခန်းတွင် ခရီးသွားဧည့်သည်များအတွက် အမိမဲ့ဆင်ကလေးများအား အခမဲ့ နို့ဘူးတိုက်နိုင်ခြင်း၊ ဆင်စီးနိုင်ခြင်း၊ ဆင်များအား ကိုယ်တိုင်ရေချိုးပေးနိုင်ခြင်း၊ ဆင်များ၏ သရုပ်ပြမှုကို ကြည့်ရှုနိုင်ခြင်း၊ ဆင်စာများကျွေးနိုင်ခြင်း၊ ဆင်များအား ဘူဖေးကျွေးနိုင်ခြင်း၊ ဆင်များနှင့် ဓာတ်ပုံ၊ ဗီဒီယို ရင်းနှီးစွာရိုက်ကူးနိုင်ခြင်း စသည်တို့ကို ပြုလုပ်နိုင်ပါသည်။

ယနေ့ ခရီးသွားကဏ္ဍတွင် ပြည်ပဧည့်သည်သာမက ပြည်တွင်းခရီးသွားလည်း တစ်စထက်တစ်စ တိုးလာလျက်ရှိပါသည်။ နေ့စဉ်မွန်းကျပ်လျက်ရှိသော လူမှုဘဝဒုက္ခအပေါင်းမှ ခေတ္တရှောင်ရှားရန်အတွက်သော်လည်းကောင်း၊ ဗဟုသုတအသစ်အဆန်းများ ရရှိရန်သော်လည်းကောင်း၊ စိတ်အပန်းဖြေရန်သော်လည်းကောင်း ခရီးသွားခြင်းကို ယခင်ထက် ပိုမို၍ ပြုလုပ်လာကြပါသည်။ ထို့ကြောင့် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြုခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနအသီးသီးနှင့် ခရီးသွားဧည့်သည်အပေါင်းတို့မှ ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆန္ဒပြုရင်း။ ။

# အိမ်ခြံမြေအရောင်းပြပွဲကြီးတွင် အရစ်ကျချေးငွေစနစ်ဖြင့် ဝယ်ယူနိုင်

**ရန်ကုန် မေ ၁၂**

အိမ်ခြံမြေနှင့် ဆောက်လုပ်ရေးကုမ္ပဏီပေါင်း ၅၀ ကျော်မှ ပါဝင်ပြသသည့် မြန်မာနိုင်ငံ၏ အကြီးဆုံးအိမ်ခြံမြေအရောင်းပြပွဲကြီးတွင် အခန်းများကို အရစ်ကျချေးငွေစနစ်ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

အဆိုပါ ပြပွဲကြီးကို ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် မေ ၁၁ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြုလုပ်ခဲ့သည်။ ပြပွဲတွင် ကျပ်သိန်း ၂၀၀ ကျော်မှစသော တိုက်ခန်းများ၊ ကျပ်သိန်း ၅၀၀ ကျော်မှ ကျပ်သိန်း ၅၀၀၀ ကျော်အထိ ကွန်ဒိုအခန်းများ စသည့် အခန်းပေါင်း ၅၀၀၀ ကျော်ကို ပြသခဲ့သည်။ ယင်းပြပွဲကို မေ ၁၃ ရက်အထိ သုံးရက်ကြာ ပြုလုပ်သွားမည်ဖြစ်သည်။

ပြပွဲသုံးရက်အတွင်း ဝယ်ယူပါက အထူးလျှော့စျေးများ ရယူနိုင်သည့်အပြင် ကမ္ဘောဇဘဏ်၊ ဧရာဝတီဘဏ်၊ ရိုးမဘဏ်များမှလည်း အရစ်ကျအိမ်ရာချေးငွေများကို တစ်နှစ်မှ ၂၅ နှစ်အထိ ပေးသွားမည်ဖြစ်သည်။ ထို့ပြင် အရစ်ကျချေးငွေများ ရယူနိုင်ရန်အတွက် ကနဦးပေးရငွေကိုလည်း ဘဏ်များမှ လျှော့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြပွဲမှာ အိမ်ခြံမြေလိုချင်တဲ့ မိဘပြည်သူတွေက လာကြည့်မယ်၊ ကြိုက်တဲ့အိမ်ခြံမြေ တွေ့တယ်ဆိုရင် ဘဏ်နဲ့တစ်ခါတည်း ချိတ်ဆက်ပြီးတော့ အိမ်ရာချေးငွေရရှိအောင် လုပ်ဆောင်သွားလို့ရတယ်၊ အိမ်ရာချေးငွေကိုလည်း တစ်နှစ်ကနေ အများဆုံး ၂၅ နှစ်အထိ ချေးလို့ရတယ်ပေါ့၊ နောက်ထပ်တစ်ခုက ဒီပြပွဲအတွင်းမှာ ဝယ်တယ်ဆိုရင် အထူးလျှော့စျေးပေးသွား မှာ ဖြစ်ပါတယ်" ဟု iMyanmarHouse.com မှ မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူက ပြောသည်။

ထို့ပြင် အိမ်ခြံမြေလုပ်ငန်းနှင့်ပတ်သက်သည့် အသိပညာ ဗဟုသုတများကိုလည်း အသိပညာရှင်၊ အတတ်ပညာရှင်များက ဟောပြောသည့် အစီအစဉ်များလည်း ပါဝင်ခဲ့သည်။ အဆိုပါပြပွဲသို့ မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ခင်ဇာလီ**

# မြန်မာအတိုင်းအတာယူနစ်များနှင့် ဗြိတိသျှအတိုင်းအတာယူနစ်များ၏ ဆက်စပ်မှု

ဝင်းချစ်(အမျိုးသားစာပေဆုရ)

မြန်မာဘုရင်များလက်ထက်က သတ်မှတ်ထားခဲ့သော ချင်တွယ်သည့် ယူနစ်များ (ချင့်ဝန်များ) အလေးချိန်ယူနစ်များ၊ အရှည်တိုင်းသည့် အတိုင်းအတာယူနစ်များနှင့် အချိန်ယူနစ်များ (မြန်မာယူနစ်များ)၏ အသုံးပြုမှုသည် ဗြိတိသျှများ ကြီးစိုးခဲ့ချိန်မှအစပြု၍ တစ်စထက်တစ်စ လျော့နည်းလာခဲ့ပါသည်။ ခရာ၊ ပြန်၊ ဗီဇနာ၊ ပါဒ်စသည့် အချိန်ယူနစ်များကို လုံးဝအသုံးမပြုကြတော့သကဲ့သို့ အတိုင်းအတာယူနစ်များမှလည်း တောင်နှင့် ထွာကိုသာလည်းကောင်း၊ အလေးချိန်ယူနစ်များမှလည်း ရွေး၊ ပဲ၊ မူး၊ မတ်၊ ကျပ်၊ ပိဿာများကိုသာလည်းကောင်း အသုံးပြုကြပါတော့သည်။

မြန်မာအတိုင်းအတာယူနစ်များမှ တောင်နှင့် ထွာကို အဝတ်စများ ရောင်းချခြင်းနှင့် အင်္ကျီများချုပ်ရာတွင် အသုံးပြုကြပြီး တစ်တောင်လျှင် တစ်ပေခွဲ (၁၈ လက်မ)နှင့် တစ်တောင်တွင် နှစ်ထွာရှိကြောင်း စာရေးသူတို့ငယ်စဉ်ကပင် မှတ်သားကျင့်သုံးခဲ့ကြပါသည်။ ထို့ကြောင့် စာရေးသူပြုစုထုတ်ဝေခဲ့သော "ယူနစ်များအကြောင်း သိကောင်းစရာ" စာအုပ် (ဇန်နဝါရီ ၂၀၁၃) ၌ တစ်တောင်တွင် ၁၈ လက်မနှင့် တစ်ထွာတွင် ၉ လက်မရှိသည်ဟု ဖော်ပြခဲ့ပြီး အောက်ပါ မြန်မာအတိုင်းအတာယူနစ်များအရ တစ်ယူဇနာတွင် ၁၂ ဒသမ ၇၂ မိုင် ရှိသည်ဟု တွက်ချက်ပြခဲ့ပါသည်။

အရှည်တိုင်းသည့် မြန်မာယူနစ်များ

| | | | | |
|---|---|---|---|---|
| ၁၀ | ဆံခြည် | = | ၁ | နှမ်း |
| ၆ | နှမ်း | = | ၁ | မုယော |
| ၄ | မုယော | = | ၁ | လက်သစ် |
| ၈ | လက်သစ် | = | ၁ | မိုက် |
| ၃ | မိုက် | = | ၁ | တောင် |
| ၇ | တောင် | = | ၁ | တာ |
| ၂၀ | တာ | = | ၁ | ဥသဘ |
| ၂၀ | ဥသဘ | = | ၁ | ကောသ |
| ၄ | ကောသ | = | ၁ | ဂါဝုတ် |
| ၄ | ဂါဝုတ် | = | ၁ | ယူဇနာ |

ရင်းမြစ်။ ။မြန်မာအဘိဓာန် (ဒုတိယအကြိမ်) မြန်မာစာအဖွဲ့ ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ၂၀၀၈ ခုနှစ် ဩဂုတ်လ။

## ယူဇနာ

ငယ်စဉ်ကပင် သေချာမှတ်သားကျင့်သုံးခဲ့ခြင်းကြောင့် မည်သည့်အထောက်အထားကိုမျှ မရှာဖွေတော့ဘဲ တစ်တောင်လျှင် ၁၈ လက်မဖြင့်သာ တွက်ချက်ခဲ့ခြင်းဖြစ်ပါသည်။ တစ်ယူဇနာတွင် ၁၃ မိုင်ခန့်ရှိနေခြင်းကြောင့် မိမိရရှိလိုက်သည့် ရလဒ်ကိုလည်း ကျေနပ်ခဲ့မိပါသည်။ အကြောင်းမှာ ဆရာတော်ကြီးများက မြတ်စွာဘုရားသခင် ဒေသစာရီကြွတော်မူသည့် အကြောင်းများကို ဟောပြောရာတွင် မြို့တစ်မြို့နှင့်တစ်မြို့၏ အကွာအဝေးကို ယူဇနာဖြင့် ပြောလေ့ရှိပြီး တစ်ယူဇနာကို အကြမ်းဖျင်း ၁၃ မိုင်ခန့် ရှိသည်ဆိုသော ဟောပြောမှုများကို သေသေချာချာ မှတ်မိနေခြင်းကြောင့် ဖြစ်ပါသည်။

## မြန်မာယူနစ် မြန်မာအတိုင်းအတာ

မြန်မာနိုင်ငံသို့ ခေတ္တရောက်ရှိနေသော အမေရိကန်မှ မိတ်ဆွေတစ်ဦးနှင့် မြန်မာအတိုင်းအတာများအကြောင်း စကားစပ်မိကြရာတွင် မြန်မာယူနစ်များနှင့် ဗြိတိသျှယူနစ်များ၊ မက်ထရစ်ယူနစ်များ၏ ဆက်စပ်မှုများကို ဖော်ပြထားသော စာအုပ်တစ်အုပ် ၎င်းထံတွင်ရှိကြောင်း၊ ၎င်း၏ ဖခင်ကြီးထံမှ ရရှိထားသော စာအုပ်ဖြစ်ကြောင်းပြောပြရာ စာရေးသူက ဖတ်ရှုလိုကြောင်း ပြောလိုက်သဖြင့် မြန်မာပြည်သို့ နောက်တစ်ခေါက်လာသည့်အခါတွင် မိတ္တူကူးပြီး ယူလာပေးပါသည်။ ထိုစာအုပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၊ ဘဏ္ဍာရေးနှင့် အခွန်ဌာနက ထုတ်ဝေခဲ့သော "တွက်ချက်မှုအမျိုးမျိုးနှင့်ပတ်သက်သည့် စံနှုန်းများ" ဖြစ်ပါသည်။ တန်ဖိုးမှာ ၁ ကျပ် ၅၀ ပြားဖြစ်ပြီး ထုတ်ဝေသည့် ခုနှစ်ကို ရှာ၍မတွေ့ပါ။ အဆိုပါစာအုပ်တွင် အပိုင်း(က)မှ အပိုင်း(ည) အထိ ပါရှိကာ အပိုင်း(ဂ)တွင် "အလျားအတိုင်းအတာစံနှုန်းများ" နှင့် "အလျားတိုင်းတာပုံ နှိုင်းယှဉ်ချက်စံနှုန်းများ"နှင့် သက်ဆိုင်သည့် ဇယားများပါရှိပါသည်။ မြန်မာအလျားများနှင့် အင်္ဂလိပ်အလျားများ၏ တိုင်းတာပုံနှိုင်းယှဉ်ချက် စံနှုန်းများဇယား (စာ-၇၄၊ ၇၅) ၌ တစ်ထွာသည် သုည ဒသမ ၇၅ ပေ၊ တစ်တောင်သည် ၁ ဒသမ ၅ ပေနှင့်ညီမျှပြီး တစ်ယူဇနာသည် ၁၂ ဒသမ ၇၂ မိုင်နှင့် ညီမျှကြောင်း ဖော်ပြထားပါသည်။ ထို့ကြောင့် စာရေးသူ၏ "ယူနစ်များအကြောင်း သိကောင်းစရာ စာအုပ်"တွင် ပါရှိသည့်အတိုင်းပင် ဖြစ်နေပါသည်။ ၎င်းအပြင် အထက်တွင် ဖော်ပြခဲ့သော မြန်မာအတိုင်းအတာယူနစ်များတွင် မပါရှိသည့် "တိုင်"နှင့် "ရာတွင်း" ယူနစ် နှစ်ခုကို တွေ့ရှိရပါသည်။ (ရာတွင်းကို ယဒွင်းဟု အသံထွက်သည်။) တစ်တိုင်တွင် တာ ၁၀၀၀ ရှိပြီး တစ်ရာတွင်းတွင် တာ ၁၀၀ ရှိသည်။ စာရေးသူငယ်စဉ်က မိဘဘိုးဘွား ဆွေမျိုးများ ၎င်းတို့ဒေသမှ ရွာများအကြောင်း ပြောဆိုကြရာတွင် ရွာတစ်ရွာနှင့် တစ်ရွာ၏ အကွာအဝေးကို နှစ်တိုင်ဝေးသည်၊ ငါးရာတွင်းဝေးသည် စသည်ဖြင့် ပြောဆိုခဲ့ကြသည်ကို မှတ်မိနေဆဲဖြစ်ပါသည်။ တစ်တိုင်တွင် တာ ၁၀၀၀ ပေါ်၌မူတည်၍ တွက်ချက်ပါက တစ်တိုင်တွင် ၁ ဒသမ ၉၈၈၆ မိုင် ရှိသည်။ (ဒုတိယအကြိမ် ထုတ်ဝေခဲ့သည့် "ယူနစ်များအကြောင်း သိကောင်းစရာစာအုပ်" တွင် ဖြည့်စွက်ဖော်ပြထားသော ၁ တိုင် = ၂ မိုင် နှင့် ကိုက်ညီနေပါသည်။)

## ခေါင်းနပန်းကြီး

လွန်ခဲ့သည့် ခြောက်လခန့်က ဆရာမောင်နိုင် (ဒဿနိက)၏ "ရှေးမြန်မာသင်္ဘောတော်ကြီးများ၏ ရေကြောင်းအတတ်ပညာလေ့လာမှု" စာအုပ်ကို ဖတ်ရှုခဲ့ပါသည်။ ယင်းစာအုပ်၏ နောက်ဆက်တွဲ၌ (မြန်မာတစ်တောင်လျှင် ၁၉ ဒသမ ၀၅ လက်မထား၍ တွက်သည်) ဟု ဖော်ပြထားသည်ကို တွေ့မိရာ၌ စာရေးသူ အတော်ပင်ခေါင်းနပန်းကြီးသွားခဲ့ပါသည်။ အထက်တွင် ဖော်ပြထားခဲ့သည့်အတိုင်း တစ်တောင်တွင် ၁၈ လက်မ ရှိသည်ဟုသာ တစ်သက်လုံး မှတ်သားထားခဲ့ပြီး ယခု အသက် ၇၀ ကျော်မှ ၁၉ ဒသမ ၀၅ လက်မရှိသည်ဟု သိရှိလိုက်ရသောကြောင့် ဖြစ်ပါသည်။ ထို့ပြင် ဆရာ ဆရာမတစ်ဦးက အမှားတစ်ခုကို သင်ကြားပေးလိုက်မိသည်ထက် စာရေးဆရာတစ်ဦးက အမှားတစ်ခုကို ရေးသားလိုက်မိခြင်းက ပို၍ထိခိုက်စေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဆရာမောင်နိုင် (ဦးကိုကိုနိုင်) ထံ ချက်ချင်းပင် ဖုန်းဆက်ပြီး ၎င်း၏ စာအုပ်တွင် ဖော်ပြထားသော ရင်းမြစ်ဖြစ်သည့် "ဦးသိန်းလှိုင်၏ ခေတ်ဟောင်းမြန်မာသမိုင်း သုတေသနအဘိဓာန်"ကို ငှားရမ်း၍ ကြည့်ရှုခဲ့ပါသည်။ သို့ရာတွင် ထိုစာအုပ်တွင်လည်း ရင်းမြစ်ကို ဖော်ပြမထားပါ။

## ပယ်ပုံတော်ကျောက်စာ

စာရေးသူအနေဖြင့် အမှားတစ်ခုပြုလုပ်လိုက်မိပြီဟု ခံစားနေရသောကြောင့် ရင်းမြစ်ကိုသိရှိရန် ဆက်လက်၍စုံစမ်းခဲ့ရာ မိတ်ဆွေသမိုင်းသုတေသီတစ်ဦးထံမှ "ဗဒုံမင်း၏ ပယ်ပုံတော်ကျောက်စာ" တွင် ပါရှိကြောင်း ဝမ်းမြောက်စွာ သိရှိခဲ့ရပါသည်။ ထို့ကြောင့် ဆက်လက်၍ ခြေရာခံရာ သမိုင်းဆရာမတစ်ဦးထံမှ "မန္တလေးအနှစ် ၁၅၀ ပြည့် မဂ္ဂဇင်း (၂၀၀၉၊ မေ)" ကို ရရှိခဲ့ပြီး ဆရာကြီး ရွှေပြည်ဦးဘတင်၏ "မန္တလေးရတနာပုံနေပြည်တော် ဒေသန္တရ ရာဇဝင်ပညာဆောင်းပါးကို" ဖတ်ရှုကြည့်ရာ တစ်တောင်နှင့် ပတ်သက်၍ မပါရှိသော်လည်း မန္တလေးနန်းတော်မြို့ရိုး၏ မျက်နှာတစ်ဖက်လျှင် တာ ၆၀၀ ရှိကြောင်း တွေ့ရှိပါသည်။ နန်းတော်မြို့ရိုး၏ အတိုင်းအတာကို "ပေ" ဖြင့်သာ သိရှိမည်ဆိုပါက တစ်တောင်တွင်ရှိသည့် လက်မကို တွက်ချက်နိုင်မည်ဖြစ်ခြင်းကြောင့် Internet မှ Google Map တွင် တိုင်းတာကြည့်ရာ အရှေ့ဘက်မျက်နှာ ၆၇၀၉ ပေ၊ တောင်ဘက်မျက်နှာ ပေ ၆၇၀၀၊ အနောက်ဘက်မျက်နှာ ၆၇၁၃ ပေနှင့် မြောက်ဘက်မျက်နှာ ၆၆၉၁ ပေ ရရှိသောကြောင့် မျက်နှာတစ်ဖက်လျှင် ပျမ်းမျှ ၆၇၀၃ ဒသမ ၂၅ ပေ (၁ ဒသမ ၂၇ မိုင်) ရရှိပါသည်။ (ဂြိုလ်တုဓာတ်ပုံကို တိုင်းတာရခြင်းဖြစ်သဖြင့် မြေပြင်တွင် လက်တွေ့တိုင်းတာမှုနှင့် အနည်းငယ်ကွဲလွဲနိုင်သည်။ အနားတစ်ဖက်နှင့်တစ်ဖက် မတူညီရခြင်းသည်လည်း ကွန်ပျူတာမှ မြေပုံပေါ်တွင် ထောက်သည့်နေရာမတူညီခြင်းကြောင့် ဖြစ်နိုင်ပါသည်။) ထို့ကြောင့် တာ ၆၀၀ (၁ တာ = ၇ တောင်) နှင့်တွက်လျှင် တစ်တောင်သည် ၁၉ ဒသမ ၁၅ လက်မနှင့် ညီမျှနေပါသည်။ ပယ်ပုံတော်ကျောက်စာတွင် ပါဝင်သည်ဆိုသော ၁၉ ဒသမ ၀၅ လက်မနှင့် နီးစပ်မှုရှိကြောင်း တွေ့ရှိရသဖြင့် စာရေးသူ အတော်ပင်ဝမ်းသာသွားခဲ့ပါသည်။

## ရှေးမြန်မာယောကျ်ားကြီးများ

ပယ်ပုံတော်ကျောက်စာကို စောင့်စားနေစဉ်အတွင်း တစ်တောင်၏ အတိုင်းအတာကိုအခြေခံ၍ ရှေးမြန်မာယောကျ်ားကြီးများ၏ အရပ် (အမောင်း)ကို အကြမ်းဖျဉ်းသိရှိလိုသောကြောင့် အရပ်အမြင့်သည် ဆွေမျိုးနှင့် တပည့် အယောက် ၂၀ ၏ တစ်တောင်ကို တိုင်းတာကြည့်ခဲ့ပါသည်။ အရပ် ၅ ပေ ၁၀ လက်မရှိသူများ၏ တစ်တောင်သည် ၁၈ ဒသမ ၅ လက်မမှ ၁၉ လက်မ အထိရှိကြပြီး အရပ် ၅ ပေ ၁၁ လက်မ ရှိသူများ၏ တစ်တောင်သည် ၁၉ လက်မမှ ၁၉ ဒသမ ၅ လက်မအထိ ရှိကြပါသည်။ အရပ် ၆ ပေနှစ်ဦး၏ တစ်တောင်သည် ၁၉ ဒသမ ၅ လက်မ စီရှိကြကာ ရှားရှားပါးပါး အရပ် ၆ ပေ ၁ လက်မ ရှိသူတစ်ဦး၏ တစ်တောင်သည် လက်မ ၂၀ ရှိနေပါသည်။ ထို့ကြောင့် တစ်တောင်လျှင် ၁၉ ဒသမ ၀၅ လက်မကို စံအဖြစ် သတ်မှတ်ထားမှုအပေါ်တွင် အခြေခံမည်ဆိုပါက ရှေးမြန်မာယောကျ်ားကြီးများသည် အရပ်အမောင်းအလွန်ကောင်းကြသည်ဟု အကြမ်းဖျဉ်းကောက်ချက်ချ၍ ရနိုင်ပါသည်။

အထက်ဖော်ပြပါ သမိုင်းသုတေသီ၏ ဆက်လက်ကူညီမှုကြောင့် ဆရာကြီးမောင်သန်းဆွေ (ထားဝယ်) ရေးသားခဲ့သော ပယ်ပုံတော်ကျောက်စာနှင့် ပယ်ပုံတော်ဝင်း-ဆောင်းပါး (မြန်မာသမိုင်း သုတေသနစာစောင်၊ အမှတ်-၂၆၂၊ ဇွန်လ - ၂၀၁၄ ခုနှစ်) ကို ဖတ်ရှုခွင့်ရရှိခဲ့ပါသည်။ ထိုဆောင်းပါးအရ သိရှိခဲ့ရသော အရေးကြီးသည့်အချက်များကို ထုတ်နုတ်၍ အောက်တွင် ဖော်ပြထားပါသည် -

(၁) အမရပူရမြို့တည် နန်းတည်၊ ဗဒုံမင်းတရားကြီး (ဘိုးတော်ဘုရား) က ခရစ်နှစ် ၁၇၉၁ ခုနှစ်တွင် မင်းပယ်နှင့် ပကတိပယ်များ၏ အတိုင်းအတာများကို သတ်မှတ်ခဲ့သည်။ ယင်းပယ်များ၏ စံကွက်နှစ်ခုကို စကျင်ကျောက် ပန္နက်ငုတ်များစိုက်၍ ကျောက်စာရေးထိုး သတ်မှတ်ပေးခဲ့ခြင်း ဖြစ်သည်။ မင်းပယ်နှင့် သက်ဆိုင်သည့် အချက်အလက်များ ရေးထိုးထားသည့် ကျောက်စာကို "မင်းပယ်ပုံကျောက်စာ"ဟု လည်းကောင်း ပကတိပယ်နှင့် သက်ဆိုင်သည့် အချက်အလက်များ ရေးထိုးထားသော ကျောက်စာကို "ပကတိပယ်ပုံကျောက်စာ" ဟု လည်းကောင်း ခေါ်ဆိုခဲ့ပြီး ကျောက်စာနှစ်ချပ်နှင့် စကျင်ကျောက်ပန္နက်ငုတ်များ စိုက်ထားသည့်နေရာကို "ပယ်ပုံတော်ဝင်း" ဟူ၍ ခေါ်ဆိုခဲ့သည်။

(၂) ကျောက်စာများအရ မင်းပယ်၏ အတိုင်းအတာသည် တစ်မျက်နှာလျှင် ၃၅ တာ၊ ၂ တောင်၊ ၁ မိုက်၊ ၄ လက်သစ်ရှိပြီး ပကတိပယ်၏ အတိုင်းအတာသည် တစ်မျက်နှာလျှင် ၂၅ တာ ရှိသည်။

(၃) လက်တွေ့တိုင်းတာချက်များအရ မင်းပယ်၏ အတိုင်းအတာမှာ တစ်မျက်နှာလျှင် ၃၉၆ ပေ၊ ဧရိယာအားဖြင့် ၃၉၆ ပေ × ၃၉၆ ပေ (၃ ဒသမ ၆ ဧက) ရှိပြီး ပကတိပယ်၏ အတိုင်းအတာမှာ တစ်မျက်နှာလျှင် ၂၇၉ ပေ၊ ဧရိယာအားဖြင့် ၂၇၉ ပေ × ၂၇၉ ပေ (၁ ဒသမ ၈ ဧက) ရှိသည်။

(၄) ကျောက်စာနှစ်ချပ်လုံး၏ ထိပ်တွင် တစ်တောင်၏ အတိုင်းအတာ ၁၉ ဒသမ ၀၅ လက်မရှိကြောင်း ထွင်းထုဖော်ပြထားသည်။

(၅) ယဉ်ကျေးမှုဝန်ကြီးဌာနသည် ပယ်ပုံတော်ဝင်းတွင် ရှေးဟောင်းသုတေသနဦးစီးဌာန မန္တလေး ညွှန်ကြားရေးမှူးရုံးကို ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလက ဖွင့်လှစ်ခဲ့သည်။

စာရေးသူ အလွန်သိချင်နေသော အချက်အလက်များကို ခိုင်မာစွာရရှိထားပြီဖြစ်သောကြောင့် ချက်ချင်းပင် စတင်တွက်ချက်ခဲ့ပါသည်။ မင်းပယ်၏ မျက်နှာတစ်ဖက်(အနားတစ်ဖက်) သည် မြန်မာအတိုင်းအတာယူနစ်များအရ ၃၅ တာ၊ ၂ တောင်၊ ၁ မိုက်၊ ၄ လက်သစ် သို့မဟုတ် ၂၄၇ ဒသမ ၅ တောင် (၁ တာ = ၇ တောင်၊ ၁ တောင် = ၃ မိုက်၊ ၁ မိုက် = ၈ လက်သစ်) ရှိပြီး ဗြိတိသျှအတိုင်းအတာယူနစ်များအရ ၃၉၆ ပေရှိခြင်းကြောင့် တစ်တောင်သည် ၁၉ ဒသမ ၂ လက်မနှင့် ညီမျှနေသည်။ ထိုနည်းတူပင် ပကတိပယ်၏ အနားတစ်ဖက်သည် မြန်မာအတိုင်းအတာယူနစ်များအရ ၂၅ တာရှိပြီး ဗြိတိသျှအတိုင်းအတာယူနစ်များအရ ၂၇၉ ပေရှိသဖြင့် တစ်တောင်သည် ၁၉ ဒသမ ၁၃ လက်မနှင့် ညီမျှနေသည်။



ကျောက်စာတွင် တစ်တောင်၏အတိုင်းအတာကို ထွင်းထုထားပုံ။

**စာမျက်နှာ ၈ သို့** ✪

# မြန်မာဂန္ထဝင် စာအုပ်အတွဲ ၁၀၀ စာစဉ် ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် မေ ၁၂**

မြန်မာဂန္ထဝင်စာအုပ်အတွဲ ၁၀၀ စာစဉ် ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာဂန္ထဝင်စာအုပ်အတွဲ ၁၀၀ စာစဉ် စတင်ထုတ်ဝေမည့် စာစဉ်တွဲ သုံးတွဲပြီးစီးပါက စာအုပ်မိတ်ဆက်ပွဲပြုလုပ်ရေး၊ ၎င်း စာစဉ်တွဲ သုံးတွဲ ထုတ်ဝေရန် ပြင်ဆင်နေမှုအခြေအနေနှင့် စာစဉ်တွဲများ ဆက်လက်ထုတ်ဝေနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာဂန္ထဝင်စာအုပ်အတွဲ ၁၀၀ စာစဉ် ထုတ်ဝေရေး လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)၊ ဦးမော်လင်း(မော်လင်း)၊ ဦးအေးမောင်(အေးမောင်ကျော်)၊ ဦးခင်မောင်စိုး(မောင်သာမည)၊ ဦးမျိုးညွန့်(စာပေလောက)၊ ဦးဝင်းချို(ဓူဝံစာပေ)၊ ဦးရဲမြင့်(နန်းဒေဝီစာပေ)၊ ဦးသန်းအုန်း(မောင်ဇေယျာ)နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက စာစဉ်တွဲများတွင် ပါဝင်မည့်စာအုပ်များ ရွေးချယ်လျာထားမှု၊ စာအုပ်အဖုံးကို ခံ့ညားထည်ဝါစွာဖြင့် ပြင်ဆင်ဆောင်ရွက်ရေးနှင့် စာစဉ်တွဲများတွင် အင်္ဂါရပ်များပြည့်စုံရေး၊ ပထမအကြိမ် စာစဉ်တွဲ သုံးတွဲကို ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း ထုတ်ဝေနိုင်ရေး၊ ကျန်စာစဉ်တွဲများ အချိန်မီ ဆက်လက်ထုတ်ဝေနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မြန်မာဂန္ထဝင်စာအုပ်အတွဲ ၁၀၀ စာစဉ်တွင် ဝတ္ထု၊ ရှည်၊ ဝတ္ထုတို၊ ကဗျာ၊ အက်ဆေး၊ ပြဇာတ်၊ စာပေပဒေသာ စသည်ဖြင့် ကဏ္ဍများစွာပါဝင်ပြီး ဘာသာရပ်အလိုက် ကျွမ်းကျင်ရာပညာရှင်များဖြင့် ဖွဲ့စည်းကာ မြန်မာဂန္ထဝင် စာအုပ် အတွဲ ၁၀၀ စာစဉ်ကို ထုတ်ဝေရန် စီစဉ်နေခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၁၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာသူနာပြုနေ့နှင့် သားဖွားနေ့ နှစ်ရပ်ပေါင်းကို စုပေါင်းစည်းလုံးညီညွတ်စွာ ကျင်းပနိုင်ပြီး အားလုံးစုံညီစွာ တက်ရောက်ကြသည့်အတွက် အထူးကျေနပ်ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နိုင်ငံအတွက် အင်အားများပင်ဖြစ်ပါကြောင်း၊ သူနာပြုနှင့်သားဖွားဆရာမများ၏ ပြည်သူ့ကျန်းမာရေးဆိုင်ရာစွမ်းရည်၊ ကုသရေးနှင့် သူနာပြုစုမှုစွမ်းရည်များ ယခုထက်ပိုမိုတိုးတတ်စေရေးနှင့် သူနာပြုနှင့်သားဖွားဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် သူနာပြုသင်တန်းသားဦးရေ နှစ်စဉ် ၁၈၀၀ ခန့်သာ သင်ကြားပေးနိုင်ရာမှ ယခုနှစ်မှစတင်၍ ၃၆၀၀ အထိ တိုးမြှင့်ခေါ်ယူသင်ကြားပေးမည့်အပြင် သင်ရိုးညွှန်းတမ်းနှင့် သင်ကြားရေးစနစ်များကို နိုင်ငံတကာအဆင့်အတန်းမီဖြစ်စေရေး ပြောင်းလဲဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ သင်ကြားမှု၊ သင်ယူမှုပတ်ဝန်းကျင်ကိုလည်း ယခုထက်ပိုမိုကောင်းမွန်အဆင့်မြင့်စေရန် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည့်အတွက် ကျေးလက်ဒေသတွင် အများစုတာဝန်ထမ်းဆောင်ကြရသော သားဖွားဆရာမများ၏အရည်အသွေး ပိုမိုမြင့်မားစွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများ၏ ကျန်းမာရေးအသိပညာ ယခုထက် ပိုမိုမြင့်မားလာစေရေး ဆောင်ရွက်မှုနှင့် တက်ဘလက်ဖုန်းများ အသုံးပြု၍ ဆောင်ရွက်နိုင်ရေး စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ သားဖွားကဏ္ဍဘက်ပေါင်းစုံမှ တိုးတက်၍ အရည်အသွေးမြင့်မားစေရေး သူနာပြု၊ သားဖွားအသင်းနှင့် ကောင်စီတို့မှ ဝန်ကြီးဌာနအား အကြံဉာဏ်များပေးစေလိုပါကြောင်း၊ အလားတူပင် သူနာပြုကဏ္ဍတိုးတက်ရေးအတွက် အကြံဉာဏ်များ ပေးစေလိုပါကြောင်း။




ကမ္ဘာတွင် ကျန်းမာရေးလုပ်သားအင်အားစုကြီး၏ ၅၀ ရာခိုင်နှုန်းခန့်သည် သူနာပြုနှင့်သားဖွားများပင်ဖြစ်၍ ကျန်းမာရေးကဏ္ဍအတွက် အလွန်အရေးပါသည့် အင်အားစုကြီးဖြစ်ပါကြောင်း၊ ထို့အပြင် လူတိုင်းလက်လှမ်းမီနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဆီသို့ အရောက်လှမ်းရာတွင် သူနာပြု၊ သားဖွားများမှ ပေးအပ်သော ကျန်းမာရေးကဏ္ဍ၏ လွှမ်းခြုံမှုမြင့်မားရေးနှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူများတိုးတက်များပြားစွာရရှိရေးသည် အလွန်အဓိကကျသောနေရာတွင် ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သူနာပြု၊ သားဖွားကဏ္ဍကြီးတစ်ခုလုံး ယခုထက်ပိုမိုတိုးတက်အောင် အလေးအနက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် UNFPA မှ ဌာနေကိုယ်စားလှယ် Ms. Jenet Elizabeth Jackson က အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသည် မေလ ၅ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် မေလ ၁၂ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ အထိမ်းအမှတ်အဖြစ် ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် သန်လျင်မြို့နယ် သီလဝါအထူးစီးပွားရေးဇုန်၌ ကျင်းပသော Zifam Pyrex Myanmar Co., Ltd. ၏ Beta Lactam ဆေးဝါးစက်ရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဆက်အောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ Zifam Pyrex Myanmar Co.,Ltd. မှ Managing Director, Mr. Chander Mohan Khanna က စက်ရုံဖွင့်လှစ်ခြင်း ရည်ရွယ်ချက်နှင့် ရှေ့အနာဂတ်အလားအလာများကို ပြောကြားသည်။ ယင်းနောက် Zifam Pyrex စက်ရုံအကြောင်း ဗီဒီယိုကို ပြသပြီး Zifam Pyrex Myanmar Co.,Ltd. မှ ဒါရိုက်တာအဖွဲ့ဝင် ဒေါက်တာခင်သီရိက ကျေးဇူးတင်စကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ အငြိမ်းစားဆရာဝန်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ Zifam Pyrex Myanmar Co.,Ltd. မှ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် စက်ရုံရှေ့တွင် ဆေးဝါးစက်ရုံသစ်ကို ဖဲကြိုးဖြတ်၍ လည်းကောင်း၊ စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၇ မှ

စာရေးသူ အကြီးအကျယ်ဦးနှောက်ခြောက်သွားပါသည်။ တစ်တောင်လျှင် ကျောက်စာပါအတိုင်း ၁၉ ဒသမ ၀၅ လက်မကိုသာ ရရှိလိမ့်မည်ဟု ယုံကြည်ထားချက်နှင့် လွဲနေသောကြောင့် ဖြစ်ပါသည်။ ၁၉ ဒသမ ၀၅ လက်မနှင့် မတူညီသည်သာမက မင်းပယ်နှင့် ပကတိပယ်များ၏ ရလဒ်နှစ်ခုကလည်း ကွဲလွဲ၍ နေပြန်ပါသည်။ မင်းပယ်ကိုသတ်မှတ်ရာတွင် ပကတိပယ်ကို သတ်မှတ်သကဲ့သို့ "တာ" တစ်မျိုးတည်းဖြင့် လွယ်လွယ်ကူကူ မသတ်မှတ်ခဲ့ဘဲ တောင်၊ မိုက်၊ လက်သစ်(အစွန်းထွက်)များကိုပါထည့်ကာ တိုင်းတာရခက်ပြီး မှတ်သားရမလွယ်အောင် သတ်မှတ်ခဲ့မှုကိုလည်း စာရေးသူစဉ်းစား၍ ဉာဏ်မမီနိုင်အောင် ဖြစ်ရပါသည်။

**အမှားရှာ၍ မတွေ့ခဲ့**

မိမိ၏တွက်ချက်မှုများကို အဖန်ဖန်အခါခါပြန်၍ စစ်ဆေးသော်လည်း အမှားရှာ၍ မတွေ့ခဲ့ပါ။ ကျောက်စာများထားရှိရာ အမရပူရသို့ ချက်ချင်းပင် သွားရောက်ကြည့်ရှုလိုသည့်ဆန္ဒများ အလွန်ပြင်းပြခဲ့သော်လည်း မသွားရောက်နိုင်သေးသဖြင့် သစ်တောဦးစီးဌာနမှ မန္တလေးသားတပည့်ရင်းတစ်ဦးကို သွားရောက်ကြည့်ရှုပေးရန် အပူကပ်ရပါတော့သည်။ တပည့်ဖြစ်သူကလည်း နေ့ချင်းပင် သွားရောက်ခဲ့ပြီး ကျောက်စာများတွင် သူတွေ့ရှိထားသည်များကို ဖုန်းဖြင့် လှမ်း၍ပြောပါသည်။ တပည့်က ကျောက်စာနှစ်ချပ်လုံး၏ ထိပ်တွင် ထွင်းထုထားသော မျဉ်းကြောင်းတစ်ခုစီကို တွေ့ရှိရကြောင်း၊ ထိုမျဉ်းကြောင်းများတွင် အစိတ်ကြီးသုံးစိတ်ပါဝင်ပြီး အစိတ်ကြီးတစ်စိတ်စီတွင် အစိတ်ငယ် ရှစ်စိတ်စီတွေ့ရှိကြောင်းပြောပြသဖြင့် ယင်းမျဉ်းကြောင်းကို တံတောင်ဖြင့် တိုင်းကြည့်ခိုင်းရာ တစ်တောင်ကျော်ကျော်ရှိကြောင်း သိရှိလိုက်ရပါသည်။

**၁၉ ဒသမ ၀၅ လက်မ**

၎င်းက ဗိုက်ဘာဖြင့် ပို့ပေးလိုက်သောဓာတ်ပုံများကို ကြည့်ရှုပြီးနောက် စာရေးသူ သေသေချာချာနားလည်သွားပြီဖြစ်သောကြောင့် တပည့်ကို နောက်တစ်နေ့တွင် သံတိပ်ကြိုးခွေယူသွားပြီး သေချာတိုင်းပေးရန် ပြောကြားခဲ့ရာ ပုံတွင်ပြထားသောဓာတ်ပုံများကို ရရှိခဲ့ပါသည်။ ပုံအရ ၁၉ လက်မနှင့် တစ်စိတ်နီးပါးရှိနေခြင်းကြောင့် ၁၉ ဒသမ ၀၅ လက်မဟု မှတ်တမ်းတင်ခဲ့ကြခြင်း ဖြစ်ပါမည်။ ကျောက်စာပေါ်တွင် ထွင်းထုထားသည့် အစိတ်ကြီးတစ်စိတ်သည် တစ်မိုက်ဖြစ်ပြီး တစ်တောင်တွင် သုံးမိုက်ရှိသောကြောင့် အစိတ်ကြီး သုံးစိတ်ရှိနေခြင်း ဖြစ်သည်။ ထို့ပြင် အစိတ်ငယ်များသည် တစ်လက်သစ်ဖြစ်ကာ တစ်မိုက်တွင် ရှစ်လက်သစ်ရှိသဖြင့် အစိတ်ကြီးတစ်စိတ်စီတွင် အစိတ်ငယ် ရှစ်စိတ်ရှိကာ စုစုပေါင်းအစိတ်ငယ် ၂၄ စိတ်ရှိနေခြင်းဖြစ်သည်။ စာရေးသူ အတိုင်းမသိဝမ်းသာသွားပါသည်။ စံပြုနိုင်သော"စံတောင်" ကို တွေ့ရှိလိုက်ပြီဖြစ်သောကြောင့် ဖြစ်ပါသည်။ ယင်းသည် ဗြိတိန်နှင့် ပြင်သစ်နိုင်ငံများ၏ ပြတိုက်များတွင် ထားရှိသည့် Standard Yard Rod နှင့် Standard Meter Rod များကဲ့သို့ ဖြစ်သော "Standard Taung" ဖြစ်ပါသည်။

တစ်တောင်တွင် ၁၉ ဒသမ ၀၅ လက်မဖြင့် တွက်ပါက တစ်ယူဇနာတွင် ၁၃ ဒသမ ၄၇ မိုင်ရှိသည်။ "ယူနစ်များအကြောင်း သိကောင်းစရာ"စာအုပ်ကို တတိယအကြိမ် ထုတ်ဝေသည့်အခါ၌ မဖြစ်မနေ ပြင်ဆင်ချက်ထည့်မည် ဖြစ်ပါသည်။ သို့မှသာ စာရေးသူ စိတ်ကျေနပ်နိုင်မည်ဖြစ်ပါသည်။

**စူးစမ်းရှာဖွေ ဖော်ထုတ်ရဦးမည်**

မင်းပယ်၏ အနားတစ်ဖက်သည် ၃၅ တာ၊ ၂ တောင်၊ ၁ မိုက်၊ ၄ လက်သစ်ရှိသောကြောင့် တစ်တောင်လျှင် ၁၉ ဒသမ ၀၅ လက်မနှင့်တွက်ချက်လျှင် ၃၉၂ ဒသမ ၉ ပေရှိသည်။ ထိုနည်းတူပင် ၂၅ တာရှိသည့် ပကတိပယ်၏ အနားတစ်ဖက်သည်လည်း ၂၇၇ ဒသမ ၈ ပေ ရှိသည်။ ထို့ကြောင့် မှတ်တမ်းတင်ထားသည့် ၃၉၆ ပေနှင့်ရော ၂၇၉ ပေနှင့်ပါ ကွဲလွဲ၍နေပါသည်။ ဤသို့ကွဲလွဲနေသည့်အကြောင်းရင်းကို စူးစမ်းရှာဖွေ ဖော်ထုတ်ရဦးမည် ဖြစ်ပါသည်။

ထို့ပြင် မြန်မာအဘိဓာန် (မြန်မာစာအဖွဲ့ဦးစီးဌာန၊ ဒုတိယအကြိမ် ၂၀၀၈ ဩဂုတ်)တွင် "တောင်"ကို တောင်၊ ကြိ-တံတောင်ဖြင့် တိုင်းတာသည်။ န-တံတောင်ဆစ်မှ လက်ခလယ်အဖျားအထိ အတိုင်းအတာ၊ ပကတိအတောင်။ ၁၈" ရှိသည့်အတိုင်းအတာ။ (ဆင်တောင်၊ သံတောင်လည်းရှု)ဟု ပါရှိသည်။ ဆင်တောင်နှင့် သံတောင်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဆက်လက်ကြည့်ရှုရာ ဆင်တောင်/ဆင်ဒေါင်/န-လက်မ ၂၀ ရှိသော အတိုင်းအတာ။ သံတောင်/သံဒေါင်/န-တစ်ဆယ့်ကိုးလက်မရှိသော အတိုင်းအတာဟု တွေ့ရှိရပါသည်။ ထို့ကြောင့် ဆက်လက်၍ စူးစမ်းလေ့လာပြီး ခိုင်လုံသည့်အထောက်အထားများ တွေ့ရှိသည့်အခါတွင် ရေးသားပါဦးမည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကယားပြည်နယ်အတွင်း ထောက်ပံ့မှုများဆောင်ရွက်

**နေပြည်တော် မေ ၁၂**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ သီရိမင်္ဂလာတောင်တော်တောင်ကွဲစေတီသို့ သွားရောက်ဖူးမြော်ခဲ့ကာ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပြီး ရွှေတောင်ပရိယတ္တိစာသင်တိုက် နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် ကျင်းပသည့် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရည်ရွယ်ဆောင်ရွက်သည့် မသန်စွမ်းသူများနှင့် အမျိုးသမီးအိမ်ထောင်ဦးစီးများအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဒီးမော့ဆိုမြို့နယ်တွင် မသန်စွမ်းသူများအတွက် ထောက်ပံ့ကြေးငွေကျပ် ၂၄၅ သိန်းနှင့် အမျိုးသမီးအိမ်ထောင်ဦးစီးများအတွက် ထောက်ပံ့ကြေးငွေကျပ် ၁၆၈ သိန်းတို့အား ပေးအပ်ထောက်ပံ့ခဲ့ပြီး ဒေသခံတိုင်းရင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးက အခမ်းအနားတက်ရောက်လာကြသော ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖရူဆိုမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပသည့် မသန်စွမ်းသူများနှင့် အမျိုးသမီးအိမ်ထောင်ဦးစီးများအား ထောက်ပံ့ငွေ ပေးအပ်ခြင်းအခမ်းအနားသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားကာ မသန်စွမ်းသူများအတွက် ထောက်ပံ့ကြေးငွေကျပ် ၉၈ သိန်းနှင့် အမျိုးသမီးအိမ်ထောင်ဦးစီးများအတွက် ထောက်ပံ့ကြေးငွေကျပ် ၇၇၄ သိန်းတို့အား ထောက်ပံ့ပေးအပ်သည်။ ထိုသို့ထောက်ပံ့ခြင်းများအတွက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဖရူဆိုမြို့နယ်တွင် အသစ်တည်ဆောက်မည့် လူမှုဝန်ထမ်းဦးစီးဌာနရုံး မြေနေရာနှင့် ဒီးမော့ဆိုမြို့ မူလတန်းကြိုကျောင်း တည်ဆောက်နေမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုခဲ့ပြီး မူလတန်းကြိုကျောင်း အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လွိုင်ကော်မြို့ မူလတန်းကြိုကျောင်းတွင် အရပ်ဘက်အဖွဲ့အစည်း ၁၄ ခုနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်မြို့နယ်၊ ရှာတောမြို့နယ်၊ ဘော်လခဲမြို့နယ်၊ ဖားဆောင်းမြို့နယ်၊ မယ်စဲ့မြို့နယ်များအတွင်းရှိ ပြည်သူများအတွက် မိခင်ဝိုင်းများဖွင့်လှစ်မည့်ကိစ္စတွေ့ဆုံဆွေးနွေးခြင်းနှင့် မသန်စွမ်းသူများ၊ အမျိုးသမီးအိမ်ထောင်ဦးစီးများအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်၍ မသန်စွမ်းသူများအတွက် ထောက်ပံ့ကြေးငွေကျပ် ၁၁၆ သိန်း၊ အမျိုးသမီးအိမ်ထောင်ဦးစီးများအတွက် ထောက်ပံ့ကြေးငွေကျပ် ၁၉၃ သိန်း၊ မိခင်ဝိုင်းများတိုးချဲ့ဆောင်ရွက်ရန်အတွက် ၉ ဒသမ ၇ သိန်းတို့အား ထောက်ပံ့ပေးအပ်သည်။



ကယားပြည်နယ်အတွင်း ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အတွင်း ထောက်ပံ့ငွေကျပ် စုစုပေါင်းမှာ ကျပ် ၁၃၁၇၈၈၁၀၀ ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်တွေ့ဆုံကာ ကယားပြည်နယ်အတွင်း ငြိမ်းချမ်းမှုရရှိရေးကို အထောက်အကူပြုမည့် ဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ မူဝါဒများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ရာ ဒုတိယဝန်ကြီး၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဌာနအလိုက် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ရုံးအသစ်တည်ဆောက်မည့် မြေနေရာသို့ သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သော အလုပ်သမားများအတွက် ကရုဏာကြေးပေးအပ်ပွဲ ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် မေ ၁၂**
မဲဆောက်မြို့အလွန် တောင်ပေါ်အဆင်းလမ်း၌ ဧပြီ ၉ ရက်က ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သော မြန်မာအလုပ်သမားများအတွက် ကရုဏာကြေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း၌ ကျင်းပသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က "MoU စနစ်နဲ့ ထိုင်းနိုင်ငံကို သွားရောက်ပြီး အလုပ်လုပ်တဲ့ အလုပ်သမားတွေ စီးနင်းလာတဲ့ကားဟာ ဧပြီ ၉ ရက်က မတော်တဆမှုဖြစ်ပွားခဲ့ပါတယ်၊ အဲဒီဖြစ်စဉ်မှာ အလုပ်သမား ခြောက်ဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိသွားပါတယ်၊ စတင်ဖြစ်ပွားစဉ် အချိန်မှာ ထိုင်းနိုင်ငံဆိုင်ရာ စစ်သံမှူး အပါအဝင် နှစ်နိုင်ငံက သက်ဆိုင်ရာ တာဝန်ရှိသူတွေက အချိန်နဲ့တစ်ပြေးညီ ကူညီဆောင်ရွက်ခဲ့ပါတယ်၊ မြဝတီမြို့မှာလည်း ပထမအကြိမ် ထောက်ပံ့ငွေတွေ ပေးအပ်ခဲ့ပါတယ်၊ ဒီကနေ့မှာတော့ ကရုဏာကြေးပေးအပ်တာဖြစ်ပါတယ်၊ အလုပ်သမားတွေအားလုံးဟာ ကျွန်တော်တို့နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးနေသူတွေဖြစ်လို့ အခုလိုဖြစ်ရပ်ဟာ နိုင်ငံအတွက် များစွာဆုံးရှုံးရတဲ့ ဝမ်းနည်းဖွယ်ဖြစ်ရပ်ဖြစ်ပါတယ်"ဟု ပြောသည်။

ထိုသို့ပေးအပ်ရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ငွေကျပ် ၅၁ သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ငွေကျပ် ၂၄ သိန်း၊ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်က ငွေကျပ် ၄၉၀၅၀၀၀ နှင့် ထိုင်းဘတ်ငွေ ၁၉၅၀၀ ၊ Golden Royal Mandalay Services Co.,Ltd. မှ ငွေကျပ် ၅၈ သိန်း အပါအဝင် စုစုပေါင်းငွေကျပ် ၁၈၂၀၅၀၀၀ နှင့် ထိုင်းဘတ် ၁၉၅၀၀ တို့ကို သက်ဆိုင်ရာတာဝန်ရှိသူတို့က သတ်မှတ်နှုန်းထားများအလိုက် ကရုဏာကြေးကို ပေးအပ်ရာ သေဆုံးသူ ခြောက်ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၂ ဦးတို့၏ မိသားစုဝင်များက လက်ခံရယူကြသည်။



မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်မှ မဇာခြည်လှိုင်က "ယာဉ်မတော်တဆမှုဖြစ်ပြီး ဆုံးပါးသွားတဲ့ထဲမှာ ကျွန်မရဲ့ ညီမလေးလည်း ပါသွားတယ်၊ အဲဒီအတွက် ဒီနေ့မှာ ကရုဏာကြေး ၁၂ သိန်း ရပါတယ်၊ မြဝတီမှာတုန်းကလည်း ပထမအကြိမ် ၁၃ သိန်းရရှိခဲ့ပါတယ်၊ အခုလို ရရှိတဲ့ငွေတွေနဲ့ ညီမလေးအတွက် အကောင်းဆုံးနဲ့ အမှတ်တရလေးဖြစ်အောင် ကုသိုလ်ကောင်းမှုတွေ လုပ်ပေးသွားမှာပါ၊ စတင်ဖြစ်ပွားစဉ်ကတည်းက အစိုးရဘက်က အစစအရာရာ တာဝန်ယူဆောင်ရွက်ပေးပါတယ်၊ နောက်ပိုင်းမှာလည်း နစ်နာကြေးငွေထောက်ပံ့ကြေးတွေ ထပ်ပေးဦးမယ်လို့လည်း သိရပါတယ်"ဟု ပြောသည်။

Golden Royal Mandalay Services Co,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းထွဋ်ဦးက "တာဝန်ခံမှု၊ တာဝန်ယူမှုရှိစွာနဲ့ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ပါတယ်၊ သေဆုံးခဲ့သူတွေအတွက်ကိုလည်း ကရုဏာကြေးပေးခဲ့ပါတယ်၊ အသက်အာမခံကြေးတွေကလည်း သီးခြားထပ်ရဦးမှာပါ၊ အဲဒါတွေကတော့ ထိုင်းဘက်က လုပ်ထုံးလုပ်နည်းအရ ဆက်လက် ကြိုးစားဆောင်ရွက်နေဆဲပါ၊ တစ်ဦးကို ခန့်မှန်းခြေ ထိုင်းဘတ် ခုနစ်သိန်းဝန်းကျင်လောက် ရဖို့စီစဉ်နေပါတယ်၊ သူတို့အတွက် ကိုယ်စားသွားရောက်ထုတ်ယူမယ့်သူတွေအတွက် ပတ်ပို့စ်တွေ လျှောက်ပြီးပြီ၊ ဗီဇာတွေလည်းဝင်ပြီးပါပြီ၊ ဟိုဘက်က အဆင်ပြေပြီဆိုတာနဲ့ မိသားစုဝင်တွေကို ခေါ်သွားပြီး ထုတ်ယူကြမှာဖြစ်ပါတယ်၊ ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ၁၂ ဦးမှာ တစ်ဦးပဲ ဆေးရုံမှာကျန်ပါတော့တယ်၊ ကျန်တဲ့ ၁၁ ဦးကတော့ Tak ခရိုင် ဆေးရုံကဆင်းသွားပြီး သူတို့နေတဲ့ စက်ရုံကနေတစ်ဆင့် နီးစပ်ရာဆေးရုံတွေမှာ သွားရောက်ပြသပြီး လိုအပ်တဲ့သောက်ဆေး၊ ထိုးဆေးလုပ်တာမျိုးပဲ ရှိပါတော့တယ်"ဟု ပြောသည်။

Golden Royal Mandalay Services Co.,Ltd. အစီအစဉ်ဖြင့် ထိုင်းနိုင်ငံ Sukhonavason Co.,Ltd. လုပ်ငန်းခွင်သို့ MoU အရ သွားရောက်လုပ်ကိုင်ရန် အလုပ်သမားများစီးနင်းလာသော မော်တော်ယာဉ်သည် ဧပြီ ၉ ရက်တွင် မဲဆောက်မြို့အလွန် တောင်ပေါ်အဆင်းလမ်း၌ ဘီးပေါက်ပြီး ချောက်ထဲကျခဲ့သဖြင့် မော်တော်ယာဉ်ပေါ်တွင်လိုက်ပါလာသည့် အလုပ်သမား ၅၁ ဦးအနက် အမျိုးသမီးခြောက်ဦး သေဆုံးခဲ့ကာ ၁၂ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဧပြီ ၁၀ ရက်တွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ်ခင်ဇော်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ အလုပ်သမားသံအရာရှိများ၊ မြန်မာပြည်အလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာအေဂျင်စီ၊ ထိုင်းအေဂျင်စီတို့မှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ စစ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးဝိကျက်၊ Tak ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် မော်တော်ယာဉ်တိမ်းမှောက်မှုဖြစ်ခဲ့သည့်နေရာကို သွားရောက်ကြည့်ရှုခြင်း၊ သာမန်ထိခိုက်ဒဏ်ရာရသူများကို ထားရှိသည့် Maetho ရဲစခန်းနှင့် အတွင်းလူနာအဖြစ် ကုသနေသည့် အလုပ်သမား ၁၂ ဦးရှိရာ Tak ခရိုင် ဆေးရုံသို့သွားရောက်တွေ့ဆုံအားပေးခြင်းနှင့် ထောက်ပံ့ငွေများပေးအပ်ခြင်းတို့ ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် သေဆုံးသူခြောက်ဦးအတွက် မြဝတီခရိုင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးက ငွေကျပ် တစ်သိန်းစီနှင့် Golden Royal Mandalay Services Co., Ltd. မှ ငွေကျပ် ၁၂ သိန်းစီကို မြဝတီမြို့တွင် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခုအခါ သက်ဆိုင်ရာအနေဖြင့် သေဆုံးသူအလုပ်သမားများအတွက် ရသင့်ရထိုက်သော လျော်ကြေးငွေ ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပြီး ထိခိုက်ဒဏ်ရာရရှိသည့် အလုပ်သမားများကိုလည်း သက်သာပျောက်ကင်းသည်အထိ ဆေးကုသမှုခံယူနိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးကို ညှိနှိုင်းထားသည့်အပြင် နောက်နောင်တွင် ယင်းကဲ့သို့ ဝမ်းနည်းဖွယ်အဖြစ်ဆိုးမျိုးကို ရှောင်ရှားနိုင်ရန် အလုပ်သမားများ ခေါ်ယူရာတွင် လုံခြုံမှုရှိသည့် မော်တော်ယာဉ်များနှင့် ကျွမ်းကျင်မှုရှိသော ယာဉ်မောင်းများကိုသာ အသုံးပြုသွားရန် ထိုင်းနိုင်ငံအစိုးရကို ညှိနှိုင်းအကြောင်းကြားထားကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

> " တာဝန်ခံမှု၊ တာဝန်ယူမှုရှိစွာနဲ့ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ပါတယ်၊ သေဆုံးခဲ့သူတွေအတွက်ကိုလည်း ကရုဏာကြေးပေးခဲ့ပါတယ်၊ အသက်အာမခံကြေးတွေကလည်း သီးခြားထပ်ရဦးမှာပါ "

# စက်သုံးဆီဈေးနှုန်း တည်ငြိမ်စေရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၁၂**
စက်သုံးဆီဈေးနှုန်း တည်ငြိမ်စေရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၁ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စက်သုံးဆီသည် အရေးကြီးကုန်စည်တစ်ခု ဖြစ်ပါကြောင်း၊ စက်သုံးဆီဈေးနှုန်းကြီးမြင့်လာမှုကြောင့် စီးပွားရေးကဏ္ဍသာမက ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ကဏ္ဍများနှင့်ပါ ဆက်စပ်နေပါကြောင်း၊ ဧပြီ ၁၂ ရက်က နေပြည်တော်တွင် စက်သုံးဆီဈေးနှုန်း တည်ငြိမ်စေရေးအတွက် အစည်းအဝေး ကျင်းပခဲ့ပါကြောင်း၊ အဆိုပါ အစည်းအဝေးတွင် စက်သုံးဆီဈေးနှုန်း တည်ငြိမ်စေရေးအတွက် ချက်ချင်းဆောင်ရွက်ရမည့်ကိစ္စများ၊ ကာလလတ် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ရေရှည်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါ ဆုံးဖြတ်ဆောင်ရွက်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများကို ယခုအစည်းအဝေးတွင် တင်ပြဆွေးနွေးကြရန်နှင့် ဆောင်ရွက်ရန်ကျန်သည့်ကိစ္စရပ်များအပေါ် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စက်သုံးဆီဈေးနှုန်း တည်ငြိမ်မှန်ကန်စေရေး စီမံဆောင်ရွက်သင့်သည့်ကိစ္စရပ်များကို အကြံပြုဆွေးနွေးပေးရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၊ တာဝန်ရှိသူများနှင့် စက်သုံးဆီသိုလှောင်ဖြန့်ဖြူးသည့် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန်အတွက် မြေနေရာယူထားသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားမှု အခြေအနေများ၊ ဖြေရှင်းဆောင်ရွက်ပေးစေလိုသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးမှာကြားသည်။

အဆိုပါအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်



များ၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးသည့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြေနေရာယူထားသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အိမ်ခြံမြေများများဝယ်နိုင်အောင် အတိုးနှုန်းချပေးသွားလျှင် ပိုမိုအဆင်ပြေမည်

**ရန်ကုန် မေ ၁၂**
လက်ရှိအခြေအနေမှာ ရန်ကုန်မြို့၏ အိမ်ခြံမြေအရောင်းအဝယ်ဈေးကွက် အေးနေခြင်းနှင့် ဘဏ်နှင့်ချိတ်ဆက်ဝယ်ယူတဲ့အခါ အတိုးနှုန်းတွက်ချက်မှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါ်မို့မို့အောင်နှင့် တွေ့ဆုံမေးမြန်းမှုများကို ရေးသားတင်ပြလိုက်ပါသည်။

**မေး။ ။ လက်ရှိ အိမ်ခြံမြေ ဈေးကွက်အနေအထားလေးကိုလည်း သုံးသပ်ပေးပါဦး။**

ဖြေ။ ။ အခုလောလောဆယ်က ဈေးကွက်တွေ ပိုအေးနေတယ်။ ဟိုတလောတုန်းက လွှတ်တော်မှာ ပုဒ်မ-၂၅ အရ အိမ်ခြံမြေဈေးနှုန်း သုံးရာခိုင်နှုန်း၊ ငါးရာခိုင်နှုန်း ကျသွားခဲ့တယ်ဆိုရင် အိမ်ခြံမြေက တစ်မျိုးတစ်ဖုံပြောင်းလဲသွားနိုင်ပါတယ်။ အခုလောလောဆယ်မှာတော့ ဒီဥစ္စာက သီးခြားထွက်မယ်လိုပြောထားတဲ့အတွက် ဘယ်အချိန်မှာထွက်မလဲ၊ ဘယ်လောက်နှုန်းဖြစ်မလဲဆိုတဲ့အပေါ်မှာပဲ မူတည်နေတဲ့ အိမ်ခြံမြေအပြောင်းအလဲတွေ ဖြစ်ပါတယ်။

**မေး။ ။ အနာဂတ် အိမ်ခြံမြေဈေးကွက်နဲ့ ပတ်သက်ပြီး ပြောကြားပေးပါဦး။**

ဖြေ။ ။ အနာဂတ်အတွက်ကတော့ အခွန်နှုန်းထားတွေက အခုကတော့ ၃၄ ရာခိုင်နှုန်း အဲဒီကနေ ဘယ်လောက်ထိ ကျသွားမလဲ၊ ကျသွားတဲ့အပေါ်မှာပဲ မူတည်လိမ့်မယ်ထင်တယ်။ ဒါပေမဲ့ ပထမရွှေခေတ် ၁၉၉၇ တုန်းက ဖြစ်ခဲ့တယ်။ ဒုတိယရွှေခေတ်က ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ တုန်းက ဖြစ်ခဲ့တယ်။ အနာဂတ်မှာ အဲဒီလောက်တော့ဖြစ်လာမှာ မဟုတ်တော့ဘူး။ ဒါပေမဲ့ ပုံမှန်အားဖြင့်တော့ အိမ်ခြံမြေက ပြန်လည်ပတ်သွားမှာပါ။

**မေး။ ။ ဘဏ်တွေနဲ့ ချိတ်ဆက်ပြီးတော့ အရစ်ကျဝယ်နေတဲ့အပေါ်မှာ အန်တီတို့အနေနဲ့ ဘယ်လို ဆောင်ရွက်ပေးသလဲဆိုတာလေး သိပါရစေ။**

ဖြေ။ ။ ဆောက်လုပ်ရေးကုမ္ပဏီတွေက ဘဏ်တွေနဲ့ တစ်ခါတည်း ချိတ်ဆက်ပေးတာ ရှိတယ်။ KBZ ဘဏ်၊ ဧရာဝတီဘဏ်၊ ရိုးမဘဏ်တွေနဲ့ ချိတ်ဆက်ပေးပါတယ်။ ချိတ်ဆက်ပေးတာ ငါးနှစ်လား၊ ၁၀ နှစ်လား အဲဒီ ၁၀ နှစ်အပေါ်မှာ တစ်ခါတည်း ဘဏ်အတိုးနှုန်း တွက်ချက်ထားတယ်။ အဲဒီလို မဟုတ်ဘဲနဲ့ အကြံပေးချင်တာက သွင်းလိုက်တဲ့နှုန်းထားအတိုင်း ဘဏ်အတိုးနှုန်းတွေ လျော့သွားမယ်ဆိုရင် ပြည်သူတွေအတွက် ပိုအဆင်ပြေလိမ့်မယ် ထင်ပါတယ်။ ကုမ္ပဏီတွေအနေနဲ့လည်း အိမ်ခြံမြေရောင်းကောင်းမယ်။ ဝယ်တဲ့သူတွေအနေနဲ့ကလည်း ပိုပြီးတော့ ဝယ်ချင်လာမယ်။ အဲလိုမျိုးလေးတော့ အကြံဉာဏ်ပေးချင်ပါတယ်။

**မေး။ ။ လက်ရှိအခြေအနေမှာရော ဘဏ်နဲ့ ချိတ်ဆက်ပြီးဝယ်တာ ဘယ်လိုအတိုင်းအတာတွေရှိလဲ။**

ဖြေ။ ။ ဝယ်တဲ့သူတွေက ဘဏ်နဲ့ချိတ်ဆက်ဝယ်ရင် ကျွန်မပြောသလိုမျိုး ဘဏ်အတိုးနှုန်းလျှော့ဖို့ အသံလေးတွေကြားရတယ်။ ကျွန်မတို့ကတော့ ဝယ်တဲ့သူတွေအားလုံးကို ဝယ်စေချင်ပါတယ်။ ပိုင်ဆိုင်စေချင်တယ်။ တခြားနိုင်ငံတွေမှာလိုပဲ နှစ်ရှည်နဲ့ ပိုင်ဆိုင်စေချင်တယ်။ ဝယ်တဲ့လူတွေက တွက်ချက်တဲ့အခါမှာ အတိုးနှုန်းက အိမ်ဝယ်တဲ့နှုန်းလောက်နီးပါး သုံးပုံနှစ်ပုံနီးပါးလောက် တက်လာတယ်ဆိုတဲ့အခါကျတော့ ဝယ်ဖို့စဉ်းစားမှုတွေ ဖြစ်လာတယ်။ လူတွေများများဝယ်နိုင်အောင် အတိုးနှုန်းကို တစ်ခါတည်းမတွက်ဘဲနဲ့ သွင်းလိုက်တဲ့ငွေအတိုင်း အတိုးနှုန်းချပေးသွားတယ်ဆိုရင် ပိုအဆင်ပြေလိမ့်မယ် ထင်ပါတယ်။

**မေး။ ။ အဲဒီလိုဘဏ်နဲ့ချိတ်ဆက်ပြီး အရစ်ကျဝယ်ယူမှုတွေက ဘယ်မြို့နယ်တွေကို အဝယ်များလဲ။**

ဖြေ။ ။ အရစ်ကျက လောလောဆယ်မှာ ဗဟန်းဇရိယာ၊ ရန်ကင်းဇရိယာ၊ ကမာရွတ်ဇရိယာတွေမှာ ကွန်ဒိုမီနီယံဆောက်တာများနေတာပေါ့။ အဲဒီနေရာတွေမှာ ကွန်ဒိုတွေ ချိတ်ဆက်တာတွေ တွေ့ရတယ်။ နည်းနည်းသေးသွားတယ်ဆိုရင် တောင်ဥက္ကလာဘက်မျိုးတွေမှာ တွေ့ရတယ်။ ရန်ကုန်မြို့မှာရှိတဲ့ မြို့နယ် ၄၀ ကျော်မှာ မြို့နယ် ၂၀ ကျော်လောက်ပဲ ဒီလိုဆောက်ပြီး ရောင်းနေတာရှိတဲ့အခါကျတော့ သူ့ဟာနဲ့သူ ချိတ်ဆက်ဝယ်နေကြတာတော့ ရှိပါတယ်။

**မေး။ ။ လက်ရှိ အိမ်ခြံမြေဈေးကွက်မှာ အဝယ်နဲ့အငှားက ဘယ်ဟာက ပိုပြီးသွက်လဲ။**

ဖြေ။ ။ အငှားက ပိုပြီးတော့သွက်ပါတယ်။ အရောင်းအဝယ်က မဖြစ်ဘူးလားဆိုတော့ မဖြစ်မနေဝယ်ရမယ့်သူတွေက ဝယ်ကြပါတယ်။ အရင်တုန်းကဝယ်ထားတဲ့ သူတွေကလည်း လက်ရှိအချိန်မှာ ပုံမှန်ငွေဆက်သွင်းနေတာတွေ ရှိပါတယ်။ မြေဈေးကတော့ ကျနေပါတယ်။ သုံးပုံတစ်ပုံလောက် မြေဈေးကကျသွားတယ်။

**မေး။ ။ အခုလိုအိမ်ခြံမြေဈေးကွက်အေးနေတာကို ဘယ်လိုမျိုး ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဖို့ရှိသလဲ။**

ဖြေ။ ။ အိမ်ခြံမြေအသင်းအနေနဲ့ကတော့ အစည်းအဝေးတွေမှာ တွေ့တဲ့အခါမှာ ဘဏ်တွေကိုလည်း အတိုးများတယ်ဆိုတဲ့အကြောင်း၊



သွင်းပြီးတဲ့ငွေတိုင်းမှာ အတိုးနှုန်းတွေ ချသွားပေးပါဆိုတဲ့ အကြောင်းတွေကိုလည်း အကြံဉာဏ်တွေပေးပါတယ်။ အန်တီတို့အနေနဲ့ကတော့ သက်ဆိုင်ရာတာဝန်ရှိသူတွေကို အကြံဉာဏ်ပဲ ပေးလို့ရပါမယ်။ ကျန်တာတော့ ဘာမှမရှိပါဘူး။ ဘာလုပ်ငန်းဖြစ်ဖြစ် ကျွမ်းကျင်တဲ့သူတွေရှိပါတယ်။ အိမ်ခြံမြေမှာ ကျွမ်းကျင်တဲ့သူရှိသလို ကားဆိုလည်းကားပေါ့ ကျွမ်းကျင်တဲ့သူရှိတယ်။ အဲဒီလို ကျွမ်းကျင်တဲ့သူတွေနဲ့ ပူးပေါင်းဆွေးနွေးမှ အဖြေမှန်တစ်ခုထွက်မှာပါ။ ကျွန်မတို့အသင်းကြီးအနေနဲ့ကလည်း နိုင်ငံတော်အတွက်ရော ပြည်သူအတွက်ပါ ရပ်တည်ပေးဖို့ လုပ်ဆောင်ပေးဖို့ အစီအစဉ်တွေ ရှိပါတယ်။ အဲဒီအတွက်ကြောင့် ဘယ်အချိန်ပဲ ဖြစ်ဖြစ် အန်တီတို့ကို အကူအညီတောင်းရင် လုပ်ပေးဖို့အဆင့်သင့်ပါလို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေကို ပြောထားပါတယ်။

**သတင်းနှင့် ဓာတ်ပုံ-ဇာနည်မောင်၊ အေးမင်းသူ**

# တောင်သူလယ်သမား ဦးကြီးများသို့ အသိပေးကြေညာချက်

၁။ တောင်သူဦးကြီးများအတွက် ၂၀၁၈ ခုနှစ်၊ မိုးရာသီစိုက်ပျိုးစရိတ်များ ထုတ်ချေးရာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲများ၌ ၂၀၁၈ ခုနှစ် မေလ ၁၇ ရက်နေ့မှစတင်၍ ထုတ်ချေးမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဇွန်လကုန်တွင် အပြီးထုတ်ချေးရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ယင်းသို့ ထုတ်ချေးရာတွင် ယခင်နှစ်များက တောင်သူသုံးဦး အစုအဖွဲ့အလိုက် (ဝိုင်းလေးချုပ်) အာမခံသည့်စနစ်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ - ၇) မူရင်းကိုပြသစေပြီး တိုက်ဆိုင်စစ်ဆေး၍ထုတ်ပေးခဲ့ပါသည်။ အဆိုပါစနစ်အရဝိုင်းလေးချုပ်တွင်ပါဝင်သူ တောင်သူတစ်ဦးဦးက ချေးငွေပြေကျေအောင်ပေးဆပ်ရန် ပျက်ကွက်ပါက ကျန်နှစ်ဦးကိုလည်း ချေးငွေသစ်ထုတ်ချေးခြင်း မပြုသဖြင့် ချေးငွေပြေကျေသော တောင်သူများမှာ နစ်နာမှုများရှိခဲ့ပါသည်။

၃။ သို့ဖြစ်ရာ ယခု ၂၀၁၈ ခုနှစ် မိုးချေးငွေထုတ်ချေးသည့်အခါ ယခင်ကျင့်သုံးခဲ့သော တောင်သူလယ်သမားသုံးဦး အစုအဖွဲ့အချင်းချင်း အာမခံသည့်ပုံစံဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ - ၇) မူရင်းကို တိုက်ဆိုင်စိစစ်၍ ချေးငွေထုတ်ချေးသည့်ပုံစံအစား တောင်သူတစ်ဦးချင်း ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) မူရင်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အပေါင်အဖြစ်ပေးအပ်၍ တောင်သူတစ်ဦးချင်းက ကိုယ်တိုင်အာမခံသည့်စနစ်ဖြင့် ရှင်းလင်းလွယ်ကူစွာ ထုတ်ချေးမည့်ပုံစံသို့ ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ စိုက်ပျိုးစရိတ်ချေးငွေရယူမည့် တောင်သူဦးကြီးများအနေဖြင့် ၂၀၁၈ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စိုက်ပျိုးရာသီ အချိန်မီရရှိရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန်နှင့် သတ်မှတ်ကာလအတွင်း ချေးငွေများလာရောက်ထုတ်ယူကြပါရန် လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

# ဓာတ်အားပြတ်တောက်နိုင်ကြောင်း အများပြည်သူသို့ အသိပေး

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များတွင် ၆၆ ကေဗွီ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံများ၊ Distribution Transformer များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ မိုးဦးကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေရှည်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာပေးနိုင်ရေးအတွက် ဟောင်းနွမ်း၍ ဝန်အားမနိုင်တော့သော ၁၁ ကေဗွီ ဓာတ်အားလိုင်းကြိုးများအား လျှပ်ကာပါသော ဓာတ်အားလိုင်းကြိုးအသစ်များဖြင့် လဲလှယ်ခြင်းလုပ်ငန်းများကို မေ ၁၅ ရက် (အင်္ဂါနေ့)နှင့် မေ ၁၇ ရက် (ကြာသပတေးနေ့)တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်စဉ်အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဥက္ကံ၊ ဒါးပိန်၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ရွှေပေါက်ကံ၊ တောင်ဥက္ကလာ၊ ဒဂုံဆိပ်ကမ်း၊ သင်္ဃန်းကျွန်း၊ ရန်ကင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ တာမွေ၊ အင်းတိုင်၊ မြောင်းတကာ၊ ရွှေလင်ပန်း၊ ထန်းတပင်၊ မြောက်ဥက္ကလာပ၊ ရွှေပေါက္ကံ၊ မရမ်းကုန်း၊ လှိုင်မြို့နယ်များရှိ ရပ်ကွက်အချို့တို့တွင် အဆိုပါရက်များ၌ အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှု အနည်းငယ်ရှိနိုင်ပါသည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်လာနိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ လေးစားစွာ အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း**

✻ ကျောဖုံးမှ

အထောက်အထားများရှိကြောင်း၊ နောင်အခါတွင် တရားဥပဒေ ပုဒ်မ ၁၇/၁ နှင့် အရေးယူခံရမည်ဖြစ်ကြောင်း တိုင်းမှူးက ပြောကြားသည်။

"အချို့သောဘာသာရေးအဖွဲ့ပေါ့၊ သူတို့ဝင်လာရင် ရွာသားတွေ မလုပ်ရဲ၊ မကိုင်ရဲ၊ မပြောရဲ၊ မဆိုရဲ ဖြစ်တာတွေ ကျွန်တော်တို့ တွေ့ရတယ်၊ ဥပမာ-အောင်လော့ဒ် ဆိုရင် ရွာသားတွေ ဝင်လာပြီးတော့ တနိုင်းကို သတင်းပို့တယ်၊ အောင်လော့ဒ်မှာ ပျက်စီးမှုမရှိဘူးဆိုတာ အခုရောက်ခဲ့တဲ့ သတင်းသမားတွေ အသိပဲ၊ ဖျက်ဆီးထားတာလည်း မရှိဘူး၊ တိုက်ပွဲဖြစ်တဲ့ အခါမှာတောင် ကျွန်တော်တို့က ရွာထဲကို လုံးဝမပစ်ဘဲ ရန်သူ့နယ်မြေနဲ့ စခန်းကိုပဲ ကန့်သတ်ပြီး ပစ်တာ၊ ဘာမှ ပျက်စီးတာမရှိတဲ့အတွက် တနိုင်းက RC ဘုန်းတော်ကြီးက သူတို့ကိုယ်တိုင် လိုက်မယ်၊ ရွာသားတွေ နေရအောင်လုပ်ပေးပါမယ်ဆိုပြီး သူတို့ပါ ပူးပေါင်းဆောင်ရွက်တာ တွေ့ရတယ်၊ ဒါပေမယ့် နောက်ထပ် ဘာသာရေးအဖွဲ့တစ်ဖွဲ့ ထပ်ဝင်လာတော့ ကျေးရွာသူ၊ ကျေးရွာသားတွေက မလိုက်တော့ဘူး၊ ဒါနဲ့ ရွာသားတွေ အမှန်တကယ်နေလို့ရမရ ပြည်နယ်အစိုးရအဖွဲ့က သွားကြည့်တဲ့အခါ လမ်းမှာ ပြည်နယ်အစိုးရအဖွဲ့ကားကို သေနတ်နဲ့ပစ်တယ်၊ ပစ်ပြီးသွားတဲ့အခါမှာ သူမပစ်ပါဘူးငြင်းတယ်၊ KIA ရဲ့ ရည်ရွယ်ချက်က ဒုက္ခသည်တွေ များလာတယ်၊ လူ့အခွင့်အရေး ချိုးဖောက်တယ်ဆိုတာမျိုးကို ဦးတည်နေတယ်"ဟု ပြောသည်။

စစ်ဆင်ရေးကာလအတွင်းမှာ လေကြောင်းတိုက်ခိုက်မှု ရှိခဲ့သလား၊ ရှိခဲ့ရင် ဘယ်နှကြိမ်ရှိခဲ့သလဲ မေးမြန်းချက်နှင့် ပတ်သက်၍ တိုင်းမှူးက ဖြေကြားရာတွင် "တိုက်တဲ့အခါကျရင် ရန်သူဆိုမှတော့ ကျွန်တော်တို့ ပေါ့ပေါ့ပါးပါးလေး တိုက်တာမရှိဘူး၊ စစ်ရဲ့ သဘောသဘာဝကိုက ရန်သူကို သာလွန်တဲ့ အင်အားနဲ့ တိုက်ရမယ်၊ ဒါမှသာ ကျွန်တော်တို့လူတွေ အထိအခိုက်နည်းမယ်၊ အကြိမ်အရေအတွက်ကတော့ တိုက်ခိုက်ခဲ့တာတွေဖြစ်တဲ့အတွက် ပြောစရာ မရှိပါဘူး၊ လေကြောင်းတိုက်ခိုက်မှုအားလုံးသည် နည်းပညာနဲ့ဆိုင်တဲ့ အချက်အလက်တွေသုံးပြီး ကျွန်တော်တို့က စခန်းက ဘယ်မှာရှိတယ်၊ ရန်သူက ဘယ်မှာရှိတယ်၊ ရွာက ဘယ်နေရာဆိုတာကို အကုန်ခွဲခြားထားပြီးသား ဖြစ်ပါတယ်၊ တိုက်ခိုက်မှု မှန်သမျှသည်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တေဇကျော် သတင်းမီဒီယာများ၏ မေးမြန်းမှုကိုပြန်လည်ဖြေကြားစဉ်။

ရန်သူ့စခန်းတည့်တည့်ကိုသာ အတိအကျ တိုက်ခဲ့တာဖြစ်တယ်၊ ရွာတွေကို ကျွန်တော်တို့ အကုန်ရှောင်တယ်၊ ရန်သူလား၊ ကျေးရွာလား မသေချာရင် ကျွန်တော်တို့ လုံးဝ မပစ်ဘူး၊ ရန်သူရှိနိုင်တယ်ဆိုပြီး ကျွန်တော်တို့ လုံးဝ မပစ်ဘူး၊ သေချာမှ တိုက်တယ်၊ မသေချာရင် လုံးဝ မတိုက်ဘူး"ဟု ဖြေကြားသည်။

ဆက်လက်၍ "အောင်လော့ဒ်ကျေးရွာကို သတင်းသမားတွေ ရောက်ခဲ့တာပဲ၊ မြေပြင်အနေအထားလည်း တွေ့ခဲ့တာပဲ၊ တကယ်တော့ အောင်လော့ဒ်ဟာ ပြည်နယ်အစိုးရရဲ့ အုပ်ချုပ်မှုအာဏာအတွင်းမှာ လုံးဝမရှိဘူး၊ အခုဆိုရင် တွေ့လိမ့်မယ်၊ KIA တရားစီရင်တဲ့ တရားရုံးတို့၊ ပညာရေးရုံးတို့ ဒါမျိုးတွေနဲ့ သွားတယ်၊ ကျွန်တော်တို့ မူလရည်ရွယ်ချက်က နိုင်ငံတော်အတွင်းမှာ တည်ငြိမ်အေးချမ်းဖို့၊ တရားဥပဒေ စိုးမိုးမှုရှိဖို့တို့ ရှိရမယ်၊ နိုင်ငံတော်အစိုးရရဲ့ အာဏာစက်ဟာ သက်ရောက်ရမယ်၊ အောင်လော့ဒ်မရောက်ခင် ဖြတ်သွားတဲ့ နေရာတွေမှာ ညောင်ရမ်းစခန်းကို တွေ့ရမယ်၊ ဒါတွေကို ကျွန်တော်တို့ တိုက်ခဲ့တာ၊ KIA တပ်ရင်းဌာနချုပ်နားမှာ နေမှတော့ ဆွေမျိုးတွေ ဖြစ်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်၊ ဒါပေမယ့် ဆွေမျိုးတွေဖြစ်လို့ဆိုပြီး ကျွန်တော်တို့ မတိုက်ဘူး၊ အိမ်တွေ ဒီအတိုင်းရှိတယ်၊ ဒါပေမယ့် သူတို့ကို ဆွဲခေါ်သွားတယ်။

"ကျွန်တော်တို့ ဒီမှာ ခေါ်ပါတယ်၊ အကူအညီတွေ ပေးမယ်၊ နေရာထိုင်ခင်းတွေ လုပ်ပေးမယ်၊ ရွာမပျက်ပါဘူးလို့ ပြောတာတောင် မလာဘူး၊ ကျွန်တော်ပြောတဲ့အထဲမှာ မပါတဲ့ လူတွေ ပြန်ရောက်လာကြတယ်၊ လူဦးရေ ၂၀၀ လောက် ပြန်ရောက်လာကြတယ်။

"ကျွန်တော်တို့ကတော့ ပြောထားပြီးသား၊ ဒီနေရာကို တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိအောင် လုပ်မယ်၊ ဒီတော့ ဒါကို တားဆီးနေတဲ့ ဥစ္စာဆိုရင်တော့ ဖယ်ထုတ်ရမှာပဲ၊ ပုံမှန်အတိုင်းဖြစ်လာဖို့ KIA က NCA လမ်းကြောင်းပေါ် တက်လာမှပဲ ရမယ်၊ တက်မလာဘူးဆိုရင် နိုင်ငံတော်အစိုးရကို လက်နက်ကိုင်ပြီး တော်လှန်ပုန်ကန်နေသူတွေအဖြစ်သတ်မှတ်ပြီး အစွမ်းကုန်ရှင်းမှာပဲ။

"အရင်ကလည်း သူတို့ အခက်အခဲတွေရှိရင် မြို့ပေါ်လာပြီး ဒုက္ခပေးတာတွေရှိတယ်၊ ဥပမာ လားရှိုးလို နေရာမျိုးပေါ့၊ ဗုံးဖောက်ခွဲမှုတွေရှိတယ်၊ ကျွန်တော်တို့ဘက်ကတော့ အဖျက်အမှောင့် လုပ်လို့မရအောင် ပြည်နယ်ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းပြီး အစွမ်းကုန် ဆောင်ရွက်နေတယ်၊ ရန်သူကတော့ ချို(ဂျို)ပါတာ မဟုတ်တော့ ကျွန်တော်တို့လည်း သေသေချာချာ မသိဘူး၊ လုပ်ချင်လည်း လုပ်နိုင်တယ်၊ ဒါမှမဟုတ် အခြေအနေ စောင့်ကြည့်နေတာလည်း ဖြစ်နိုင်တယ်၊ မဖြစ်အောင်တော့ ကျွန်တော်တို့ အစွမ်းကုန် စောင့်ကြည့်နေတယ်။

"တိုက်ပွဲရှောင် ရွာသားတွေသည် KIA နဲ့ ဆက်နွှယ်မှုမရှိရင် သူတို့ကို ဘာမှ ကျွန်တော်တို့ မလုပ်ဘူး၊ KIA ကို သတင်းပေးနေမယ်၊ ဒါမှမဟုတ် KIA က ရွာသားအယောင်ဆောင်မယ်၊ မြို့ပေါ်တက်လာမယ်၊ သတင်းပေးမယ်၊ ဒါကို သိရင်တော့ ကျွန်တော်တို့ အရေးယူမယ်၊ တချို့ဘာသာရေးအဖွဲ့တွေ ရှိတယ်၊ KIA ဆီသွားတွေ့တယ်၊ ပြီးရင် ပြန်လာတယ်၊ ရည်ရွယ်ချက်နဲ့သွားတာ၊ သူတို့ပြောတာတွေမှာလည်း ရည်ရွယ်ချက်တွေ ပါတယ်၊ ဒီလိုဆိုရင်တော့ ကျွန်တော်တို့ အရေးယူမယ်၊ နိုင်ငံတော်မှာ ဥပဒေက တစ်ခုပဲ ရှိတယ်၊ စစ်သားပဲ ဖြစ်ဖြစ်၊ အရပ်သားပဲ ဖြစ်ဖြစ်၊ ဘာသာရေးအဖွဲ့အစည်းပဲ ဖြစ်ဖြစ် နိုင်ငံတော်ရဲ့ ဥပဒေကို လိုက်နာရမယ်၊ ကျွန်တော်တို့ တပ်မတော်သည်လည်း နိုင်ငံတော်က ထုတ်ပြန်ထားတဲ့ ဥပဒေတွေကို မလိုက်နာရင် အရေးယူခံရတာပဲ၊ နိုင်ငံတော်ရဲ့ ဥပဒေကော၊ စစ်ဘက်ဆိုင်ရာ ဥပဒေကော နှစ်မျိုးစလုံးနဲ့ ပြင်းပြင်းထန်ထန် အရေးယူတယ်၊ နိုင်ငံသားဖြစ်ရင် ဥပဒေကို လိုက်နာရမယ်ဆိုတာ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် အတူတူပဲ။

"ပိတ်မိနေတယ်ဆိုတဲ့ သူတွေသည် KIA ကနေ အတင်းအဓမ္မခေါ်ထားတဲ့ သူတို့ရဲ့ လူတွေပဲ ဖြစ်ပါတယ်၊ ကျန်တဲ့ ရွာသူရွာသား ဒေသခံက သူ့နေရပ်မှာ အေးချမ်းရင်လာနေမယ်၊ နေလို့မရရင် တခြားတစ်နေရာမှာ ခဏနေမယ်၊ ပြီးလို့ ကိုယ့်နေရပ်ကိုယ် ပြန်နေလို့ရရင် နေမယ်ဆိုတဲ့ သူတွေပဲ ရှိပါတယ်"ဟု တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်က ဖြေကြားသည်။

**သတင်း- ရဲခေါင်ညွှန့်**
**ဓာတ်ပုံ- ဖိုးထောင်**

# မူဆယ် ပစ်ခတ်မှုတွင် ဒဏ်ရာရ/ သေဆုံးသည့်သူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေများပေးအပ်

**မူဆယ် မေ ၁၂**

မူဆယ်မြို့နယ် ပန်ခမ်းကျေးရွာ ပန်ခမ်းတံတားထိပ်ရှိ ရဲကင်းစခန်းနှင့် နောင်ရမ်းလှေဆိပ် ပြည်သူ့စစ်ကင်းစခန်းတို့အား လက်နက်ကိုင်အဖွဲ့မှ လာရောက်ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် အရပ်သားပြည်သူ သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများရှိခဲ့ရာ ရှမ်းပြည်နယ်အစိုးရက အဆိုပါ ဒဏ်ရာရ/ သေဆုံးသည့်သူများအား သေဆုံးသူ တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းဖြင့် ၁၉ ဦးအတွက် ငွေကျပ် ၃၈ သိန်း၊ စိုးရိမ်ရဒဏ်ရာရရှိသူ ကိုးဦးအတွက် တစ်ဦးလျှင်ငွေကျပ် တစ်သိန်းနှုန်းနှင့် မစိုးရိမ်ရဒဏ်ရာရရှိသူ ၁၇ ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ငါးသောင်းနှုန်း စုစုပေါင်း ငွေကျပ် ၅၅၅၀၀၀၀ ထောက်ပံ့ရာ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း၊ မူဆယ်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်နှင့် ကော်မတီဝင်များက မူဆယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပေးအပ်ပြီး နွေးထွေးစွာ နှစ်သိမ့်အားပေးစကားများ ပြောကြားခဲ့သည်။

ဆက်လက်ပြီး မူဆယ်ခရိုင်စီမံခန့်ခွဲမှုကော်မတီမှ သေဆုံးသူ ၁၉ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်း၊ ဒဏ်ရာရရှိသူ ၂၆ ဦးအတွက် တစ်ဦးလျှင် ကျပ်သုံးသောင်းနှုန်း ပေးအပ်ထောက်ပံ့ခဲ့ကြောင်း၊ မူဆယ်မြို့နယ် စီမံခန့်ခွဲမှုကော်မတီကလည်း သေဆုံးသူ ၁၉ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်း၊ ဒဏ်ရာရရှိသူ ၂၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် တစ်သောင်းနှုန်းနှင့် စောင်၊ ခြင်ထောင်၊ ပုဆိုး အစုံ ၂၀၊ ခေါင်းအုံးအလုံး ၃၀ ပေးအပ်ထောက်ပံ့ခဲ့ကြောင်း၊ မူဆယ်ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဒဏ်ရာရ/သေဆုံးသူများအတွက် ငွေကျပ် ကိုးသိန်းနှင့် ပန်းဆေးဌာနေ ပြည်သူ့စစ်အဖွဲ့က တရုတ်ယွမ်ငွေ ၁၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ယခုနှစ်တွင် ပဲစင်းငုံကို စီးပွားဖြစ်မစိုက်ရန် တိုက်တွန်း

**ရန်ကုန် မေ ၁၂**

တောင်သူများအနေဖြင့် ယခုမိုးရာသီ ပဲစင်းငုံစိုက်ပျိုးချိန်တွင် ပဲစင်းငုံကို စီးပွားဖြစ် စိုက်ပျိုးရန်မသင့်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ပြောသည်။

"ဒီနှစ်မှာ အိန္ဒိယကလည်း အထွက်များတယ်၊ ပဲစင်းငုံက တခြားနိုင်ငံကလည်း သွင်းနေလို့ ဈေးကွက်က တော်တော်လုရမယ့် သဘောရှိတယ်၊ဒါကြောင့် ကိုယ့်ဒေသသုံး လိုသလောက်ပဲစိုက်ပါလို့ ပြောချင်တယ်" ဟု ၎င်းက ပြောသည်။

ပြီးခဲ့သည့်နှစ်က အိန္ဒိယသို့ ပဲစင်းငုံ တန်ချိန်နှစ်သိန်းခန့် တင်ပို့ခဲ့ပြီး ဈေးကွက်ဝယ်လိုအား၏ ၃၀ ရာခိုင်နှုန်းခန့်သာ မြန်မာနိုင်ငံမှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပဲစင်းငုံအထွက်အားလုံး၏ ၅၀ ရာခိုင်နှုန်းသည် အိန္ဒိယနိုင်ငံသို့သာ တင်ပို့နေခြင်းဖြစ်ပြီး အခြားဈေးကွက်မရှိသလောက် နည်းလွန်းသဖြင့် တောင်သူများ နစ်နာခြင်းမရှိစေရန် ယခုကဲ့သို့ တိုက်တွန်းခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသို့ မတ်ပဲတင်သွင်းမှုအားလုံး၏ ၇၀ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံမှ တင်သွင်းနေခြင်းဖြစ်သဖြင့် မတ်ပဲဈေးကွက်ကို အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်စရာမလိုအပ်သလို ပဲတီစိမ်းကိုလည်း မလေးရှား၊ အင်ဒိုနီးရှားမှ ပုံမှန်တင်သွင်းနေပြီး တရုတ်နှင့် ဥရောပနိုင်ငံများကိုလည်း တင်သွင်းနေသဖြင့် ပဲတီစိမ်းဈေးကွက်အတွက် ကြီးကြီးမားမား စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

"ပဲစင်းငုံကို လတ်တလောမှာ တန်ချိန်နှစ်သိန်းတင်သွင်းခွင့် ပေးလိုက်ပေမယ့် ပဲစင်းငုံဈေးကွက်က အာဖရိကနိုင်ငံတွေနဲ့ ယှဉ်ပြီးရောင်းရမှာဆိုတော့ နောက်နှစ် ပဲပေါ်ချိန်မှာ ဈေးကောင်းရဖို့ အလားအလာနည်းတယ်၊ ဒီတော့ တောင်သူတွေ မစိုက်ဖို့ အကြံပြုချင်တယ်" ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

ထိုကဲ့သို့ ပဲစင်းငုံဈေးကွက်မှာ အလားအလာကောင်းမွန်ခြင်းမရှိနိုင်သဖြင့် ယခုနှစ်ပိုင်းအတွင်း ဈေးကောင်းရရှိနေသော ပြောင်းနှင့်အခြားဆီထွက်သီးနှံများကို ရွေးချယ်ပြောင်းလဲစိုက်ပျိုးသင့်ကြောင်းနှင့် အစိုးရအနေဖြင့် ဈေးကွက်အခြေအနေကိုလေ့လာပြီး တောင်သူများအကျိုးဖြစ်ထွန်းစေမည့် သီးနှံများကို အသိပေးထုတ်ပြန်သွားမည်ဖြစ်ကြောင်း ဦးတိုးအောင်မြင့်က ပြောသည်။

ပဲစင်းငုံသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် အဓိကစိုက်ပျိုးပြီး ရှမ်းပြည်နယ်တွင်လည်း အနည်းငယ်စိုက်ပျိုးကြောင်း သိရသည်။

လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံနှင့် အစိုးရချင်း ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် မေ ၄ ရက်တွင် မတ်ပဲနှင့် ပဲတီစိမ်း တန်ချိန်တစ်သိန်းခွဲစီ တင်သွင်းခွင့်ပြုခဲ့သလို မေ ၁၁ ရက်တွင်လည်း ပဲစင်းငုံတန်ချိန်နှစ်သိန်း တင်သွင်းခွင့်ပြုလိုက်ရာ ဈေးကွက်အတွင်း ဈေးနှုန်းများမြင့်တက်လာနေကြောင်း သိရသည်။ **GNLM**

❍ မြန်မာအမျိုးသမီးမှ

မြန်မာအမျိုးသမီးအသင်းသည် ယင်းခြေစမ်းခရီးစဉ်အား ကစားသမား ၂၅ ဦး ခေါ်ဆောင်သွားမည်ဖြစ်ပြီး တောင်ကြီးနှင့် မန္တလေးမြို့ခရီးစဉ်တွင် ကစားသမားများ၏ ခြေစွမ်းအား စောင့်ကြည့်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစမ်းပွဲများအဖြစ် မေ ၁၇ ရက်တွင် ဟိုပုန်းလူငယ်အသင်း၊ မေ ၁၉ ရက်တွင် တောင်ကြီး မျိုးဆက်သစ်လူငယ်အသင်း၊ မေ ၂၁ ရက်တွင် ကယားလက်ရွေးစင်ဟောင်းများအသင်း၊ မေ ၂၅ ရက်တွင် Lucky Home အကယ်ဒမီအသင်း၊ မေ ၂၇ ရက်တွင် Unity လူငယ်အသင်း၊ မေ ၂၉ ရက်တွင် မန္တလေး YDPP နည်းပြများအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လက်ရှိဖွဲ့စည်းထားသည့် မြန်မာအမျိုးသမီးအသင်းတွင် နည်းပြချုပ်အဖြစ် ဦးဝင်းသူမိုး၊ လက်ထောက် နည်းပြများအဖြစ် ဦးခင်မောင်ထွေး၊ ဒေါ်ဇင်မာဝမ်း၊ ဂိုးနည်းပြအဖြစ် ဦးမြကိုမင်း၊ အားကစားသမားများအဖြစ် ဂိုး- ဇာဇာမြင့်၊ သင်းသင်းစိုး၊ မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ နောက်တန်း - ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ ဇွန်ယုယဦး၊ ခင်မျိုးဝင်း၊ ယမင်းလွင်၊ အလယ်တန်း- ခင်မာလာထွန်း၊ သင်းသင်းယု၊ ရှုပါခိုင်၊ ခင်မိုမို ထွန်း၊ နော်အားလိုဝါးဖော၊ သန္တာမိုး၊ သန်းသန်းထွေး၊ ရှေ့တန်း - နုနု၊ ရီရီဦး၊ ဝင်းသိင်္ဂီထွန်း၊ ဂျူလိုင်ကျော်၊ ခင်မိုးဝေ၊ နီလာဝင်းတို့ ပါဝင်ကြသည်။

မြန်မာအမျိုးသမီးအသင်းသည် ပြည်တွင်းခြေစမ်းခရီးစဉ်ပြီးဆုံးပါက ဇွန် ၁၁ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲများ သွားရောက်ကစားမည်ဖြစ်ပြီး ထိုင်းလက်ရွေးစင်အသင်းအပါအဝင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

✻ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းမှ

ဒုတိယပိုင်းကစားပုံမှာ ပိုမိုဆိုးရွားခဲ့သည်။ GFA အသင်းသည် တိုက်စစ်မှူး ဂျော်ဒန်၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ဒဂုံအသင်းက ကချင်ယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဒဂုံအသင်းသည် ဒုတိယအဆင့်တွင် မကွေးအသင်းနှင့် တွေ့ဆုံနေသည်။

ပဒုမ္မာကွင်း၌ ကျင်းပသောပွဲတွင် ရှိုင်ရယ်သန်လျင်အသင်းက တက္ကသိုလ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ဒုတိယအဆင့်တက်ခဲ့ပြီး ရောဝတီအသင်းနှင့် ကစားရမည်ဖြစ်သည်။

ပထမအဆင့် (ဒုတိယနေ့)ကို မေ ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ စစ်ကိုင်းယူနိုက်တက်နှင့် မြဝတီ၊ အောင်ဆန်းကွင်း၌ Mountain Lion နှင့် မောရဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - စိုးညွှန့်**

# KIA / TNLA လက်နက်ကိုင်အဖွဲ့က မူဆယ်မြို့အား
# လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်၊ ၁၉ ဦး သေဆုံးပြီး ၂၇ ဦး ဒဏ်ရာရ

**နေပြည်တော် မေ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်းရှိ လုံခြုံရေးဂိတ်စခန်းများနှင့် မြို့တွင်းရှိနေအိမ်များသို့ ယနေ့နံနက်ပိုင်းတွင် KIA/TNLA လက်နက်ကိုင်အဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ၁၉ ဦး သေဆုံးပြီး ၂၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

KIA/TNLA အဖွဲ့သည် နံနက် ၅ နာရီခန့်မှ စတင်၍ မူဆယ်မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် နမ့်ခမ်းမြို့မ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ ပူးပေါင်းလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် မူဆယ်မြို့နယ် ပန်ခမ်းတံတားကို အင်အား ၅၀ ခန့်ဖြင့် အရှေ့တောင်ဘက်မှလည်းကောင်း၊ မူဆယ်မြို့အတွင်းရှိ နမ့်ခမ်းမြို့မ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ခေါင်းဆောင် ဦးအိုက်စံ၏ နေအိမ်တစ်ဝိုက်ကို အင်အား ၃၀ ခန့်ဖြင့် အရှေ့တောင်ဘက်မှလည်းကောင်း၊ မူဆယ်မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် နမ့်ခမ်းမြို့မပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ ပူးပေါင်းလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် မန်ဝိန်းဂိတ်ကို အင်အား ၁၀ ဦးခန့်ဖြင့်လည်းကောင်း၊ မူဆယ်မြို့ ပန်ခမ်းတံတားအနီးရှိ နောင်ရမ်းကျေးရွာကိုလည်းကောင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ နံနက် ၈ နာရီခန့်တွင် တောင်ဘက်သို့ ဆုတ်ခွာသွားခဲ့ကြောင်း။

ယင်းသို့ တိုက်ခိုက်မှုများကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦး၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်လေးဦး၊ အပြစ်မဲ့ တိုင်းရင်းသားပြည်သူအမျိုးသား ၁၂ ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ၁၉ ဦးသေဆုံးခဲ့ပြီး ရဲတပ်ဖွဲ့ဝင်သုံးဦး၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်ခြောက်ဦး၊ အပြစ်မဲ့ တိုင်းရင်းသားပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ၂၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သိရသည်။

**သတင်းစဉ်**



## ယုဇနဥယျာဉ်မြို့တော်နေ ပြည်သူများ သောက်သုံးရေ ပုံမှန်ရရှိရေး ဆန္ဒထုတ်ဖော်

**ရန်ကုန် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော်နေ ပြည်သူများမှ သောက်သုံးရေ ပုံမှန်ရရှိရေး လူထုဆန္ဒထုတ်ဖော်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ယုဇနဥယျာဉ်မြို့တော် ၉၄ ရပ်ကွက် မြသီတာပန်းခြံရှေ့၌ ပြုလုပ်သည်။

"တရားဝင်ခွင့်ပြုချက်ယူပြီး လုပ်ခဲ့တာပါ၊ ဆန္ဒထုတ်ဖော်ဖို့ စာတင်တာ၊ ၁၀ ရက်နေ့ကတင်တယ်၊ ၁၁ ရက်မှာ ခွင့်ပြုမိန့်ရခဲ့ပါတယ်၊ ယုဇနမှာ ရေနဲ့ပတ်သက်လို့ အခက်အခဲတွေဖြစ်နေတာကို သက်ဆိုင်ရာက သိသွားရင် ဒီရေပြဿနာကို အမြန်ဆုံးနဲ့ အထိရောက်ဆုံး ဖြေရှင်းပေးနိုင်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်"ဟု လူထုဆန္ဒထုတ်ဖော်ပွဲကို ဦးဆောင်သူ ဦးမောင်မောင်ဦးက ပြောသည်။

ယုဇန ဥယျာဉ်မြို့တော် အေ၊ ဘီ၊ စီ အပိုင်းလိုက်နှင့် စစ်တောင်းအိမ်ရာတို့တွင် တိုက်ခန်းပေါင်းတစ်သောင်းကျော်ရှိပြီး တစ်ခန်းလျှင် ရေဖိုးရေခ ၁၈၀၀ ကျပ်ကို မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ လစဉ်ပေးသွင်းနေရသော်လည်း ပုံမှန်သောက်သုံးရေ မရရှိသည့်အပြင် ပြင်ပမှလာရောက်ရောင်းချသည့်ရေကို ဈေးကြီးပေးဝယ်သုံးနေရကြောင်း ယုဇန ဥယျာဉ်မြို့တော်နေ ပြည်သူများထံမှ သိရသည်။

"ယုဇနမှာ ရေကနှစ်ရက်ခြား လာနေတာကနေ အခုဆို တစ်ပတ်လောက်ထိရေမလာတော့ဘူး၊ ရေဝယ်မယ်ဆို ရေဖိုးကတစ်ရက်ကို အပေါ်ထပ်ဆိုတစ်စည် ငွေကျပ် ၂၀၀၀၊ အောက်ထပ်ဆို ငွေကျပ် ၁၀၀၀၊ အလယ်ထပ်တွေ ငွေကျပ် ၁၅၀၀၊ အိမ်တစ်အိမ်မှာ ရေဖိုးက မကုန်ဘူးဆိုရင် တစ်ရက်ကို ငွေကျပ် ၄၀၀၀ ဆိုတာ အနည်းဆုံးကြာတော့ မတတ်နိုင်တော့ဘူး၊ အမြန်ဆုံးရေကိစ္စကို အဆင်ပြေစေချင်ပါတယ်"ဟု ယုဇန ဥယျာဉ်မြို့တော်(စီ)အပိုင်းတွင် နေထိုင်သူ မမြင့်က ပြောသည်။

ဆန္ဒဖော်ထုတ်တောင်းဆိုကြသည့် ပြည်သူများသည် သောက်သုံးရေ ပုံမှန်ရရှိရေး၊ တပ်ဆင်ထားသော ရေပိုက်များအရည်အသွေး စစ်ဆေးပေးရေး၊ ပြည်သူ့အကျိုးအမှန်တကယ် ဆောင်ရွက်နိုင်သည့် ရေကော်မတီများ ပြန်လည်ဖွဲ့စည်းပေးရေး၊ နိုင်ငံတော်မှ ယုဇနနေပြည်သူများ ရေပုံမှန်ရရှိရေး ဆောင်ရွက်ပေးရေး၊ ငွေကြေးအလွဲသုံးပြုသူများ ဖော်ထုတ်အရေးယူဖယ်ရှားရေး စသည့်ကြွေးကြော်သံများဖြင့် ပိုစတာ ဗီနိုင်းများကိုင်ဆောင်ကာ မြသီတာပန်းခြံမှ ယုဇနဥယျာဉ်မြို့တော်အတွင်းရှိ လမ်းများတစ်လျှောက် လမ်းလျှောက်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

**သီသီမင်း**

## ထားဝယ်မြို့ ကညံ့ရပ်ကွက် ရတနာမာရ်အောင်လမ်းရှိ မြေတိုက်ဘုန်းတော်ကြီးကျောင်း မီးလောင်မှုဖြစ်ပွား

**ထားဝယ် မေ ၁၂**

ထားဝယ်မြို့ ကညံ့ရပ်ကွက် ရတနာမာရ်အောင်လမ်းရှိ မြေတိုက်ဘုန်းတော်ကြီးကျောင်းတွင် မေ ၁၁ ရက် ညဉ့်သန်းခေါင်ယံအချိန်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်မှာ ဘုရားခန်းရှိ ဘုရားမီးပူဇော်ထားသည့် နေရာမှ ဝါယာရှော့ခ်ဖြစ်ကာ စတင်လောင်ကျွမ်းပြီး ကျောင်းဆောင်၏ မျက်နှာကြက်တစ်ခုလုံး မီးလောင်ကျွမ်းရာမှ ကျောင်းဆောင်တစ်ခုလုံး မီးလောင်သွားသည်။ ကျောင်းဆောင်မှာ လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ ခန့်က အလျားပေ ၁၄၀၊ အနံ ပေ ၁၀၀၊ အမြင့်ပေ ၃၀ ရှိ ရှေးဟောင်းပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးခြေတံရှည် သစ်သားကျောင်းဆောင်ဖြစ်ပြီး ကျောင်းထိုင်ဆရာတော်မှာ ဘဒ္ဒန္တကလျာဏ သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၂ ဝါ သီတင်းသုံးနေထိုင်သည့် ကျောင်းဆောင်ဖြစ်သည်။

မီးလောင်ရာသို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ဇေယျ၊ တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နေမျိုးတို့ ရောက်ရှိကြီးကြပ်ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**



## မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၂**

မူးယစ်တပ်ဖွဲ့စု(၃၈) မော်လမြိုင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၁ ရက် ညနေ ၄ နာရီခွဲက မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် စစ်မောင်လမ်း နန်းဦးရင်ခွင်တည်းခိုခန်း အခန်းအမှတ် ၂၀၅ ကို ရှာဖွေရာ ဇော်နိုင်နှင့် စိုင်းခမ်းကူတို့ကိုတွေ့ရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၇၈၅၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့မွန်းတည့် ၁၂ နာရီက မေယု-၂ စစ်ဆင်ရေးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်တွေမြို့နယ် ဥယျာဉ်သာကျေးရွာအုပ်စု စစ်တွေ-ရန်ကုန်ကားလမ်း လက်ဝဲတစ်လုံးတော်မုဒ်ဦးအနီး လမ်းမပေါ်တွင် မောင်လှ(ခ)ဟာရူယာ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဆေးခြောက် ၁ ဒသမ ၈ ကီလိုကိုလည်းကောင်း၊ အလားတူတောင်ကုတ်မြို့ ဂူတာရပ်ကွက် လျှပ်စစ်လမ်းတွင် တွေ့ရှိသူ သက်ဦးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၇၅၉ ပြားကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့နံနက် ၉ နာရီက မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့အထွက် လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဘု(VU)မောင်းနှင်လာသည့် ဆိုင်ကယ်အားရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ အလားတူ နံနက် ၉ နာရီက မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့ အောင်မေတ္တာရပ်ကွက် အိမ်အမှတ်(၇၄/၃၈)နေ မလောဖိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀၊ ရောင်စုံဆပ်ပြာခွက် ငါးခွက်(ဘိန်းဖြူအလေးချိန် သုည ဒသမ ၀၆ ကီလို)နှင့် မိုင်းကိုင်စက္ကူဖြင့် ထုပ်လျက် ဘိန်းစိမ်း သုည ဒသမ ၃၅ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မလောဖိန်းအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် လေးထောင့်ကန်လမ်း စံပြဈေးထိပ်တွင် မေ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းပညာပေးယာဉ်ဖြင့် သဃ်န်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုဦးနှင့် တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူမှောင်ခို၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးလုပ်ငန်း ဆောင်ရွက်စဉ်။ ကြေးမုံ**



# ပရီမီယာလိဂ်တွင် မကစားနိုင်ဟူသော ပြောကြားချက်များ မှားယွင်းသည်ကို သက်သေပြနိုင်ခဲ့ခြင်းကြောင့် ကျေနပ်မိကြောင်း ဆာလာဆို




လီဗာပူး တိုက်စစ်မှူး ဆာလာက လွန်ခဲ့သည့် နှစ်နှစ်တာကာလ ချယ်လ်ဆီးက ထွက်ခွာခဲ့ရစဉ်က သူ့ကို ပရီမီယာလိဂ်တွင် မကစားနိုင်သည့် ကစားသမားအဖြစ် ပြောခဲ့သူများအားလုံးကို မှားယွင်းကြောင်း သက်သေပြနိုင်ခဲ့သည့်အတွက် ကျေနပ်မိကြောင်း ဘောလုံးသတင်းရေးသားသူများက ချီးမြှင့်သည့် တစ်နှစ်တာ အကောင်းဆုံးကစားသမားဆု (FWA )ကို ရယူအပြီးတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

ဆာလာက "လွန်ခဲ့တဲ့လေးနှစ် ကျွန်တော် ပရီမီယာလိဂ်မှာရှိနေစဉ်မှာ လူတွေက ကျွန်တော်ဟာ ပရီမီယာလိဂ်မှာ မကစားနိုင်ဘူးလို့ ပြောခဲ့ကြတယ်၊ ဒီလိုပြောစကားတွေက ကျွန်တော့်ရဲ့စိတ်ကို အခက်အခဲတွေ အများကြီးဖြစ်စေခဲ့ပါတယ်၊ ကျွန်တော် ချယ်လ်ဆီးကနေ ထွက်ခွာလာရချိန်မှာလည်း သူတို့က အလားတူစကားကိုပဲ ပြောကြားခဲ့ကြပါတယ်၊ ဒီလိုပြောတဲ့သူတွေ အားလုံးမှားတယ်ဆိုတာ ကျွန်တော် သက်သေပြချင်ခဲ့တာပါ၊ ဒါက ချယ်လ်ဆီးက လူတွေကို ချည်း မဟုတ်ဘဲ အကုန်လုံးပါပါတယ်"ဟု ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

လီဗာပူးနည်းပြ ယာဂန်ကလော့ပ်က ဆာလာမှာ အီဂျစ်၊ အာဖရိကရပ်ဝန်းတစ်ခုလုံးအတွက် စံပြပုဂ္ဂိုလ်ဖြစ်လာပြီဖြစ်ကြောင်း ချီးကျူးစကား ဆိုခဲ့သည်။ ဆာလာကလည်း ယနေ့လို ခြေစွမ်းမျိုး ရရှိလာအောင် နည်းပြ ကလော့ပ်က များစွာကူညီပေးခဲ့ကြောင်းဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ချီးကျူးခဲ့ကြသည်။

ချယ်လ်ဆီးအသင်းသည် ဆာလာကို ၂၀၁၆ ခုနှစ်တွင် ရိုးမားအသင်းသို့ ထုတ်ရောင်းခဲ့ရာ ယခုလို ဆာလာခြေစွမ်းပြမှုကြောင့် ယင်းအချိန်က ချယ်လ်ဆီးအသင်းနည်းပြအဖြစ် ဆောင်ရွက်နေသူ မော်ရင်ဟိုအပေါ် ဝေဖန်မှုများ ကျရောက်လာခဲ့ရာ မော်ရင်ဟိုက ၎င်းက ဆာလာကို ဝယ်ယူခဲ့သူသာဖြစ်ပြီး ရောင်းချခြင်းကိစ္စရပ်ကို ချယ်လ်ဆီး တာဝန်ရှိသူများကသာ ဆုံးဖြတ်လုပ်ဆောင်သွားခဲ့ခြင်း ဖြစ်ကြောင်း ပြန်လည်တုံ့ပြန်ခဲ့ပြီးဖြစ်သည်။ ဆာလာသည် အသင်းဟောင်း ချယ်လ်ဆီးကို ရင်ဆိုင်ခဲ့သည့် ပွဲစဉ်တွင် ဟန်ဆောင်လှဲချပြီး ပင်နယ်တီရယူရန်ကြိုးစားခဲ့သဖြင့် လီဗာပူးနည်းပြ ယာဂန်ကလော့ပ်ကပင် ယင်းသို့ နောက်တစ်ကြိမ်ပြုမူသည်ကို မိမိမြင်တွေ့လိုခြင်း မရှိကြောင်း သတိပေးစကား ပြောကြားခဲ့ရသည်။



# ဝက်စ်ဟမ်းနှင့် ပွဲစဉ်ကို အဲဗာတန်နောက်ဆုံးပွဲစဉ်အဖြစ် ရွန်းနီ ကစားမည်

အင်္ဂလန်နှင့် မန်ယူအသင်းတို့၏ စံချိန်တင်သွင်းဂိုးရှင် ဝိန်းရွန်းနီမှာ မေဂျာလိဂ်ကလပ် ဒီစီယူနိုက်တက်အသင်းသို့ ၁၂ သန်းဖြင့် ပြောင်းရွှေ့မည့်ကိစ္စမှာ ပေါင် ၁၂ သန်းဖြင့် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ရာ လာမည့် တနင်္ဂနွေနေ့ ဝက်စ်ဟမ်းနှင့် ယှဉ်ပြိုင်မည့် ပွဲစဉ်မှာ ရွန်းနီ၏ အဲဗာတန်အသင်းအတွက် နောက်ဆုံးယှဉ်ပြိုင်သည့် ပွဲစဉ်ဖြစ်လာမည်ဖြစ်သည်။

ရွန်းနီမှာ ဒီစီယူနိုက်တက်အသင်းနှင့် ၂၀၂၀ ပြည့်နှစ်အထိ ရှိမည့် စာချုပ်ကို ချုပ်ဆိုရန် သဘောတူညီခဲ့ပြီး တစ်ပတ်လုပ်ခပေါင် ၃၀၀၀၀၀ ရရှိမည်ဖြစ်ကြောင်း The Sun သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။ အဲဗာတန်အသင်းက အဆိုပါလစာအတွက် တစ်ပတ်ပေါင် ၅၀၀၀၀ ပေးချေရမည်ဖြစ်ပြီး ရွန်းနီအနေဖြင့် ဝါရှင်တန်အခြေစိုက်ကလပ်အသင်းကို ရွေးချယ်ခြင်းက အင်္ဂလန်သို့ ပြန်လိုလျှင်လည်း လေယာဉ်စီးချိန် ရှစ်နာရီသာ ကြာမြင့်မည်ဖြစ်ခြင်းကလည်း အကြောင်းရင်းတစ်ချက်ဖြစ်ကြောင်း သိရသည်။ ရွန်းနီမှာ မေဂျာလိဂ်ဈေးကွက်ဖွင့်ချိန် ဇူလိုင် ၁၀ ရက်မတိုင်မီ အမေရိကသို့ ကြိုတင်ပြောင်းရွှေ့နိုင်ဖွယ်ရှိပြီး ရွန်းနီနှင့်အတူ ဇနီးဖြစ်သူ ကောလင်းနှင့် သားသမီးလေးဦးစလုံး လိုက်ပါပြောင်းရွှေ့မည်ဟု မျှော်လင့်ရသည်။

**ရွန်းနီ၏ ကစားသမားဘဝမှတ်တမ်း**

| ကလပ်အမည် | ကစားခဲ့သည့်ကာလ | ပွဲစဉ်အရေအတွက် | သွင်းဂိုး |
|---|---|---|---|
| အဲဗာတန် | ၂၀၀၂-၂၀၀၄ | ၇၇ | ၁၇ |
| မန်ယူ | ၂၀၀၄-၂၀၁၇ | ၅၅၉ | ၂၅၃ |
| အဲဗာတန် | ၂၀၁၇-၂၀၁၈ | ၄၀ | ၁၁ |

# အင်္ဂလန်ကလပ်အသင်း ၉၀ ကျော်တွင် အာဆင်နယ်အသင်း၏ ၂၀၁၈ အဝေးကွင်းရလဒ်အဆိုးဆုံးအဖြစ် မှတ်တမ်းဝင်

အာဆင်နယ်အသင်းဟာ ၂၀၁၈ ခုနှစ်အတွင်း ယှဉ်ပြိုင်ခဲ့တဲ့ ပြည်တွင်းလိဂ် အဝေးကွင်းပွဲစဉ်တွေမှာ ရမှတ်တစ်မှတ်မှ မရရှိခဲ့တာကြောင့် ဒါဟာ အင်္ဂလန်တစ်နိုင်ငံလုံးမှာရှိတဲ့ ကလပ်အသင်း ၉၂ သင်းမှာ အဆိုးဆုံးသော အဝေးကွင်းရလဒ်ဖြစ်ခဲ့တယ်ဆိုတာ ကိန်းဂဏန်းတွေက သက်သေပြနေပါတယ်။ ဒီရလဒ်က ပြီးခဲ့တဲ့လတုန်းက လိဂ်-၂က တန်းဆင်းခဲ့ရတဲ့ ချက်စတာဖီးလ်ထက်တောင် ဆိုးရွားတဲ့ရလဒ် ဖြစ်နေခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်ဟာ မေ ၉ ရက်က ယှဉ်ပြိုင်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ လက်စတာအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် ဒါဟာ ၂၀၁၈ ခုနှစ်အတွင်း သူတို့ရဲ့သတ္တမမြောက် အဝေးကွင်းရှုံးပွဲဖြစ်ခဲ့ပါတယ်။ အာဆင်နယ်ရဲ့ ၂၀၁၈ ခုနှစ်အတွင်း တစ်ခုတည်းသော အဝေးကွင်းနိုင်ပွဲက ယူရိုပါလိဂ်ပြိုင်ပွဲမှာ အေစီမီလန်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်ပြီး ကာရာဘာရိုဖလားပြိုင်ပွဲမှာ ချယ်လ်ဆီးနဲ့ သရေ၊ ယူရိုပါလိဂ်မှာ စီအက်စ်ကေအေသင်းတို့ကို သရေကစားနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ပရီမီယာလိဂ်ပွဲစဉ်တွေ အဝေးကွင်း ရမှတ်တစ်မှတ်မှ ရယူနိုင်ခြင်းမရှိဘဲ ဒီလိုရှုံးနိမ့်ခဲ့မှုမှာ အသင်းငယ်တွေဖြစ်တဲ့ ဝက်ဖို့ဒ်၊ လက်စတာတို့လိုအသင်းတွေကို ရှုံးနိမ့်မှုတောင် ပါဝင်တာကြောင့် အာဆင်နယ်ရဲ့ အဝေးကွင်းခြေစွမ်းက မေးခွန်းထုတ်စရာပါ။


ယခုနှစ်ဘောလုံးရာသီ ပရီမီယာလိဂ်မှ တန်းဆင်းသွားရတဲ့ စတုတ်စီးတီးအသင်းတောင် လေးမှတ်ရယူနိုင်ချိန်မှာ အာဆင်နယ်က ရမှတ်မဲ့ အနေအထားဖြစ်ခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့လကပဲ နည်းပြ ဝင်းဂါးက သူ့ကစားသမားတွေအနေနဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုခံစားနေရကြောင်း ဝန်ခံခဲ့ပေမယ့် အာဆင်နယ်မှာ ယခင်က အိမ်ကွင်းထက် အဝေးကွင်းရလဒ်ပိုကောင်းတဲ့ အစဉ်အလာရှိခဲ့ခြင်းက ယခုဝေဖန်မှုများကို ပိုမိုလက်ယပ်ခေါ်သလို ဖြစ်စေခဲ့ကြောင်း ဆိုသွားခဲ့ပါသေးတယ်။

**၂၀၁၈ ခုနှစ်အတွင်း အဝေးကွင်းရလဒ်အဆိုးဆုံး အင်္ဂလန်ကလပ်အသင်းများ**

| အသင်းအမည် | ရမှတ်ရရှိမှု |
|---|---|
| ၁။ အာဆင်နယ် | သုည |
| ၂။ ဝက်ဖို့ဒ် | ၁ မှတ် |
| ၃။ လီဒ်စ် | ၃ မှတ် |
| ၄။ ဘရိုက်တန် | ၃ မှတ် |
| ၅။ ဘော်လ်တန် | ၄ မှတ် |
| ၆။ ဆွမ်ဆီး | ၄ မှတ် |
| ၇။ စတုတ် | ၄ မှတ် |
| ၈။ ချက်စတာဖီးလ် | ၅ မှတ် |
| ၉။ ဘရစ်စတိုးစီးတီး | ၅ မှတ် |
| ၁၀။ ပေါ့ဗေးလ် | ၅ မှတ် |

# မော့ခ်နိုဘယ်လ်နှင့် ပေါ့ဘာတို့ တစ်ဦးနှင့်တစ်ဦး မခွဲနိုင်မခွာရက် ဖြစ်နေသည့်ပုံသာဖြစ်ဟု မော်ရင်ဟို ဟာသလုပ်

ဝက်စ်ဟမ်းနဲ့ မန်ယူအသင်းတို့ ယှဉ်ပြိုင်ခဲ့တဲ့ ပွဲစဉ်အတွင်း ပြဿနာဖြစ်ပွားခဲ့တဲ့ မော့ခ်နိုဘယ်လ်နဲ့ ပေါ့ဘာတို့နှစ်ဦးဟာ တစ်ဦးနဲ့တစ်ဦး မခွဲနိုင်မခွာရက် ရင်ချင်းအပ်နေတဲ့ပုံသာ ဖြစ်နေခဲ့တယ်လို့ မန်ယူနည်းပြ မော်ရင်ဟိုက ဟာသလုပ်ပြောကြားသွားခဲ့ပါတယ်။



ပွဲပြီးဆုံးရန် သုံးမိနစ်သာ လိုတော့တဲ့အချိန်မှာ နိုဘယ်လ်နဲ့ ပေါ့ဘာတို့ကြား ပြဿနာဖြစ်ခဲ့ကြတာဖြစ်ပြီး ပေါ့ဘာရဲ့ ခပ်ကြမ်းကြမ်း ဖျက်ထုတ်မှုကြောင့် နိုဘယ်လ်က ပေါ့ဘာကို ဒေါသပေါက်ကွဲကာ ထိပ်တိုက်ရင်ဆိုင်ခဲ့တာဖြစ်ပါတယ်။ ဒီပြဿနာထဲ အခြားကစားသမားအများအပြားလည်း ပါဝင်လာခဲ့ပေမယ့် ဒီပွဲမှာကွင်းလယ်ဒိုင်အဖြစ် တာဝန်ယူခဲ့တဲ့ ဂျွန်မော့စ်က ပေါ့ဘာကိုရော၊ နိုဘယ်လ်ကိုရော အဝါကတ်သာ ပြသတိပေးခဲ့တာကြောင့် နှစ်ဦးစလုံး ကံကောင်းခဲ့ကြပါတယ်။

မန်ယူနည်းပြ မော်ရင်ဟိုက "ကောင်းကောင်းထိန်းချုပ်နိုင်ခဲ့ကြပါတယ်၊ ကျွန်တော် ကြည့်ရသလောက် နိုဘယ်လ်ရော၊ ပေါ့ဘာရောရဲ့ ပုံရိပ်တွေက အချစ်ကမ္ဘာထဲ ရောက်နေတဲ့ လူတွေနဲ့သာ တူပါတယ်၊ ရင်ချင်းအပ်၊ အနမ်းတွေဖလှယ်ပြီး ပွဲပြီးဆုံးချိန်ကြရင် ဂျာစီလဲကြတာမျိုးပါ၊ ဒါကကောင်းပါတယ်"လို့သာ မှတ်ချက်ပြုသွားခဲ့တာ ဖြစ်ပါတယ်။

မော်ရင်ဟိုက မေ ၁၉ ရက် ချယ်လ်ဆီးနဲ့ ယှဉ်ပြိုင်မယ့် အက်ဖ်အေဖလား ဗိုလ်လုပွဲအတွက် လူချန်ထားတာကြောင့် အဓိကကစားသမား ရှစ်ဦးလောက်အထိ အပြောင်းအလဲပြုလုပ်ပြီး ဝက်စ်ဟမ်းကို ရင်ဆိုင်သွားခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်းဟာ ယခုပွဲမှာ သရေတစ်မှတ်သာ ရရှိခဲ့ပေမယ့် ပရီမီယာလိဂ်နောက်ဆုံးပွဲစဉ်မှာ ဝက်ဖို့ဒ်ကို ရှုံးနိမ့်ခဲ့မယ်ဆိုရင်တောင် ဒုတိယနေရာနဲ့ ရာသီသိမ်းနိုင်ဖို့ သေချာနေခဲ့ပါပြီ။

မေလှဲ့သင်း - ရေးသားသည်

# တံတားကြီးများဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**တံတားကြီးများဥပဒေကြမ်း**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် )**

**၁၃၇၉ ခုနှစ်၊ လ ရက်**

**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တံတားကြီးများဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရ အဖွဲ့ကို ဆိုသည်။

(ဂ) **ဒေသဆိုင်ရာအစိုးရအဖွဲ့**ဆိုသည်မှာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနက တံတားကြီးများနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်ထားသည့် ဦးစီးဌာနကိုဆိုသည်။

(စ) **တံတားကြီး**ဆိုသည်မှာ ဝန်ကြီးဌာနက တည်ဆောက်ထိန်းသိမ်းထားသည့် ပေ ၁၈၀ နှင့်အထက် မြစ် သို့မဟုတ် ချောင်းကူးတံတား၊ ခုံးကျော်တံတားနှင့် မိုးပျံတံတားတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် တံတားကြီးဖြစ်သည်ဟု ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် တံတားများလည်း ပါဝင်သည်။

(ဆ) **တိရစ္ဆာန်**ဆိုသည်မှာ အိမ်မွေးတိရစ္ဆာန်များနှင့် တောရိုင်းတိရစ္ဆာန်ကို ဆိုသည်။

(ဇ) **မော်တော်ယာဉ်** ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ စွမ်းအင် တစ်မျိုးမျိုးကိုဖြစ်စေ အသုံးပြု၍ လမ်းနှင့်တံတားများပေါ်တွင် မောင်းနှင်သွားလာနိုင်သည့်ယာဉ်ကို ဆိုသည်။

(ဈ) **ရထား**ဆိုသည်မှာ တွဲများ ချိတ်ဆက်ထားရှိသော သို့မဟုတ် ချိတ်ဆက်ထားခြင်း မရှိသော စက်ခေါင်း သို့မဟုတ် နောက်တွဲယာဉ် ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ သံလမ်းပေါ်မှ အလွယ်တကူ ဖယ်ရှားခြင်းမပြုနိုင်သော သံလမ်းပြေးယာဉ်ကဲ့သို့သော စက်တပ်ယာဉ်ကို ဆိုသည်။

(ည) **အနေးယာဉ်**ဆိုသည်မှာ အများပြည်သူဆိုင်ရာလမ်းပေါ်တွင် သွားလာခွင့်ရှိသည့် စက်ဘီး၊ တိရစ္ဆာန်ဆွဲလှည်း၊ လက်တွန်းလှည်း၊ လက်ဆွဲလှည်း၊ ဘေးတွဲ သို့မဟုတ် နောက်တွဲ ဆိုက်ကား အစရှိသည်တို့ကိုဆိုသည်။

(ဋ) **စက်ယန္တရား**ဆိုသည်မှာ မြေထိုးစက်၊ မြေတင်စက်၊ မြေညှိစက်၊ မြေတူးကော်စက်၊ လမ်းကြိတ်စက်၊ တုန်ခါလမ်းကြိတ်စက်၊ မြေသိပ်သည်းစက်၊ မြေသယ်စက်၊ ကျောက်ခွဲစက်၊ သစ်လုံးတင်စက်၊ ဝန်ချီစက် ၊ ဝန်မစက်၊ ကွန်ကရစ်သယ်ယာဉ်၊ နိုင်လွန်ကတ္တရာခင်းစက် အစရှိသည့် ယာဉ်တွင် တပ်ဆင်ထားသောဘီးကိုဖြစ်စေ၊ ချိန်းကြိုးကိုဖြစ်စေ၊ ဒလိမ့်ကို အသုံးပြု၍ဖြစ်စေ၊ စက်စွမ်းအားဖြင့် လွတ်လပ်စွာ ရွေ့လျားမောင်းနှင်နိုင်သည့် စက်ယန္တရားများကို ဆိုသည်။

(ဌ) **ရေယာဉ်** ဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကို ဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ရေကြောင်း၌သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသော စက်တပ်ရေယာဉ် သို့မဟုတ် စက်မဲ့ရေယာဉ် တစ်မျိုးမျိုးကိုဆိုသည်။

(ဍ) **တံတားချဉ်းကပ်လမ်း** ဆိုသည်မှာ တံတားကြီးနှင့်တစ်ဆက်တည်း ဆက်စပ်လျက်ရှိပြီး လမ်းမကြီးနှင့် တံတားဆက်စပ်ထားသည့် လမ်းအစိတ်အပိုင်းကိုဆိုသည်။

(ဎ) **တံတားခံနိုင်ဝန်** ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်ခွင့်ပြုထားသည့် ယာဉ်နှင့် ကုန် စုစုပေါင်း အလေးချိန်ကိုဆိုသည်။

(ဏ) **တံတားကြီးနယ်နိမိတ်**ဆိုသည်မှာ တံတားကြီးအသစ် တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်ရန် ဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ထားသည့်(ကုန်း+ရေ) နယ်နိမိတ်ကိုဆိုသည်။

(တ) **တံတားဆိုင်းဘုတ်** ဆိုသည်မှာ တံတားချဉ်းကပ်လမ်းနှင့်တံတားကြီးတွင် မော်တော်ယာဉ်နှင့် လူများအတွက် ဖော်ပြထားသည့် လမ်းညွှန် ဆိုင်းဘုတ်၊ ခွင့်ပြုမိုင်နှုန်းနှင့် တံတားခံနိုင်ဝန်ဆိုင်းဘုတ်၊ အန္တရာယ်အသိပေးဆိုင်းဘုတ်၊ တံတားအောက်မှ ဖြတ်သန်းမည့် ရေယာဉ်များအတွက် ရေလမ်းကြောင်းပြ လမ်းညွှန်ဆိုင်းဘုတ်၊ စည်းကမ်းတကျ မောင်းနှင်သွားလာနိုင်ရေးအတွက် တားမြစ်ဆိုင်းဘုတ်ကို ဆိုသည်။

(ထ) **တံတားတည်ဆောက်ရေးနှင့် တံတားထိန်းသိမ်းရေးစခန်း** ဆိုသည်မှာ တံတားကြီး တည်ဆောက်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အစဉ်အမြဲထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေစိုက်သော စခန်းကိုဆိုသည်။

(ဒ) **တံတားကြီးအင်္ဂါရပ်များ** ဆိုရာတွင် တံတားကြီးတွင်ပါဝင်သည့် တံတားကမ်းကပ်ခုံ၊ ရေလယ်တိုင်၊ အပေါ်ထည်ယာဉ်သွားလမ်းနှင့် လူသွားလမ်း၊ လျှပ်စစ်ဆိုင်ရာပစ္စည်း၊ တံတားဆိုင်းဘုတ်၊ သတိပေးခြင်းဆိုင်ရာ အီလက်ထရောနစ်ကိရိယာ၊ တံတားပေါ်မှ ဖြတ်သွားသော ရထားလမ်း၊ တံတားအထောက်အကူပြု တံတားထိန်းသိမ်းရေး စခန်း၊ တံတားအကာအကွယ်၊ တံတားအသုံးပြုခကောက်ခံသည့်စခန်း၊ အုပ်ချုပ်မှုနှင့် တည်ဆောက်ရေး၊ ပြုပြင်ထိန်းသိမ်းရေးစခန်းတို့ ပါဝင်သည်။

## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ လူနှင့်မော်တော် ယာဉ်၊ ရထားစသည်တို့ တံတားပေါ်အသုံးပြုမှုကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ တံတား အသုံးပြုခ ကောက်ခံခြင်းတို့ကို စနစ်တကျ ဆောင်ရွက်နိုင်ရန်၊

(ခ) တံတားကြီးကို အသုံးပြုသူများလုံခြုံစိတ်ချပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် တံတားထိန်းသိမ်းရေး၊ ခိုင်ခံ့မှုနှင့်သက်ဆိုင်သောကိစ္စများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်၊

(ဂ) တံတားကြီးကို အသုံးပြုရာတွင် လုံခြုံစိတ်ချ၍ ဘေးအန္တရာယ်ကင်းစွာ ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ် သက်သာကာ နိုင်ငံသားများ၏ လူမှုစီးပွားဘဝတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊

(ဃ) တံတားကြီးကို အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ရေရှည်အသုံးပြုနိုင်ရန် ထိန်းသိမ်းခြင်းတို့ဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်စေရန်။

## အခန်း(၃)

## ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ဝန်ကြီးဌာနသည် တံတားကြီးနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံစိတ်ချရစေရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများ ချမှတ်ခြင်း၊

(ခ) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး တံတားများ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ ဖျက်သိမ်းခြင်းတို့အတွက် နှစ်တို၊ နှစ်ရှည် စီမံကိန်းများနှင့် အထူးစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့် တံတားကြီးကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းချမှတ်၍ ဆောက်လုပ်ခြင်း၊ ထိန်းသိမ်းခြင်း၊

(ဃ) တံတားကြီးဆိုင်ရာ စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(င) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ တံတားအသုံးပြုမှုအတွက် စည်းကမ်းထိန်းသိမ်းခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်း၊ အခြားလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဦးစီးဌာနကို လမ်းညွှန်ခြင်း၊

(စ) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ စံချိန်စံညွှန်းနှင့် စည်းမျဉ်းသတ်မှတ်ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အပါအဝင် တံတားကြီးများဆိုင်ရာ ကိစ္စရပ်များတွင် ဆက်စပ်သော အခြားဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာများ၊ အပြည်ပြည်ဆိုင်ရာ၊ နိုင်ငံအချင်းချင်းဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) တံတားကြီး အသုံးပြုရာတွင် လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) တံတားကြီး၏ အမည်သတ်မှတ်ခြင်း၊ ပြောင်းလဲခြင်းကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဈ) အစိုးရအဖွဲ့က ပေးအပ်သည့် တံတားကြီးဆိုင်ရာ အခြားလုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၅။ ဝန်ကြီးဌာနသည် ဤဥပဒေကို အကောင်အထည်ဖော်ရန် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည် -

(က) တံတားကြီး နယ်နိမိတ်၊ တံတားအမည်၊ တံတားအမှတ်၊ တံတားကြီး တည်ရှိသည့် နေရာ၊ ချဉ်းကပ်လမ်း စတင်သည့်နေရာ၊ တံတားကြီးပေါ်သို့ ဝင်ခြင်း၊ တံတားကြီးပေါ်မှထွက်ခြင်း၊ ဆက်သွယ်ကူးပြောင်းနိုင်သည့် နေရာ၊ တံတားအသုံးပြုခကောက်ခံမည့်နေရာ၊ တံတားတည်ဆောက်ရေး၊ တံတားထိန်းသိမ်းရေးစခန်းနေရာနှင့် အခြားလိုအပ်သည်တို့ကိုသတ်မှတ်ကြေညာခြင်း၊

(ခ) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်းတို့အတွက် စီမံကိန်းများရေးဆွဲခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ ကျွမ်းကျင်သူများ သို့မဟုတ် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) တံတားကြီး ပြုပြင်ထိန်းသိမ်းရန် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဃ) တံတားကြီး အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ -

(၁) တည်ဆဲဥပဒေများနှင့်အညီ ပြည်တွင်း ပြည်ပအဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပဋိညာဉ်ချုပ်ဆို၍ လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် စည်းကမ်းချက်များ သတ်မှတ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(၂) အနည်းဆုံး လိုအပ်သည့် မြေယာသိမ်းယူခြင်း၊ အဆောက်အအုံ ဖယ်ရှားခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(၃) ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် နည်းပညာဖလှယ်ခြင်း၊ ချေးငွေနှင့် အထောက်အပံ့ အကူအညီရရှိရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်း၊

(၄) ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး သက်ရောက်မှုများကို သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ ဆန်းစစ်စေခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၅) သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(င) တံတားကြီးပေါ်ဖြတ်သန်း၍ ရေနံနှင့် ဓာတ်ငွေ့ပိုက်၊ ရေပိုက်၊ လျှပ်စစ်မီးကြိုး၊ ဆက်သွယ်ရေးလိုင်း တစ်စုံတစ်ရာ ဆောက်လုပ်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(စ) တံတားကြီး နယ်နိမိတ်အတွင်း အဆောက်အအုံ၊ တာဝါတိုင်၊ မြေအောက် ပိုက်လိုင်း၊ ဆက်သွယ်ရေးဆိုင်ရာ ကြိုးလိုင်းများ ဆောက်လုပ်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ဆ) တံတားကြီး၏ ရေဆန်ဘက်နှင့် ရေစုန်ဘက်တွင် သတ်မှတ်ထားသော အကွာအဝေးအတွင်း တံတား၏ကြံ့ခိုင်မှုကို ထိခိုက်စေနိုင်သော သဲ၊ ကျောက်စရစ် တူးဖော်ခြင်း၊ ရေယာဉ်ဆိပ်ကမ်းအဖြစ်အသုံးပြုခြင်း၊ ဘေးဖြစ်စေတတ်သော စက်သုံးဆီ၊ ဓာတုဗေဒပစ္စည်းများ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(ဇ) တံတားကြီးဆိုင်ရာ ကိစ္စရပ်များတွင် ဒေသဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာ အဆင့်တို့တွင် ပူးပေါင်းဆောင်ရွက်ခြင်း။

## အခန်း(၄)

## ဦးစီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဝန်ကြီးဌာနက ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာနကို တာဝန်ခံခြင်း၊

(ခ) တံတားကြီး အသစ်တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ အလေးချိန်ကတ္တား တပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်း၊ စီမံခန့်ခွဲခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ နှစ်တို နှစ်ရှည် စီမံချက်များ၊ ဘဏ္ဍာရေးနှင့်လုပ်ငန်း အစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ဂ) တံတားကြီးဆိုင်ရာ စီမံကိန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) တံတားကြီး နယ်နိမိတ်အတွင်းနှင့် တံတားကြီးများပေါ်တွင် ဘေးအန္တရာယ် ကင်းရှင်းစေရေး စီစဉ်ဆောင်ရွက်ခြင်း၊

(င) သက်ဆိုင်ရာတံတားကြီး တံတားအသုံးပြုခ နှုန်းထားများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

**ဆက်လက်ဖော်ပြပါမည်။**













# ဒုတိယမွိ 'အာရှကျား' ပြန်လာတော့မည်လား

ကိုရင်ဩ

မေလ ၁၀ ရက်သည်ကား သာယာလှပသော နိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံအတွက် သမိုင်းစာမျက်နှာသစ် ကြွကြွရွရွ လှလှပပ ဖွင့်လှစ်လိုက်သော နေ့ထူးနေ့မြတ်အဖြစ် ဆိုရချိမ့်မည်။ အကြောင်းမူကား သက်တော်ရှည် ဘိုးဘိုးကြီး တစ်ဦးသည် 'ထင်ပေါ်လျှင် စင်တော်ကကောက်' ဟူဘိသို့ပင် ၎င်းအား နိုင်ငံရေးစင်မြင့်ပေါ် ပြန်တက်ရန် ပြည်သူက ချီးမြှင့်လိုက်ခြင်းကြောင့် ပါပေတည်း။

စော်ဘွားများက ငါးနှစ်တစ်ကြိမ် ရွေးချယ်သော ဘုရင်စနစ်ကျင့်သုံးသည့် မလေးရှားနိုင်ငံ၌ အသက် ၉၂ နှစ် အရွယ်ရှိသူ မဟာသီမိုဟာမက်အား ဝန်ကြီးချုပ်သစ်အဖြစ် ပြည်သူများက တစ်ဖန်ပြန်လည်ရွေးချယ်တင်မြှောက်လိုက်ခြင်းဖြင့် ၁၉၅၇ ခုနှစ်တွင် လွတ်လပ်ရေး ရရှိခဲ့ပြီးချိန်မှစ၍ နိုင်ငံကို စိုးမိုးအုပ်ချုပ်လာခဲ့သည့် ဘာရီဆန် နေရှင်နယ် (ဘီအင်န်) ညွန့်ပေါင်းအဖွဲ့မှာ ချက်ချင်းလက်ငင်း အာဏာကင်းမဲ့ခြင်းအဖြစ်သို့ ရောက်ရှိခဲ့ရလေသည်။

## အသက်အကြီးဆုံး

မေလ ၉ ရက် ရွေးကောက်ပွဲ၌ အတိုက်အခံ 'ပါကာတန် ဟာရာပန်' (မျှော်လင့်ချက် မဟာမိတ်အဖွဲ့) အမည်ရှိ နိုင်ငံရေးအင်အားစုက အမတ်နေရာ ၂၂၂ နေရာအနက် ၁၁၃ နေရာကို ရရှိခဲ့ခြင်းသည် သက်တော်ရှည် နိုင်ငံရေးသမားကြီး မဟာသီအား ကမ္ဘာ့အသက်အကြီးဆုံး ရွေးချယ်တင်မြှောက်ခံ နိုင်ငံ့ခေါင်းဆောင်အဖြစ် အောင်ပွဲခံနိုင်စေရန် ကမ္ဘာသတ္တိသဘောအရ ကျေးဇူးပြုလိုက်လေသည်။

အစိုးရအဖွဲ့က အစဉ်အလာအရ နိယံမပြတ်စိုးပိုင်ခဲ့သော အမတ်နေရာများကိုပင် ဘီအင်န်ညွန့်ပေါင်းအဖွဲ့က လက်လွှတ်ခဲ့ရပြီး ပြည်သူအများက အံ့သြဘနန်းဖြစ်ရလောက်အောင် ပါကာတန်ဟာရာပန် (ပီအိပ်ချ်) ညွန့်ပေါင်းအုပ်စုက ရွေးကောက်ပွဲတွင် အောင်နိုင်ခဲ့၏။ ဘီအင်န်ညွန့်ပေါင်းအဖွဲ့မှာ အမတ်နေရာ ၇၉ နေရာဖြင့်သာ ကျေနပ်လိုက်ရ၏။ ပီအိပ်ချ် ညွန့်ပေါင်း အောင်ပွဲခံခြင်းဖြင့် သက်တော်ရှည် နိုင်ငံရေးသမားကြီး မဟာသီမှာ သူ၏ ပါတီဟောင်းနှင့် သူ၏တပည့်ဟောင်းတို့အပေါ် အနိုင်ယူပြလိုက်ခြင်းမှာ ထူးခြားဖြစ်စဉ်ပါပေတည်း။

မလေးရှား နိုင်ငံရေးလောကတွင် တစ်ကျော့ပြန် ပေါ်ထွန်းလာသူ မဟာသီက နှစ်ပေါင်း ၆၀ ကျော်မျှ တိုင်းပြည်အာဏာကို ဆုပ်ကိုင်ထားခဲ့သော လက်ျာနိုင်ငံရေးတပ်ပေါင်းစု ဘီအင်န်ညွန့်ပေါင်းအဖွဲ့ ပြုတ်ကျသွားစေရန် စွမ်းဆောင်နိုင်ခဲ့လေပြီ။

အမျိုးသားတပ်ဦးဟူ၍ အဓိပ္ပာယ်ဆောင်သော ဘီအင်န်မှာ ယခုတစ်ကြိမ် ရွေးကောက်ပွဲအပြီးတွင် နိုင်ငံရေးတပ်ဦးနေရာ၌ ရပ်တည်နိုင်ခြင်း မရှိတော့သည်မှာ သမိုင်းဝင် အပြောင်းအလဲအဖြစ် ကျွန်ုပ်တို့ ရှုမြင်ကြရ၏။ မလေးရှားနိုင်ငံရေးတွင် ရာစုနှစ် တစ်ဝက်ကျော်ကြာမျှ အုပ်စီးထားခဲ့သော ဘီအင်န်မှာ မဟာသီဦးဆောင်သော အတိုက်အခံ ညွန့်ပေါင်းအုပ်စု၏ အလဲထိုးခြင်းကို ခံလိုက်ရ၏။

ပီအိပ်ချ်ညွန့်ပေါင်းအုပ်စုသည်ကား အစိုးရဖွဲ့နိုင်ရန် လိုအပ်သော အမတ်နေရာ ၁၁၂ နေရာထက် ကျော်လွန်ကာ ၁၁၅ နေရာအထိ ရရှိခဲ့သည်ဟု ရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့လေသည်။

မဟာသီသည် သူကိုယ်တိုင် နှစ်ပေါင်းများစွာ ဦးဆောင်ခဲ့သော ဘီအင်န် ညွန့်ပေါင်းအဖွဲ့ကိုသာမက သူကိုယ်တိုင်နိုင်ငံရေး မြေတောင်မြှောက်ပေးခဲ့သော လက်ရှိဝန်ကြီးချုပ် နာဂျစ်ရာဇတ်ကိုပါ အနိုင်ယူပြခြင်းဖြင့် 'တပည့်ထက် ဆရာလက်စောင်းထက်'ပုံကို အများသူငါ တွေ့မြင်နိုင်ကြပါပေပြီ။

## ကျမ်းသစ္စာကျိန်ဆို

နိုင်ငံရေး လောကအတွင်းသို့ တစ်ကျော့ပြန်လည် ဝင်ရောက်လာသူ မဟာသီသည် နိုင်ငံရေးဘဝတွင် အနားယူနေခဲ့ရာမှ အသက် ၉၀ကျော် ဇရာအိုအရွယ်ရောက်သည်တွင်မှ အစိုးရ၏ အဓိပတိနေရာတွင် ရပ်တည်ကာ နိုင်ငံရေးရာအဖြာဖြာတို့ကို သယ်ပိုးထမ်းဆောင်ခြင်းဖြစ်ပေရာ ပြည်သူများက အံ့သြဖွယ်ရာ ပုဂ္ဂိုလ်တစ်ဦးအဖြစ် ရှုမြင်ကြကုန်၏။ ဤကား နိုင်ငံရေးလောက၏ နိယာမတစ်ရပ်ပါပေတည်း။

မဟာသီသည် မေလ ၁၀ ရက် ဒေသစံတော်ချိန် ည ၉ နာရီခွဲတွင် ဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ယူရန် ကျမ်းသစ္စာကျိန်ဆိုခြင်းဖြင့် ကမ္ဘာပေါ်တွင် အသက်အကြီးဆုံးအရွေးကောက်ခံ အစိုးရခေါင်းဆောင်အဖြစ် စံချိန်သစ်တင်လေပြီ။

မလေးရှားနိုင်ငံ၏ စတုတ္ထမြောက် ဝန်ကြီးချုပ်အဖြစ် ၁၉၈၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ တာဝန်ကျေပွန်ခဲ့လေပြီးသော မဟာသီသည် ဝန်ကြီးချုပ်အဖြစ် ကာလအကြာဆုံး တာဝန်ထမ်းဆောင်ခဲ့သူလည်း ဖြစ်၏။

ထူးမြတ်အခါသမယတစ်ရပ်အဖြစ် ယခုတစ်ကြိမ်တွင် သတ္တမမြောက် ဝန်ကြီးချုပ်အဖြစ် တာဝန်ပြန်လည် ယူပြန်သည်။

၁၉၄၆ ခုနှစ်တွင် အသစ်ဖွဲ့စည်းခဲ့သည့် ညီညွတ်သော မလေးအမျိုးသား အစည်းအရုံး (ယူအမ်အန်အို) ပါတီသို့ စတင်ဝင်ရောက်ခဲ့သည်မှ ရေတွက်သော် သူ၏ နိုင်ငံရေး လှုပ်ရှားမှုကာလမှာ နှစ်ပေါင်း ၇၀ ကျော်မျှ ရှိခဲ့လေပြီ။

နိုင်ငံရေး နဖူးရေ ဒူးရေရှိသူ မဟာသီသည် မလေးရှားနိုင်ငံ ကဒါးပြည်နယ် အလိုဆီတာမြို့တွင် မွေးဖွားကြီးပြင်းခဲ့ပြီး ကျောင်းစာတွင် ထူးချွန်ကာ ဆရာဝန်တစ်ဦး ဖြစ်လာခဲ့သည်။ သူသည် မလေးရှားနိုင်ငံ၏ အကြီးဆုံး နိုင်ငံရေးပါတီ ဖြစ်ခဲ့သည့် ညီညွတ်သော မလေးအမျိုးသား အစည်းအရုံးတွင် တက်ကြွစွာ လှုပ်ရှားခဲ့ပြီးနောက် ၁၉၆၄ ခုနှစ်တွင် ပါလီမန်သို့ စတင်ဝင်ရောက်ခဲ့သည်။

သူသည်အမတ်အဖြစ် အစိုးရသက်တမ်းတစ်ခုမျှ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ဝန်ကြီးချုပ်ဖြစ်သူ တွန်ကူး အဗ္ဗဒူရာမန်နှင့် ပြဿနာဖြစ်ကာ အမတ်နေရာကို လက်လွှတ်ခဲ့ရပြီး ယူအမ်အန်အိုမှလည်း ထုတ်ပယ်ခံခဲ့ရသည်။ အဗ္ဗဒူရာမန် ရာထူးမှ နုတ်ထွက်ပြီးနောက် မဟာသီသည် ယူအမ်အန်အိုပါတီနှင့် ပါလီမန်သို့ တစ်ဖန်ပြန်လည် ဝင်ရောက်ခဲ့ပြီး အစိုးရ အဖွဲ့တွင် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။ ၁၉၇၆ ခုနှစ်တွင် လက်ထောက်ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် ဝန်ကြီးချုပ် ဟူစိန်အွန်း နုတ်ထွက်ပြီးနောက် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။




မဟာသီ ဝန်ကြီးချုပ် တာဝန်ယူစဉ် မလေးရှားနိုင်ငံအား ခေတ်မီနိုင်ငံတော်အဖြစ် ပြောင်းလဲနိုင်ခဲ့သည်။ စီးပွားရေး တိုးတက်မှု အလျင်အမြန် ဖြစ်လာခဲ့ပြီး သူ၏ အစိုးရသည် အခြေခံအဆောက်အအုံစီမံကိန်းများကို ဦးစားပေးလုပ်ဆောင်ခဲ့သည်။ မဟာသီသည် ရွေးကောက်ပွဲကို ငါးကြိမ်ဆက်တိုက်မျှ အနိုင်ရခဲ့ကာ ယူအမ်အန်အို ခေါင်းဆောင်နေရာအတွက် ယှဉ်ပြိုင်သူများကိုလည်း ဆက်တိုက်အနိုင်ရခဲ့သည်။

## ထိခိုက်မှုများရှိ

သို့ရာတွင် ဩဇာအာဏာကြီးမားလာခြင်းအတွက် လွတ်လပ်သော တရားစီရင်ရေး၊ မလေးရှားဘုရင်၏ ရိုးရာအာဏာနှင့် အခွင့်အရေးများတွင် ထိခိုက်မှုများ ရှိခဲ့သည်ဆို၏။ သူသည် ပြည်တွင်းလုံခြုံရေးဥပဒေကို ကိုင်စွဲ၍ တက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးသမားများနှင့် သူ၏ လက်ထောက်ဝန်ကြီးချုပ် ဖြစ်သော အန်နဝါအီဘရာဟင် အပါအဝင် နိုင်ငံရေးပြိုင်ဘက်များကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ မဟာသီသည် ပြည်သူ့ လွတ်လပ်မှုကို ကန့်သတ်ပိတ်ပင်ခြင်းနှင့် အနောက်နိုင်ငံများ၏ အကျိုးစီးပွားနှင့် စီးပွားရေးများကို ပြင်းထန်စွာ ဆန့်ကျင်ခြင်းကြောင့် အမေရိကန်ပြည်ထောင်စု၊ ယူနိုက်တက်ကင်းဒမ်း၊ ဩစတြေးလျနှင့် အခြားနိုင်ငံများနှင့် ဆက်ဆံရေး မပြေပြစ်ခဲ့ပေ။ ဝန်ကြီးချုပ်တစ်ဦးအနေဖြင့် သူသည် တတိယကမ္ဘာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လှုံ့ဆော်သူတစ်ဦး ဖြစ်ခဲ့ကာ ထင်ရှားသော နိုင်ငံတကာ တက်ကြွလှုပ်ရှားသူ တစ်ဦးလည်း ဖြစ်သည်။

မဟာသီသည် အငြိမ်းစားယူပြီးနောက် တက်ကြွသော နိုင်ငံရေး ပြယုဂ်တစ်ခုအဖြစ် ဆက်လက်ရပ်တည်နေခဲ့သည်။ သူကိုယ်တိုင် ရွေးချယ်ခဲ့သော ဝန်ကြီးချုပ်အဖြစ် ဆက်ခံသူ အဗ္ဗဒူလာဘာဒါဝီနှင့် နာဂျစ်ရာဇတ်တို့အား ပြင်းထန်စွာ ဝေဖန်သူတစ်ဦးဖြစ်လာခဲ့သည်။ သူ၏ သားဖြစ်သူ မူခရစ် မဟာသီသည် ၂၀၁၆ ခုနှစ် အစောပိုင်းအထိ ကဒါးပြည်နယ်၏ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် မဟာသီသည် ဝန်ကြီးချုပ် နာဂျစ်အား ဆက်လက်ထောက်ခံနေသော ယူအမ်အန်အိုပါတီမှ နုတ်ထွက်ခဲ့သည်။ အဓိကအကြောင်းမှာ နာဂျစ်သည် မလေးရှား ရင်းဂစ် ၂ ဒသမ ၆ ဘီလီယံ အလွဲသုံးစားပြုမှုနှင့် (1 Malaysia Development Berhad) နိုင်ငံပိုင် ကုမ္ပဏီ၏ အလွဲသုံးစားပြုလုပ်မှု အရှုပ်တော်ပုံနှင့် ပတ်သက်သည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၉ ရက်တွင် ညီညွတ်သော မလေးရှား လူမျိုးစုပါတီ (ပီပီဘီအမ်) အား တရားဝင်နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခဲ့ပြီး မဟာသီသည် ထိုပါတီ၏ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ၂၀၁၈ ဇန်နဝါရီ ၈ ရက်တွင် ပါကာတန် ဟာရာပန်၏ ဝန်ကြီးချုပ်လောင်းအဖြစ် ၂၀၁၈ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အန်နဝါအီဘရာဟင်အား လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံရန် အစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့သည်။

နှစ်ပေါင်းကြာရှည် နိုင်ငံရေးအာဏာကို ထိန်းချုပ်ထားနိုင်ခဲ့သော နိုင်ငံရေး အင်အားစုကြီး ပြိုလဲသွားရခြင်းသည် လူနေမှုစရိတ်မြင့်တက်လာခြင်းနှင့် အစိုးရ အထက်တန်းတာဝန်ရှိသူများ၏ အဂတိလိုက်စားမှု အရှုပ်တော်ပုံများနှင့် ပတ်သက်၍ ပြည်သူတို့၏ ငြီးငွေ့စိတ်ပျက်နေမှုကို ထင်ဟပ်လျက်ရှိသည်ကို တွေ့မြင်နိုင်၏။

## ပြည်သူ့ဆန္ဒ

ပြည်သူတို့၏ ဆန္ဒမှာ စိတ်ပျက်ငြီးငွေ့ဖွယ်ရာ နိုင်ငံရေးဖြစ်တည်မှုကို အဆုံးသတ်ကာ တိုးတက်တောက်ပြောင်သော အနာဂတ်ဘဝသို့ ပြောင်းလဲလိုခြင်းဖြစ်၏။

မဟာသီသည် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူချိန် ၁၉၈၁ ခုနှစ်မှ ရာထူးမှ အနားယူချိန် ၂၀၀၃ ခုနှစ်အထိ ၂၂ နှစ်ကြာမျှ ဘီအင်န် ညွန့်ပေါင်းအဖွဲ့၏ အကြီးအမှူးအဖြစ် တာဝန်ယူခဲ့သည်။

မဟာသီသည် ဦးဆောင်မှု ထက်မြက်သူဖြစ်ပြီး မလေးရှားနိုင်ငံကို အာရှကျားလေးကောင်တွင် ပါဝင်စေနိုင်ခဲ့သည်။

အာရှကျားလေးကောင်မှာ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့ကို ရည်ညွှန်းနိုင်သည်။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်လွန်နှစ်များ ကာလအတွင်း ယင်းနိုင်ငံတို့၏ စီးပွားရေးမှာ သိသာထင်ရှားသော တိုးတက်မှုကို ပြသနိုင်ခဲ့သည်။

'ကျား'ဟူသည် အာရှသားတို့၏ တန်ခိုးအာဏာနှင့် ခွန်အားကြီးမှုတို့၏ပြယုဂ် လက္ခဏာများကို ဖော်ကျူးသည်။

သာမညနိုင်ငံ တစ်နိုင်ငံအဖြစ်မှ အားကောင်းမောင်းသန်နိုင်ငံ တစ်နိုင်ငံအဖြစ်သို့ နိုင်ငံတကာ အသိုက်အဝိုင်းအတွင်း လူတောတိုးအောင် ကြိုးပမ်းရွက်ဆောင်နိုင်ခဲ့ခြင်းတည်းဟူသော ထူးခြားသည့် ဂုဏ်အင်လက္ခဏာ ပြည့်စုံခြင်းကြောင့်သာလျှင် မဟာသီမှာ အသက် ၉၀ ကျော်လွန်ချိန်ရောက်ပါမှ ပြည်သူတို့ အပ်နှင်းသော နိုင်ငံရေးအာဏာကို ပြန်လည်ရရှိလာသည်ဟု ကျွန်ုပ်ရှုမြင်မိ၏။

ဝန်ကြီးချုပ် နာဂျစ်သည် ကမ္ဘာကျော် ဘဏ္ဍာရေး အရှုပ်တော်ပုံအတွင်း သက်ဆင်းခဲ့ရခြင်းကြောင့် ပြည်သူတို့ အပ်နှင်းထားခဲ့သော နိုင်ငံရေးအာဏာကို လက်လွှတ်ခဲ့ရခြင်းဖြစ်ကာ မားကို့စ်၊ အဒီအေမင်၊ ရောဘတ်မူဂါဘီစသည့် ကမ္ဘာကျော် အဂတိလိုက်စားမှု အရှိဆုံးနိုင်ငံရေးသမားများ၏ နာမည်ပျက်စာရင်းဝင် ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့ရချေပြီ။

မိမိ၏ နိုင်ငံ တစ်နံတစ်လျားတွင် တရားဥပဒေစိုးမိုးစေရမည်ဟူသော 'ပြောင်းလဲရေး ကြွေးကြော်သံ'ဖြင့် အာဏာပြန်လည်ရရှိလာသူ မဟာသီသည် ကောင်းမွန်သော အုပ်ချုပ်မှု၊ သန့်ရှင်းသောအစိုးရ၊ တရားမျှတသော ပြည်သူ့ဘဝ၊ လွတ်လပ်၍ စုစည်း ညီညွတ်သော မလေးရှားနိုင်ငံ ထူထောင်ရေးဟူသည့် ပြည်သူ့ဆန္ဒနှင့်အညီ သူ၏နိုင်ငံကို ဒုတိယမြောက် 'အာရှကျား' နိုင်ငံအဖြစ် ပြန်လည်တည်ဆောက်ဦးမည်လောဟု တွေးတောမိရင်း "ဒုတိယမွိ အာရှကျား ပြန်လာတော့မည်လား" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

Ref: Dr Mahathir officially sworn in the oldest candidate in the 14th General Election (NST)



# ကန်းစ်မှာ ပြန်လည်လက်တွဲခဲ့ကြတဲ့ ဘယ်လာဟာဒစ်နဲ့ သယ်ဝိခ်ကန်းဒ်

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မော်ဒယ်လ်တစ်ဦးဖြစ်တဲ့အပြင် ဗစ်တိုးရီးယား စီးကရက်ထ်မော်ဒယ်လ်တစ်ဦးလည်းဖြစ်တဲ့ ဘယ်လာဟာဒစ်ဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ နိုင်ငံတကာရုပ်ရှင်ပွဲတော်တစ်ခုဖြစ်တဲ့ ကန်းစ်ရုပ်ရှင်ပွဲတော်မှာ တစ်ချိန်က လက်တွဲခဲ့တဲ့ အချစ်ဟောင်းနဲ့အတူ ဆင်နွှဲခဲ့တာကို တွေ့ခဲ့ရကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းအပါအဝင် ဟောလိဝုဒ်မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြတာကို တွေ့ရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းမှာ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ ထွက်ခဲ့တဲ့ ဘယ်လာဟာဒစ်နဲ့ သယ်ဝိခ်ကန်းဒ်တို့ဟာ ပြီးခဲ့တဲ့ မေ ၈ ရက်မှ စတင်ဖွင့်လှစ်ခဲ့တဲ့ ကန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို အတူ သွားရောက်ဆင်နွှဲခဲ့ကြတာ ဖြစ်ပါတယ်။ ယင်းပွဲတော်မှာရောက်ရှိနေတဲ့ သူတို့နှစ်ဦးရဲ့ ပုံရိပ်တွေဟာ လတ်တလောမှာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပေါ်ထွက်ခဲ့ပါတယ်။ အချို့သောဓာတ်ပုံတွေမှာတော့ သူတို့နှစ်ဦး အနမ်းတွေ ပေးနေကြတာကိုလည်း တွေ့ရပါတယ်။

ပြီးခဲ့တဲ့လအတွင်းကလည်း သူတို့နှစ်ဦး ပြန်လည်လက်တွဲနေပြီ ဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့ပါသေးတယ်။ ဒါပေမယ့် သက်သေတွေတော့ မတွေ့ခဲ့ရပါဘူး။ ဒီတစ်ကြိမ်မှာတော့ နှစ်ဦးသား ပြန်လည်လက်တွဲခဲ့ပြီဖြစ်ကြောင်း အခိုင်အမာဆိုနိုင်တဲ့ ဓာတ်ပုံတွေကြောင့် အချစ်ဟောင်းနှစ်ဦး ပြန်လည်လက်တွဲခဲ့ပြီဆိုတာ အသေအချာပါပဲ။

လတ်တလောမှာ အသက် ၂၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘယ်လာဟာဒစ်နဲ့ အာရန်ဘီတေးသံရှင် သယ်ဝိခ်ကန်းဒ်တို့ဟာ ချစ်သူတွေအဖြစ် နှစ်နှစ်နီးပါး လက်တွဲခဲ့ကြပါတယ်။ ချစ်သူသက်တမ်းတစ်လျှောက်မှာလည်း လမ်းခွဲလိုက်၊ ပြန်လည်လက်တွဲလိုက်နဲ့ အချစ်ခရီးဆက်ခဲ့ကြပြီး ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းမှာတော့ လမ်းခွဲကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့ပါတယ်။ အစပိုင်းမှာတော့ နှစ်ဦးသား ခေတ္တလမ်းခွဲခြင်းသာဖြစ်တယ်လို့ ထင်ခဲ့ရပေမယ့် နောက်ပိုင်းမှာတော့ သယ်ဝိခ်ကန်းဒ်ဟာ နာမည်ကျော် ပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဆယ်လီနာဂိုမက်ဇ်နဲ့ ချစ်သူတွေဖြစ်နေကြောင်း အံ့အားသင့်ဖွယ်သတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ဆယ်လီနာနဲ့ လက်တွဲခဲ့တဲ့ သယ်ဝိခ်ကန်းဒ်အပေါ် ဘယ်လာဟာဒစ်အနေနဲ့ စိတ်မကုန်နိုင်သေးကြောင်း သတင်းတွေလည်း ပေါ်ထွက်ခဲ့ပါတယ်။ ဆယ်လီနာဂိုမက်ဇ်နဲ့ တစ်နှစ်နီးပါးလက်တွဲခဲ့ပြီးနောက် ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းမှာတော့ ဆယ်လီနာဂိုမက်ဇ်ဟာ ချစ်သူဟောင်း ဂျက်စတင်ဘီဘာနဲ့ ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ တရားဝင်ပြန်လည်လက်တွဲခဲ့ရာမှာတော့ သယ်ဝိခ်ကန်းဒ်အနေနဲ့ ဘယ်လာဟာဒစ်နဲ့ ပြန်လည်အဆက်အသွယ်လုပ်နေကြောင်း ကောလာဟလတွေ ပေါ်ပေါက်လာပါတော့တယ်။ ဒါပေမယ့် လတ်တလောမှာမှ သူတို့နှစ်ဦး ပြန်လည်လက်တွဲနေပြီဖြစ်ကြောင်း သက်သေတွေနဲ့တကွ သတင်းတွေ ထွက်လာတာပါ။ လက်ရှိမှာတော့ ဆယ်လီနာဂိုမက်ဇ်နဲ့ ဂျက်စတင်ဘီဘာတို့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေလည်း ပျံ့နှံ့ခဲ့ပေမယ့် သယ်ဝိခ်ကန်းဒ်ကတော့ ဆယ်လီနာဆီကို ပြန်မသွားဘဲ ဘယ်လာဟာဒစ်နဲ့သာ ပြန်လည်လက်တွဲခဲ့တာဖြစ်ပါတယ်။

လတ်တလောပေါ်ထွက်လာတဲ့ သတင်းတွေနဲ့ ဓာတ်ပုံတွေအရ အချစ်ဟောင်းနှစ်ဦး ပျော်ရွှင်စွာ ပြန်လည်လက်တွဲနေတာတွေ့ခဲ့ရပြီး ပရိသတ်တွေကလည်း သူတို့ရဲ့ ပြန်လည်ပေါင်းဆုံမှုကို အားပေးထောက်ခံကြောင်း အွန်လိုင်းမီဒီယာတွေပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

အေးပြည့်
စုစည်းသည်

# စိတ်သက်သာရာ ရသွားပြီဖြစ်တဲ့ ကေတီပယ်ရီ



လတ်တလောမှာတော့ ပေ့ါပ်ကြယ်ပွင့် ကေတီပယ်ရီဟာ သူ့ဘဝမှာ စိတ်သက်သာရာရစေတဲ့ ကိစ္စတစ်ခုနဲ့ ကြုံခဲ့ရပြီဖြစ်ပါတယ်။ ဒါကတော့ အများ သိကြပြီးဖြစ်တဲ့အတိုင်း သူနဲ့ ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်တို့အကြား နှစ်များစွာ တည်ရှိနေခဲ့တဲ့ ဆိုးရွားတဲ့ဆက်ဆံရေးကို အဆုံးသတ်နိုင်ခဲ့တာကြောင့် ဖြစ်ပါတယ်။ ဒီလို တေလာဆွစ်နဲ့ ပြန်လည်အဆင်ပြေခဲ့ပြီးနောက်မှာတော့ ကေတီပယ်ရီအနေနဲ့ စိတ်သက်သာရာရခဲ့ပြီဖြစ်ကြောင်း ကေတီပယ်ရီနဲ့ ရင်းနှီးတဲ့ အသိုင်းအဝိုင်းမှ ထုတ်ဖော်ပြောကြားချက်ကိုကိုးကားကာ ဟောလိဝုဒ်ရက်ပေါ်တာဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

လွန်ခဲ့တဲ့ခြောက်နှစ်ခန့်က စတင်ခဲ့တဲ့ ဇာတ်လမ်းတစ်ပုဒ်ဟာ လတ်တလောမှာတော့ ငြိမ်းချမ်းရေးစကားတွေနဲ့ အဆုံးသတ်ခဲ့ပါပြီ။ ပြီးခဲ့တဲ့ မေ ၈ ရက်မှာ နယ်လှည့်ဖျော်ဖြေပွဲတွေကို စတင်ခဲ့တဲ့ တေလာဆွစ်ထံကို ဖျော်ဖြေပွဲတွေမစတင်မီမှာ ကေတီပယ်ရီက လက်ဆောင်တွေ ပေးပို့ခဲ့တာ ဖြစ်ပါတယ်။ ဒီလက်ဆောင်တွေကိုတော့ တေလာဆွစ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ဖော်ပြပေးခဲ့ပါတယ်။ ကေတီပယ်ရီ ပေးပို့ခဲ့တာကတော့ ပြန်လည်အဆင်ပြေလိုကြောင်း ရေးသားထားတဲ့ စာတစ်စောင်နဲ့ ငြိမ်းချမ်းရေးရဲ့ သင်္ကေတဖြစ်တဲ့ သံလွင်ခက်တွေပဲ ဖြစ်ပါတယ်။

ယခင်က ကေတီပယ်ရီဘက်က ပြန်လည်အဆင်ပြေလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့ပေမယ့် တေလာဆွစ်က လက်ခံခဲ့ခြင်းမရှိပါဘူး။ ဒါပေမယ့် လတ်တလောမှာ ကေတီပယ်ရီက စာရေးသားကာ ငြိမ်းချမ်းရေးစကားဆိုခဲ့ချိန်မှာတော့ တေလာဆွစ်က လက်ခံခဲ့တာပါ။ ကေတီပယ်ရီရဲ့ လက်ဆောင်တွေကို သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ပြန်လည်ဖော်ပြခဲ့ရာမှာလည်း တေလာဆွစ်က ကျေးဇူးပါပဲ ကေတီပယ်ရီလို့ အဓိပ္ပာယ်ရတဲ့စာသားတွေကိုပါ ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

တေလာဆွစ်က ကေတီပယ်ရီပေးပို့ခဲ့တဲ့ လက်ဆောင်တွေကို ဖော်ပြရာမှာ ဗီဒီယိုဖိုင်တစ်ခုအဖြစ် အင်စတာဂရမ်ပေါ်ကနေတစ်ဆင့် ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ ယင်းဗီဒီယိုမှာတော့ တေလာဆွစ်က သူဟာ နယ်လှည့်ဖျော်ဖြေပွဲတွေကို မစတင်မီ အဝတ်လဲခန်းအတွင်းဝင်ရောက်ခဲ့ရာမှာတော့ သူ့အတွက် ရောက်ရှိနေတဲ့ လက်ဆောင်တွေကို တွေ့ခဲ့ရတာဖြစ်ကြောင်း ဆိုပါတယ်။ သူငယ်ချင်းဟောင်းကြီးရေလို့ အစပြုထားတဲ့ စာတစ်စောင်နဲ့ သံလွင်ခက်တွေကို တွေ့ခဲ့ရတာဖြစ်ပြီး ဒီလက်ဆောင်တွေဟာ သူ့အတွက်တော့ အလွန်ကို အဓိပ္ပာယ်ရှိကြောင်းလည်း တေလာဆွစ်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ကေတီပယ်ရီနဲ့ တေလာဆွစ်တို့ဟာ တစ်ချိန်က အလွန်ကို ခင်မင်ခဲ့ကြတဲ့ သူငယ်ချင်းတွေဖြစ်ခဲ့ကြပါတယ်။ ဒါပေမယ့် တေလာဆွစ်ရဲ့ ဖျော်ဖြေပွဲတွေ ကျင်းပခါနီးမှာ တေလာဆွစ်ရဲ့ နောက်ခံအကအဖွဲ့ကို ကေတီပယ်ရီက ခေါ်ယူသွားခဲ့တာကြောင့် သူတို့ကြားမှာ ဆက်ဆံရေးမပြေလည် ဖြစ်ခဲ့ရပါတယ်။ နောက်ပိုင်းမှာ ပိုမိုဆိုးရွားခဲ့ပြီး အခေါ်အပြောမရှိတော့တဲ့အထိ ဖြစ်ခဲ့ရတာပါ။ တေလာဆွစ်က သူနဲ့ ကေတီပယ်ရီတို့ရဲ့ အကြောင်းကို တေးသီချင်းတွေထဲမှာ ထည့်သွင်းရေးသားလေ့ရှိပေမယ့် ကေတီပယ်ရီအကြောင်း ရေးသားထားတာ ဖြစ်တယ်လို့တော့ ပြောကြားခြင်းမရှိပါဘူး။ ကေတီပယ်ရီကလည်း တေလာအကြောင်း တေးသီချင်းတွေရေးသီလေ့ရှိပါတယ်။ ဒါပေမယ့် ကေတီပယ်ရီက ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းမှာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်ထွက်ရှိပြီး အရောင်းမြှင့်တင်ရေးလုပ်ငန်းတွေ လုပ်ဆောင်နေချိန်မှာ သူ့အနေနဲ့ တေလာဆွစ်နဲ့ ပြန်လည်အဆင်ပြေလိုကြောင်း၊ အရာရာသင်ပုန်းချေကာ အသစ်ကနေပြန်စချင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီလို ရုပ်သံအစီအစဉ်ကနေတစ်ဆင့် တရားဝင် ထုတ်ဖော်ပြောကြားခဲ့ပေမယ့် ကေတီပယ်ရီရဲ့ တောင်းဆိုမှုကို တေလာဆွစ်ဘက်က တုံ့ပြန်ခဲ့ခြင်းမရှိပါဘူး။ ဒါပေမယ့် တေလာဆွစ်နဲ့ရင်းနှီးတဲ့ သတင်းရင်းမြစ်တွေကနေတစ်ဆင့် ပြန်လည်ထွက်ပေါ်လာခဲ့တာကတော့ ကေတီပယ်ရီရဲ့ တောင်းဆိုမှုအပေါ် တေလာဆွစ်က ပေ့ါပ်ကြယ်ပွင့်အနေနဲ့ သူ့ရဲ့ တေးအယ်လ်ဘမ်သစ် ရောင်းအားတက်ဖို့ရာ သူ့ကို အသုံးချလိုတာဖြစ်တယ်လို့ ထင်နေတာဖြစ်ကြောင်း သိရပါတယ်။

ဒါပေမယ့် လတ်တလောမှာတော့ ဒီလိုဆိုးရွားတဲ့ ဆက်ဆံရေးတွေ အားလုံးအဆုံးသတ်ခဲ့ပြီ ဖြစ်ပါတယ်။ ကေတီပယ်ရီရဲ့ ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို တေလာဆွစ်ဘက်ကလည်း လက်ခံပြီး ကျေးဇူးတင်စကားတောင် ရေးသားဖော်ပြခဲ့ပါတယ်။ ဒီအဖြစ်အပျက်နဲ့ပတ်သက်ပြီး တေလာဆွစ်ရဲ့ ပရိသတ်တွေကလည်း ဝမ်းသာကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ အပြုသဘောဆောင်တဲ့မှတ်ချက်တွေ ရေးသားဖော်ပြတာကိုလည်း တွေ့ရပါတယ်။ တေလာဆွစ်အနေနဲ့ သူ ကမ်းလှမ်းတဲ့ ငြိမ်းချမ်းရေးစကားတွေကို ယခုလို ကြည်ကြည်ဖြူဖြူ လက်ခံခဲ့တာကြောင့် ကေတီပယ်ရီက စိတ်သက်သာရာရခဲ့ပြီ ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

# Star Wars ရုပ်ရှင်သစ် အစမ်းပွဲပြသ

ဟောလိဝုဒ်ရဲ့ အောင်မြင်တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုဖြစ်တဲ့ “Star Wars” ရဲ့ ရုပ်ရှင်သစ်ကို လတ်တလောမှာ အထူးပွဲပြသခဲ့ကြောင်း သတိရပါတယ်။ ဒစ်စနေရဲ့ အောင်မြင်တဲ့ဇာတ်လမ်းတွဲရဲ့ ရုပ်ရှင်သစ်ကို ပြီးခဲ့တဲ့ ကြာသပတေးနေ့က လော့စ်အန်ဂျလိစ် ဟောလိဝုဒ်မှာရှိတဲ့ အယ်ကပ္ပတိန် သီရေတာမှာ အထူးပွဲပြသခဲ့တာဖြစ်ပါကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယင်းရုပ်ရှင်သစ်ရဲ့ အဓိကဇာတ်ဆောင်တွေဖြစ်ကြတဲ့ ဒေါ်နယ်ဂလော့ဗာ၊ အီမီလာကလာ့ခ်၊ အယ်ဒန်အရန်းရစ်ရှ်တို့ အထူးပွဲပြသမှုကို တက်ရောက်ခဲ့ပြီး ယင်းအခမ်းအနားမှာကမ္ဘာတစ်ဝန်းက မီဒီယာတွေနဲ့ တွေ့ဆုံကာ ဖြေကြားပေးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ရုပ်ရှင်သစ်အတွက် အမှတ်တရအဖြစ် စုပေါင်းဓာတ်ပုံတွေ ရိုက်ကူးခဲ့ကြကြောင်းလည်း သိရပါတယ်။

လတ်တလော အထူးပွဲပြသခဲ့တဲ့ ရုပ်ရှင်သစ် “Solo: A Star Wars Story”မှာတော့ အဓိကဇာတ်ကောင်တစ်ဦးဖြစ်တဲ့ ဟန်ဆိုလိုဟာ သူ့ရဲ့ တွဲဖက်လေယာဉ်မှူးဖြစ်တဲ့ ကျူဘာကာနဲ့ တွေ့ဆုံခွင့်ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ဒီရုပ်ရှင်သစ်မှာတော့ ခရီးစဉ်သစ်ကို တွေ့မြင်ခံစားရမှာပါ။

ဒီရုပ်ရှင်သစ်ကိုတော့ လာမယ့် မေ ၂၅ ရက်မှာ အမေရိကားမှာ ရုံတင်ပြသသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။



# တိုင်းဒေသကြီးနှင့်ပြည်နယ်ကြက်တောင်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များဆက်လက်ကျင်းပ

**နေပြည်တော် မေ ၁၂**

၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပွဲစဉ်များ၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပွဲစဉ်များကို မေ ၁၂ ရက်က ဆက်လက်ကျင်းပသည်။

အမျိုးသား ကွာတားဖိုင်နယ်ရှုံး/ထွက်ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းမှ သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ သုံးပွဲ တစ်ပွဲဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းမှ သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

အမျိုးသမီး ကွာတားဖိုင်နယ်ရှုံး/ထွက် ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းမှ သုံးပွဲ တစ်ပွဲဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းမှ သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းမှ သုံးပွဲ တစ်ပွဲဖြင့် လည်းကောင်း အသီးသီးအနိုင် ရရှိသွားသည်။



အဆိုပါ တိုင်းဒေသကြီးနှင့်ပြည်နယ်ကြက်တောင်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ရှုံး/ထွက်ပွဲစဉ်များကို မေ ၁၃ ရက် နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစား ရုံ (C) ၌ ယှဉ်ပြိုင် ကစားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ပါကြောင်း သိရသည်။

**မောင်မောင်ဇော်**

# ဥတ္တရသီရိမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် သူနာပြုနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၂**

အပြည်ပြည်ဆိုင်ရာသားဖွားဆရာမများနေ့နှင့် သူနာပြုများနေ့ အခမ်းအနားကို နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းရုံး အစည်းအဝေးခန်းမ၌ မေ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

နေပြည်တော် ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်မြမြညို က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း ဗဟိုမှ ပါမောက္ခဒေါ်ရင်မြ ပေးပို့သည့် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့နှင့် သူနာပြုနေ့ အထိမ်းအမှတ် အခမ်းအနား သဝဏ်လွှာအား နေပြည်တော်သူနာပြုနှင့်သားဖွားအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမြတ်က ဖတ်ကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်စန်းစန်းယဉ်နှင့် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရုံးအမှတ် (၄၇) မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မမကျော်တို့က ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့နှင့် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ ဆောင်ပုဒ်အား ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအေးအေးမာ၊ နေပြည်တော်ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာနန်းရူပဟန်၊ ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ် ဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အာဟာရဓာတ်ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲမှ ခရိုင်ပြည်သူ့ ကျန်းမာရေးဆရာမကြီးများ၊ နေပြည်တော်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြု၊ သားဖွားဆရာ ဆရာမများ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့်(ပြန်/ဆက်)**

# မြောင်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်ခြင်းကြောင့် သစ်ပင်ပြိုလဲ၊ နေအိမ်များပျက်စီး

**မြောင် မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်အတွင်း မေ ၁၁ ရက် ညနေ ၆ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာနေအိမ်များ ပျက်စီးဆုံးရှုံး၍ သစ်ပင်များပြိုလဲမှု ဖြစ်ပွားခဲ့သည်။

"လေပြင်းတိုက်ခတ်မှုက တော်တော်ပြင်းတယ်၊ အခု ကျွန်တော်တို့မြို့နယ်အတွင်းမှာ အိမ်တွေ အမိုးလန်ခြင်း၊ ပြိုလဲခြင်း စုစုပေါင်း ၂၆ အိမ်ရှိပါတယ်၊ နောက်ပြီး ဓာတ်တိုင်၊ တယ်လီဖုန်းတိုင်တွေ လဲသွားတယ်။ မြို့ပေါ်မှာက အမှတ်(၃) အ. လ. က(ခွဲ)နှင့် အား/ကာပွဲကြည့်စဉ်သွပ်မိုးလန်ခြင်းတို့ ဖြစ်ခဲ့ပါတယ်"ဟု မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးဦးကျော်မြင့်ထွန်းကပြောသည်။

**တင်ကိုကို**

# ပေါက်မြို့နယ်၌ မိုးသက်လေပြင်းကျရောက်၍ နေအိမ်အချို့အမိုးလန်ပြိုကျပျက်စီး

**ပေါက် မေ ၁၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်၌ မေ ၁၁ ရက် ညနေ ၇ နာရီခန့်က မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် နေအိမ်အချို့အမိုးလန် ပြိုကျပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ပေါက်မြို့နယ်ချောင်းဆုံကျေးရွာ၌ နေအိမ်သုံးလုံး အမိုးလန်ပျက်စီး၍ နေအိမ်တစ်လုံးပြိုကျပျက်စီးခြင်း၊ အုန်းမှင်ကျေးရွာ၌ နေအိမ်သုံးလုံးအမိုးလန်ပျက်စီးခြင်း၊ ခင်အေးကျေးရွာ၌ နေအိမ် ၁၇ လုံး အမိုးလန်ပျက်စီးခြင်း၊ မျှားပိုင်းကျေးရွာ၌ နေအိမ်နှစ်လုံး အမိုးလန်ပျက်စီးခြင်း၊ မြေနီ(မ)ကျေးရွာ၌ နေအိမ်ခြောက်လုံးအမိုးလန်ပျက်စီးခြင်း၊ ကျောက်မဲတောင် ကျေးရွာ၌ နေအိမ် ၁၀ လုံးအမိုးလန်ပျက်စီးခြင်း၊ ကျောက်တံခါးကျေးရွာ၌ နေအိမ်နှစ်လုံး အမိုးလန်ပျက်စီးဆုံးရှုံးခြင်း နှင့် ကပိုင်(မ)ကျေးရွာ၌ နေအိမ်လေးလုံးပျက်စီးဆုံးရှုံးခဲ့ပြီး စုစုပေါင်း အမိုးလန် ပျက်စီးအိမ် ၄၇ လုံးနှင့် ပြိုလဲပျက်စီးအိမ် တစ်လုံးဖြစ်ကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**





# မန္တလေးမြို့တွင် မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် သစ်ပင်အချို့ပြိုလဲ၊ မြို့တော်စည်ပင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များကရှင်းလင်း

**မန္တလေး မေ ၁၂**

အနောက်ဘက်မှရွေ့လျားလာသောလေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ နေ့အပူရှိန်များမြင့်တက်၍ လေထုမငြိမ်မသက်မှုများကြောင့်လည်းကောင်း မေ ၁၀ ရက်နှင့် ၁၁ ရက် ည ၇ နာရီမှစတင်ပြီး မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကျဲကျဲမိုးအနည်းငယ်ထစ်ချုန်းရွာခဲ့သည်။

မိုးရွာစဉ်လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် မန္တလေးခရိုင်အတွင်း မြို့နယ်များတွင် သစ်ပင်များပြိုလဲ၊ သစ်ကိုင်းများပြတ်၊ ဓာတ်တိုင်အချို့ကျိုးကျမှုများ ဖြစ်ပေါ်ခဲ့ပြီး ပြည်သူများသွားလာမှု အဆင်ပြေစေရေး မြို့တော်စည်ပင်၊ မီးသတ်တပ်ဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များက ညတွင်းချင်း သစ်ပင်၊ သစ်ကိုင်းများ ဖယ်ရှားရှင်းလင်းပေးခဲ့သည်။

မေ ၁၁ ရက် ည ၇ နာရီလေပြင်းတိုက်ခတ်မှုကြောင့် ချမ်းအေးသာစံမြို့နယ် ဈေးချိုဧရိယာ မန်းမြန်မာဈေးရုံးရှေ့ရှိ ညောင်ကြပ်ပင် ၂၇ လမ်းပေါ်သို့ ပြိုကျခြင်း၊ အောင်မြေသာစံမြို့နယ် ၁၂ လမ်း၊ ၈၈ လမ်းနှင့် ၈၉ လမ်းကြား၊ လမ်း ၉၀၊ ၈၆ လမ်းနှင့် ၈၇ လမ်းကြား၊ ၁၉ လမ်း၊ ၈၆ လမ်းနှင့် ၈၇ လမ်းကြား၊ ၁၄ လမ်း၊ ၈၆ လမ်းနှင့် ၈၇ လမ်းကြား၊ ၂၂ လမ်းနှင့် ၆၄ လမ်းထောင့်တို့တွင် ကုက္ကိုပင်၊ မန်ကျည်းပင်၊ ရေတမာပင်များပြိုလဲရာ ယန္တရားများအသုံးပြု၍ရှင်းလင်းပေးကြသည်။

မေ ၁၀ ရက် ည ၈ နာရီကလည်း မိုးသက်လေပြင်းများကျရောက်ခဲ့ရာ အောင်မြေသာစံမြို့နယ် ၁၂ လမ်းနှင့်၇၃ လမ်းဆုံ သက်တမ်း ၁၅ နှစ်ရှိ ကုက္ကိုပင်၊ ချမ်းအေးသာစံမြို့နယ် ၈၅ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြားရှိတည်ပင်၊ မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်ရှိ ၈၄ လမ်းနှင့် ၄၅ လမ်းထောင့်ရှိ ရှမ်းစုစာတိုက်၊ ဝန်ထမ်းအိမ်ရာအနီးရှိ သက်တမ်းနှစ် ၅၀ ရှိ မန်ကျည်းပင်ပြိုကျမှုနှင့် ချမ်းအေးသာစံမြို့နယ်၇၄လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြား ကွန်ကရစ်လျှပ်စစ်ဓာတ်တိုင် ပြိုလဲမှုများကိုလည်းရှင်းလင်းပေးခဲ့ကြသည်။ **မောင်ပြည်သူ(မန္တလေး)**

# လေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၈) အထူးနေ့လယ်စာ စားပွဲသို့ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**လှိုင်ကော် မေ ၁၂**
လေကြောင်း ပညာသမိုင်းကို လေ့လာခြင်းဖြင့် လေကြောင်းနှင့် အာကာသသိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှုတိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သော ပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှု ကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်ရရှိစေရန်နှင့် လူငယ်များ ဝါသနာပါရာ အလေ့အကျင့်များကို မြှင့်တင်ပေးနိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)၊ ကယားပြည်နယ် အစိုးရအဖွဲ့နှင့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (လွိုင်ကော်) တို့ ပူးပေါင်းပြီး လွိုင်ကော်မြို့ နောင်ယားရပ်ကွက် အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်း၌ ဧပြီ ၂၃ ရက်မှ မေ ၁၈ ရက်အထိ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

အဆိုပါ လေကြောင်းလူငယ် အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၁၈)မှ လေ့လာရေးခရီးသွားရောက်မည့် သင်တန်းသား၊ သင်တန်းသူ ၄၀ တို့အား ဂုဏ်ပြုသည့်အနေဖြင့် အထူးနေ့လယ်စာ စားပွဲအခမ်းအနား ကို မေ ၁၁ ရက် နံနက် ၁၁ နာရီက လွိုင်ကော်မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက လေ့လာရေးခရီးတွင် ဝတ်စားဆင်ယင်မှုစည်းကမ်း၊ အုပ်ချုပ်မှု စည်းကမ်းများကို တိတိကျကျ လိုက်နာရမည်ဖြစ်ကြောင်း၊ လေ့လာရေး သွားရောက်ရာတွင်လည်း သေသေချာချာ လေ့လာမှတ်သားကြရန်နှင့် သို့မှသာ မိမိအတွက်ရော၊ နိုင်ငံတော်နှင့် ပြည်နယ်အတွက်ပါ အကျိုးရှိမည်ဖြစ်ကြောင်း၊ လေကြောင်းဆိုင်ရာ ပညာရပ်များအပြင် စုပေါင်း လုပ်ဆောင်မှု၊ ခေါင်းဆောင်မှု၊ အဖွဲ့အစည်းနှင့် နေထိုင်တတ်မှုများကိုပါ ရရှိပြီးဖြစ်ကြောင်း၊ နောင်တစ်ခေတ် ခေါင်းဆောင်တွေဖြစ်လာကြမယ့် လူငယ်တွေအနေနဲ့ ဘယ်သင်တန်း၊ ဘယ်အလုပ်ပဲလုပ်လုပ် ကိုယ်လုပ်တဲ့အလုပ်ကို တန်ဖိုးထား၊ အလေးထားပြီး လေးလေးနက်နက် ကြိုးကြိုးစားစား လုပ်ဆောင်ကြရန်၊ သို့မှသာမိမိတို့ဘဝတိုးတက်လာမှာ ဖြစ်သလို မိမိတို့ပြည်နယ်ကြီး တိုးတက်မှာဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါအခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်တို့ တက်ရောက်ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အစဉ်အလာမပျက်နွဲပျော် လောင်းကိုင်ဒူးရင်းသီးပွဲတော်

**ကော့ကရိတ် မေ ၁၂**
(၄၅) ကြိမ်မြောက် လောင်းကိုင်ဒူးရင်းသီး သစ်သီးဆွမ်းအလှူပွဲတော်ကို ယနေ့ နံနက် ၈ နာရီက လောင်းကိုင်ကျေးရွာရှိ လောင်းကိုင်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ကရင်ပြည်နယ် ကော့ကရိတ်မြို့ ကြာအင်းကျေးရွာရှိ လောင်းကိုင်ကျေးရွာ အပါအဝင် အနီးအနားရွာများဖြစ်သည့် ကော့ဖောင်းကျေးရွာ၊ မိထလန်းနိုင်ကျေးရွာ၊ နောင်တလာကျေးရွာနှင့် ကမော့ကသူ ကျေးရွာ စုစုပေါင်းကျေးရွာငါးရွာမှ နှစ်စဉ် ကဆုန်လရောက်တိုင်း မိမိခြံထွက် ဒူးရင်းသီးနှင့် အခြားသစ်သီးများကို ဈေးကွက်အတွင်း မရောင်းချခင် ဆွမ်းဦးအလှူအဖြစ် မြတ်စွာဘုရားအားအမှူးထား၍ သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်များကို ကပ်လှူပူဇော်ခဲ့ရာ ယခုနှစ်တွင် (၄၅) ကြိမ်မြောက် ရှိပြီဖြစ်သည်။

လောင်းကိုင် ဒူးရင်းသီးပွဲတော်ကို ဘိုးဘွားအစဉ်အဆက် လှူဒါန်းခဲ့ကြခြင်းဖြစ်ပြီး ယင်းသို့လှူဒါန်းပြီးမှ ဈေးကွက်အတွင်းသို့ရောင်းချရာတွင် ဈေးကောင်းရခြင်း၊ အသီးပိုထွက်ခြင်း၊ အနံ့အရသာ ပိုမိုကောင်းမွန်ခြင်းတို့ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည်ဖြစ်သည့်အတွက် နှစ်စဉ်လှူဒါန်းခဲ့ကြခြင်းဖြစ်ကြောင်းကိုလည်း သိရသည်။

ယင်းသစ်သီးလောင်းလှူပွဲသို့ ယခင်က ရွာနီးချုပ်စပ်သာ လာရောက်ခဲ့ကြပြီး ယခုအခါ တိုးတက်ပြောင်းလဲလာသော ဆက်သွယ်ရေးလိုင်းများကြောင့် အင်တာနက်စာမျက်နှာများမှ လူမှုကွန်ရက်ပေါ်တွင် လောင်းကိုင် ဒူးရင်းသီးပွဲတော်မှာ လူအများပိုမိုသိရှိလာပြီး နာမည်ကျော်ကြားကာ မြန်မာပြည်အရပ်ရပ်မှ ဧည့်သည်များလည်း လာရောက်လေ့လာကြည့်ရှုကာ ပါဝင်ဆင်နွှဲကြသည်။

မိမိတို့ စိတ်ကြိုက်စားနိုင်သလောက် အကောင်းဆုံးသော ဒူးရင်းသီးများကိုသာ ခွဲစိတ်ပေးပြီး စိတ်ကြိုက်စားခွင့်ရအောင် မပြတ်ဖြည့်ဆည်းပေးသော ကျေးရွာသူကျေးရွာသားများ၏ သဒ္ဓါစေတနာကိုလည်း မျက်မြင်တွေ့ခဲ့ရသည်။



နှစ်စဉ် ဒူးရင်းသီးအလုံးပေါင်း ၅၀၀၀ ကျော်ကို စုပေါင်းလှူဒါန်းကြသည့် လောင်းကိုင်ဒူးရင်းသီးပွဲတော်သည် ယခုနှစ်တွင် ပိုမိုသိရှိလာကြပြီး ရုပ်သံလိုင်းများဖြစ်သည့် Skynet ရုပ်သံလိုင်း၊ DVB ရုပ်သံလိုင်းနှင့် အနယ်နယ်အရပ်ရပ်မှ မီဒီယာများမှလည်း လာရောက်မှတ်တမ်းတင်ရိုက်ကူးခဲ့ကြသည်။

**စိုးထက်အောင်(ပြန်/ဆက်)**

# စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းဆင်းပွဲ သန်လျင်၌ကျင်းပ

**သန်လျင် မေ ၁၂**
ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မူးယစ်ဆေးသုံးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုမှ ဖွင့်လှစ်သော စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း (၃ / ၂၀၁၈) သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၁၁ ညနေ ၃ နာရီက သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ဟိန်းသူက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များအား သင်တန်းသားတစ်ဦးထံ ပေးအပ်ခဲ့သည်။

မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း ဗဟို ဥက္ကဋ္ဌ ဦးစံရှိန်က ယခုသင်တန်းသည် ရန်ကုန်တိုင်းဒေသကြီး ခရိုင်သုံးခုတွင်ဖွင့်လှစ်ခဲ့ပြီး ဆက်လက်၍ မေလအတွင်း မြောက်ပိုင်းခရိုင်တွင် ၄/၂၀၁၈ သင်တန်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သန်လျင် လူမှုကွန်ရက်မှ မဆုပြည့်သဒ္ဒါက "စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူး သင်တန်းမှာ ညီမတို့လို လူငယ်တော်တော်များများဟာ မူးယစ်ဆေးနဲ့ ပတ်သက်ပြီး မသိတာတွေရှိတယ်။ ပြီးတော့ ကျောင်းသားလူငယ်တွေ အလုပ်သမားတွေမှာလည်း မူးယစ်ဆေးနဲ့ လမ်းမှားကိုရောက်နေကြတွေရှိနိုင်တယ်။ အဲဒီလိုရှိခဲ့ရင် ညီမတို့လို ပရဟိတ လူငယ်တွေအနေနဲ့ ဘာတွေလုပ်ပေးနိုင်မလဲ အသိနဲ့ ဒီသင်တန်းတက်ရောက်ဖြစ်တယ်။ သင်တန်းက ရက်တိုသင်တန်းဆိုပေမယ့် ကိုယ်မသိတဲ့ အရာတွေ အများကြီးဒီသင်တန်းမှာသိခဲ့ရတယ်"ဟု ပြောကြားသည်။

အဆိုပါသင်တန်းကို ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိမြို့နယ်များမှ သင်တန်းသားသင်တန်းသူ ၁၈ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မေ ၉ ရက်မှ ၁၁ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခုအတွင်းရှိ မြို့နယ်များတွင် မူးယစ်ဆေးသုံးစွဲနေသော လူနာများအား ရှာဖွေဖော်ထုတ်ပြီး ဆေးဖြတ်ပေးရန်အတွက် ဆေးရုံ၊ ဆေးခန်းများသို့ ဗဟိုအသင်းနှင့် ဆက်သွယ်ပြီး လွှဲပြောင်းညွှန်းပို့ခြင်း၊ ဆေးဖြတ်ပြီးလူနာများအား ပြန်လည်ထူထောင်ရေးစခန်းသို့ သွားရောက်ပြီး ပြန်လည်ထူထောင်မှုခံယူရန်အတွက် စည်းရုံးကူညီဆောင်ရွက်ပေးခြင်းနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များတွင် ပြင်ဆင်ပြဋ္ဌာန်းသည့် မူးယစ်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး ပူးပေါင်းပါဝင်စေရန် ရည်ရွယ်၍သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်းသိရသည်။

**သက်ခိုင် (သန်လျင်)**

# မှူခင်းအသိပညာပေး

**ပုဇွန်တောင် မေ ၁၂**
ပုဇွန်တောင်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်စိုးဝဏ္ဏသည် အမှတ် (၈) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မေ ၁၀ ရက်က ရပ်ကွက်နေပြည်သူများအား သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# လေပြင်းတိုက်ခတ်၍မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ပျက်စီးမှုများအားဖယ်ရှားရှင်းလင်း

**ဘော်လခဲ မေ ၁၂**
ကယားပြည်နယ် ဘော်လခဲမြို့တွင် မေ ၁၁ ရက် နံနက် ၁ နာရီခွဲက ရုတ်တရက်လေပြင်းတိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အားကစားရုံပွဲကြည့်စင် သွပ်အမိုးလန်ခြင်း၊ ရှမ်းပိုင်းရပ်ကွက်တွင် အိမ်ခြေနှစ်လုံးပျက်စီးခြင်း၊ ဓာတ်တိုင် ၁၀ တိုင်ခန့်လဲကျ ပျက်စီးခြင်း၊ စာလဖော်ခန်းမ အမိုးလန် ပျက်စီးခြင်း၊ မိုင်းထမ်းကျေးရွာတွင် အိမ်ခြေလေးလုံး အမိုးလန်ပျက်စီးခြင်း၊ ခရိုင်ရဲတပ်ဖွဲ့စခန်းဝင်းအတွင်းရှိ တပ်ကြပ်သိန်းဇော်ဦး၏ နေအိမ်ပေါ်သို့ သစ်ပင်လဲကျပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ နေရာများသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးဇော်မင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့မှ တပ်မတော်သားများ ပူးပေါင်း၍ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



# တောင်သူများအား မျိုးစပါးများပေးအပ်

**ကျိုက်ထို မေ ၁၂**
၂၀၁၈ ခုနှစ် မိုးရာသီတွင် ဘက်စုံအဆင့်မြင့်နည်းပညာများဖြင့် စပါးစိုက်ပျိုးကြမည့်တောင်သူများအား မျိုးစပါးပေးအပ်ပွဲကို မေ ၁၁ ရက် နံနက် ၉ နာရီက ကျိုက်ထိုမြို့နယ် ဘိုရားကြီးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

မျိုးစပါးပေးအပ်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန သထုံခရိုင်ဦးစီးမှူး ဒေါ်သန်းရီနှင့် မြို့နယ်ဦးစီးမှူး ဦးကျော်စွာလှိုင်တို့က ဘက်စုံအဆင့်မြင့်နည်းပညာဖြင့် စိုက်ပျိုးကြမည့် ကျိုက်ထိုမြို့နယ် ဘိုရားကြီးကျေးရွာနှင့် မလော့ချောင်ကျေးရွာတို့မှတောင်သူ ၁၄ ဦးတို့ကို လယ် ၃၀၂ ဧက အတွက် တစ်ဧကလျှင် တစ်တင်းနှုန်းဖြင့် မျိုးစပါး ၃၀၂ တင်းပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## မြို့သစ်မြို့နယ် ပုလင်းရေလှောင်တမံမှ နွေစပါး၊ မိုးစပါးများအတွက် အောင်ရေပေးဝေ

**မြို့သစ် မေ ၁၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ပုလင်းပြားကျေးရွာအနီး မြေပုံအညွှန်း (၈၄ ပီ/ ၁၁ ယူ ၉၀၃၆၂၈) တွင် ပုလင်းချောင်းအား ပိတ်၍ ပုလင်းရေလှောင်တမံအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၈)မှ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် တာဝန်ယူတည်ဆောက်ခဲ့ပြီး ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

ပျမ်းမျှမိုးရေချိန် ၄၀ လက်မအောက် ရှာသွန်း၍ ပူပြင်းခြောက်သွေ့သော အညာဒေသအတွက် နှစ်စဉ် မိုးစပါး၊ နွေစပါး ဆည်ရေပေးဝေ စိုက်ပျိုးနိုင်သည့်အပြင် ကျွဲ၊ နွား တိရစ္ဆာန် သောက်သုံးရေနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ငါးသယံဇာတနှင့် တမံအဝင်အထွက်လမ်းအား လမ်းပန်းဆက်သွယ်ရေးအတွက် အကျိုးပြုသော ရေလှောင်တမံဖြစ်ကြောင်း သိရသည်။

အဆိုပါရေလှောင်တမံသည် ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၂၂၀၀၊ ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၂၁၀၀ နှင့် ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ဧကပေ ၆၇၀ ရှိကြောင်း ဆည်ရေပေးဝေမှုအား ၁၉၅၉ ခုနှစ်ခန့်က တည်ဆောက်ပြီးစီးခဲ့သော ပုလင်းရေလွှဲဆည်မှတစ်ဆင့် ပုလင်းတူးမြောင်းမကြီး ပုလင်းလက်တံ (၃-က) နှင့် ပုလင်းလက်တံ (၃-ကွက်ခ)တို့၏ ဆည်ရေသောက်ဧရိယာများဖြစ်သော မြို့သစ်မြို့နယ် လယ်ပြင်ရပ်ကွက်၊ မင်းရပ်ကွက်နှင့် ပုလင်းကြီး ကျေးရွာအုပ်စုများရှိ လယ်မြေဧရိယာ ဧက ၁၀၀၀ အား နွေစပါး၊ မိုးစပါး ဆည်ရေပေးဝေစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပုလင်းရေလှောင်တမံမှ ၂၀၁၇-၂၀၁၈ မိုးစပါး ၉၆၂ ဧကနှင့် ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါး ဧက ၉၀၀ ကို အောင်မြင်စွာ ဆည်ရေပေးဝေစိုက်ပျိုးနိုင်သည့်အတွက် ဒေသခံပြည်သူလူထု လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်အတွက် အကျိုးပြုလျက်ရှိသော ရေလှောင်တမံဖြစ်သည်။

**သန်းနိုင်ဦး(ငဖဲ)**

## မြစ်ကြီးနားခရိုင်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း ၁၁၄ ရွာ ဆောင်ရွက်နိုင်

**မြစ်ကြီးနား မေ ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၁၁၄ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးလွင်ထံမှ သိရသည်။

"ကျွန်တော်တို့ မြစ်ကြီးနားခရိုင်အတွင်းမှာ မြစ်ကြီးနား၊ ဝိုင်းမော်၊ တနိုင်း၊ ချီဖွေ၊ ဆော့လော်နဲ့ အင်ဂျန်းယန်ဆိုပြီး မြို့နယ် ခြောက်မြို့နယ်ရှိရာမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ မြို့နယ် ခြောက်မြို့နယ်စလုံးမှာ ကျေးရွာ ၁၇ ရွာကို တစ်ယူနစ် သိန်း ၃၀၀ နှုန်းနဲ့ ၁၅ ယူနစ်အတွက် ငွေကျပ်သန်း ၄၅၀၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာတော့ ကျေးရွာ ၄၅ ရွာကို ၃၈ ယူနစ်အတွက် ငွေကျပ်သန်းပေါင်း ၁၁၄၀၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာတော့ ကျေးရွာ ၁၄ ရွာကို ၁၃ ယူနစ်အတွက် ငွေကျပ်သန်းပေါင်း ၃၉၀၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ ကျေးရွာ ၃၅ ရွာကို ၁၉ ယူနစ်အတွက် ငွေကျပ်သန်းပေါင်း ၅၇၀ တို့ကို အရင်းမပျောက်မတည်ချေးငွေအဖြစ် ဒေသခံပြည်သူများကို ထုတ်ချေးပေးနိုင်ခဲ့ပါတယ်" ဟု မြစ်ကြီးနားခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက ရှင်းလင်းပြောကြားသည်။

ယခုအခါ မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် မြစ်ကြီးနားမြို့နယ်အတွင်း ကဝါးခကျေးရွာနှင့် တာချယ်ကျေးရွာ၊ ဝိုင်းမော်မြို့နယ်အတွင်း မခေါယန်ကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အရင်းမပျောက်မတည်ချေးငွေများ ထုတ်ချေး၍ စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လျာထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိပါက ဒေသတွင်းနေပြည်သူများ အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပွင့်လန်းလာမည်ဖြစ်ကြောင်း သိရသည်။

**ဦးလေးကြီး**

## ပွင့်ဖြူမြို့နယ်တွင် မိုးသက်လေပြင်းတိုက်ခတ် လူနေအိမ်နှင့် ဘုန်းတော်ကြီးကျောင်းများ ထိခိုက်ပျက်စီး

**ပွင့်ဖြူ မေ ၁၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မေ ၁၁ ရက် ညနေ ၅ နာရီက မိုးသက်လေပြင်းများ ဆက်လက်တိုက်ခတ်မှုများဖြစ်ပွားခဲ့ပြီး အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ပွင့်ဖြူမြို့နယ်အတွင်း ကျေးရွာများတွင် လူနေအိမ်များ အမိုးလန်ပျက်စီးခြင်း၊ ပြိုလဲပျက်စီးခြင်း၊ ဘုန်းတော်ကြီးကျောင်းသုံးကျောင်း အမိုးလန်ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ကြောင်း ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် မေ ၁၀ ရက်က မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်မှုများဖြစ်ပွားခဲ့၍ အိမ်ခြေ ၁၂၅ အိမ်နှင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း အမိုးလန်ပျက်စီးခြင်းနှင့် စေတီတစ်ဆူ ထီးတော်မြခပျက်စီးမှုများဖြစ်ပွား ခဲ့ပြီး မေ ၁၁ ရက် ညနေ ၅ နာရီက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကုလားကုန်းကျေးရွာတွင် လူနေအိမ်ကိုးလုံး အမိုးလန်ပျက်စီးခြင်း၊ လယ်လှကုန်းကျေးရွာတွင် လူနေအိမ် ၂၁ လုံး အမိုးလန်ပျက်စီးပြီး လူနေအိမ်နှစ်လုံး ပြိုလဲပျက်စီးခြင်း၊ ဆည်မုန်းကျေးရွာတွင် လူနေအိမ်တစ်လုံး အမိုးလန်ပျက်စီးခြင်း၊ ထနောင်းကုန်းကျေးရွာတွင် လူနေအိမ်သုံးလုံး အမိုးလန်ပျက်စီးခြင်း၊ လယ်ကိုင်းကျေးရွာတွင် လူနေအိမ် ၁၇ လုံး အမိုးလန်ပျက်စီးခြင်းနှင့် လူနေအိမ် ၁၀ လုံးပြိုလဲပျက်စီးခြင်း၊ ရွာသစ်ကုန်းကျေးရွာတွင် လူနေအိမ် ၅၇ လုံး အမိုးလန်ပျက်စီးခြင်းနှင့် လူနေအိမ်သုံးလုံး ပြိုလဲပျက်စီးခြင်း၊ ကံဆွယ်ကျေးရွာတွင် လူနေအိမ်ငါးလုံး အမိုးလန်ပျက်စီးခြင်းနှင့် လူနေအိမ်တစ်လုံး ပြိုလဲပျက်စီးခြင်း၊ နဘဲကုန်းကျေးရွာတွင် လူနေအိမ် ၁၈ လုံး အမိုးလန်ပျက်စီးခြင်းများဖြစ်ပွားခဲ့ပြီး စုစုပေါင်း ကျေးရွာကိုးရွာတွင် လူနေအိမ် ၁၄၀ အမိုးလန်ပျက်စီးခဲ့ပြီး လူနေအိမ် ၁၆ လုံး ပြိုလဲပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။

ထို့အပြင် ဗောဓိကုန်းကျေးရွာတွင် ရွာဦးဘုန်းတော်ကြီးကျောင်းဆောင် အမိုးလန်ပျက်စီးခြင်း၊ လယ်လှကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဆောင် အမိုးလန်ပျက်စီးခြင်း၊ သက်သာပန်းတောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဆောင် အမိုးလန်ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ကြောင်းနှင့် အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုတွင် လယ်ကိုင်းကျေးရွာနေ ဦးထွန်း၏ နေအိမ်ပေါ်သို့ ကန္တာရပင်ကြီး လဲကျသွားခဲ့သဖြင့် ဦးထွန်း၏ မိခင် အသက်(၈၃) နှစ်အရွယ်ရှိ အဘွားဒေါ်ရင် ပေါင်တစ်ဖက်ကျိုး (မစိုးရိမ်ရ)ဒဏ်ရာ ရရှိသွားခဲ့၍ မင်းဘူးမြို့ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူရန် ပို့ဆောင်ထားရှိ ပေးထားရကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသည့် လူနေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းဆောင်များအား ပွင့်ဖြူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် တာဝန်ရှိသူများအဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## တာချီလိတ်မြို့နယ်၌ ကျေးရွာနေပြည်သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး

**တာချီလိတ် မေ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ်၊ မိုင်းကိုးကျေးရွာအုပ်စုတွင် ကျေးရွာနေပြည်သူများ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများ အသိပညာဗဟုသုတရရှိကာ သိရှိလိုက်နာနိုင်ရေး ဟောပြောဆွေးနွေးပွဲကို မေ ၁၁ ရက် နံနက် ၉ နာရီက ဟိုရမ်း(၁)ကျေးရွာ၌ ပြုလုပ်သည်။

အသိပညာပေး ဟောပြောပွဲတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁)တာချီလိတ်မှတပ်ဖွဲ့စိတ်မှူး ရဲမှူးရင်ရင်အေးနှင့် တပ်ဖွဲ့ဝင်များက တရုတ်နိုင်ငံ ရောင်းစားခံရမှုများနှင့် အခြားဖြစ်စဉ်များကို ဗီဒီယို Clip များဖြင့် ပြသကာ လူကုန်ကူးမှုဆိုင်ရာ အင်္ဂါရပ် သုံးရပ်အကြောင်း၊ ဖော်ထုတ်ခဲ့သည့် ဖြစ်စဉ်တူ မှုခင်းများနှင့် ယှဉ်တွဲရှင်းလင်းခြင်း၊ ကလေးသူငယ် အမွေပြုကျင့်ခံရမှု ကူညီဖော်ထုတ်ပေးနိုင်ခဲ့မှုဖြစ်စဉ်များ၊ ဗီဇာ ကင်းလွတ်ခွင့်ဖြင့် ဝင်ရောက်နိုင်သည့် နိုင်ငံများနှင့် သတ်မှတ်ရက်များအကြောင်း ရှင်းလင်းဆွေးနွေးပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါဟောပြောပွဲသို့ မိုင်းကိုးကျေးရွာအုပ်စုရှိ ကျေးရွာ ၁၀ ရွာမှ ကျေးရွာနေပြည်သူ ၂၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဝင်ငွေ ၁၆ ဘီလီယံကျော်ရရှိ

**မုံရွာ မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်နှင့် မြို့နယ်ခွဲ ခုနစ်ခုတို့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့တို့၏ အခွန်အခဝင်ငွေအဖြစ် ငွေကျပ် ၁၆၆၉၀ ဒသမ ၆၈၆ သန်း ရရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

"တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စည်ပင်သာယာရေးကော်မတီတွေနဲ့ စည်ပင်သာယာရေးအဖွဲ့တွေအနေနဲ့ ဌာနရဲ့ ရည်ရွယ်ချက်သုံးချက်ဖြစ်တဲ့ ပထမအချက်က မြို့ရွာများ သန့်ရှင်းသပ်ရပ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ ဒုတိယအချက်က လုပ်ငန်းသစ်များ တည်ဆောက်ခြင်း၊ ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်နဲ့ တတိယအချက်ဖြစ်တဲ့ စည်ပင်နှင့်သက်ဆိုင်သော အခွန်အခများ ပိုမိုတိုးတက်ရရှိအောင် ဆောင်ရွက်ရန်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်ပေးနိုင်ရန်ဆိုတဲ့ ရည်ရွယ်ချက်သုံးရပ်ထဲက တတိယရည်ရွယ်အချက်ကို လုပ်ဆောင်တာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ အခွန်အခကောက်ခံရရှိမှုအဖြစ် ပစ္စည်းခွန်မှ ငွေကျပ် ၁၂၅၅ ဒသမ ၆၄၂ သန်း၊ ဘီးခွန်မှ ငွေကျပ် ၃၆၈ ဒသမ ၄၉ သန်း၊ ဆောင်ရွက်ပေးခြင်းမှ ရငွေအဖြစ် ငွေကျပ် ၂၀၁၀ ဒသမ ၆၂၁ သန်း၊ ငှားရမ်းခမှ ငွေကျပ် ၁၃၃၂ ဒသမ ၄၃၄ သန်း၊ လုပ်ငန်းလိုင်စင်ခမှ ငွေကျပ် ၆၆၈ ဒသမ ၁၃၈ သန်း၊ အခွင့်အရေးလိုင်စင်ခမှ ငွေကျပ် ၁၀၇၆၅ ဒသမ ၁၃ သန်း၊ စီမံခန့်ခွဲရေးဒဏ်မှ ငွေကျပ် ၁၆၈ ဒသမ ၃၇၉ သန်း၊ အခြားရငွေများမှငွေကျပ် ၁၂၁ ဒသမ ၈၅၂ သန်း စုစုပေါင်းငွေကျပ် ၁၆၆၉၀ ဒသမ ၆၈၆ သန်း အားကောက်ခံရရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

nurture®
Private Primary School
We nurture tomorrow leaders!
"ကျောင်းနေပျော်၍စည်းစာကွေးငယ်တတ်ရမည်"

A member of GETC!

ကိုယ်ပိုင်မူလတန်းကျောင်း

KG - Grade IV

ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်အမှတ် (ကကစ-၁၃/၀၁/၀၀၁)

အစိုးရ သင်ရိုး
Cambridge Primary Curriculum
ထပ်ဆောင်းသင်ရိုး

အတတ်ပညာသာမက အသိပညာရှိအောင် ပြုစုပျိုးထောင် ပုံဖော်သင်ကြားပေးပါမည်။

၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ

အမှတ်-၁၃၉၊ ဘုရင့်နောင်ရိပ်သာ(၅)လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း – ၀၉ ၄၂၅၈ ၇၇၇၀၃/၄
(ကြိုကြိုနှင့် ပေါက်တောဝကြား)
www.nurtureprivateprimaryschool.com

BBA
EMBA , MBA , PhD
Bachelor of Business Administration(Hons)
MYANMAR INSTITUTE OF EDUCATION
START YOUR BBA JOURNEY TODAY FROM AS LOW AS MMK 90,000!
CALL US NOW! 09953888555 / 09254045682 / 01667009
Swiss School of Business and Technology (SSBT), Switzerland http://ssbt.ch/

Victoria Hospital
HVC
ဥရောပမှ နှလုံးနှင့် သွေးကြော အထူးကုဆရာဝန်ကြီး
Dr. Pavlin Pavlov
MD, Fellowship in Interventional Cardiology (Bulgaria)

အပတ်စဉ် တနင်္လာနေ့ မှ သောကြာနေ့အတွင်း
ဗိတိုရိယဆေးရုံ၊ နှလုံးနှင့် သွေးကြောပြင်ပလုပ်ငန်းနှင့် ပြင်ပလူနာများကို ကြည့်ရှုပေးမည်အပြင်

- နှလုံးသွေးကြော ဓါတ်မှန်ရိုက်ခြင်း (Angiogram)
- နှလုံးသွေးကြောထောက်တိုင် (Stent) ထည့်၍ နှလုံးသွေးကြောချဲ့ ကုသခြင်း (Angioplasty)
- နှလုံးခုန်အားစက် (Pacemaker) တပ်ဆင်ခြင်း
- ဆီးချိုကြောင့်ခြေထောက်အနာတွင် အနာကျက်နိုင်ရန် သွေးလွှတ်ကြောချဲ့ပေးခြင်း (Diabetes Foot Ulcer Revascularization)
- သွေးပြန်ကြောသွေးခဲခြင်းကို ပြန်လည်ဖွင့်ပေးခြင်း (Venous Thrombolysis)

အစရှိသည့် နှလုံးနှင့် ပတ်သက်သောကုသနည်းအမျိုးမျိုးကို ကုသပေးနေသည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်သည်။

BOOKING - HUNT LINE : +95 1 9666141, HOT LINES : +95 9 783666 141~4, EXT - 7080 (OR) 2

ACE®
WITH HI-TECH
PE WATER TANK

သန့်ရှင်းစေတဲ့ ACE ရေတိုင်ကီ

- ရေညှိတက်ခြင်းနှင့် ဘက်တီးရီးယားပိုးများအန္တရာယ် လျော့နည်းအောင် စီမံထားပါသည်။ Silver Nano treated BACTECIDE®
- သောက်သုံးရေနှင့် အစားအသောက်ပစ္စည်းများ သိုလှောင်ရန် ၁၀၀% အထူး သင့်လျော်ပါသည်။ (အမေရိကန် FDA လက်မှတ်ရ ကိုရီးယားကုန်ကြမ်း)
- နှစ်(၃၀)အာမခံပါသည်။
- Chemical Tank အဖြစ်အသုံးပြုလိုပါက သီးခြားမှာယူနိုင်ပါသည်။

နည်းပညာအသစ်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည် ဒိုင်ခံသည်
anti-bacteria မပြုလုပ်ထားပါ anti-bacteria BACTECIDE® ပြုလုပ်ထားပါ

HORIZONTAL TYPE (အလျားလိုက်)
70, 110, 170, 220, 250 GAL
VERTICAL TYPE (ဒေါင်လိုက်)
70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL
ရန်ကုန်မြို့တွင်း အရောက်ပို့ပေးပါသည်။
Ph: 01-3684743, 09-450048469, 09-443094221
အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
တန်ဖိုးနည်းအိမ်ရာ တည်ဆောက်လိုသူများနှင့် ဂိုဒေါင်၊ အဆောက်အအုံတည်ဆောက်လိုသူများ၊ ရင်းနှီးမြှုပ်နှံလိုသူများဆက်သွယ်နိုင်ပါသည်။ ဘုရင့်နောင်စတီး (၁၀)မိုင်အဝိုင်း၊ အင်းစိန်(၅)မိုင်၊ လှိုင်သာယာ တံတားပိုင်၊ ရန်ကုန် - ပုသိမ်လမ်းမကြီး အဝင် လမ်း(၃၀)ပေ ကွန်ကရစ်လမ်း ကွန်တိန်နာကားများ သွားလာနိုင်။ မြေပြင်ညီ လန - ဥပဒေကျပြီး
1 Sqft = 6000 Ks
အလျား (၂၈၅)ပေ × အနံ (၁၅၀)ပေ = ၂၁၀၀၀သိန်း
(၄၀'×၆၀') = ၁၆၀၀သိန်း (ကွန်ကရစ်လမ်း + မြေစက်)
(အရစ်ကျ ရောင်းပေးသည်)
Ph: 09-785084831

Edu Study Guide
(Int'l School & မြန်မာ အထက်တန်းအဆင့်)
Teaching & Guide
09-43118125, 09-5412613, 09-43192684

သဘာဝ မြေပဲဆီသန့်
နှင့်
ကျောက်ဆုံတံဆိပ် ကမ္ဘာ့အကောင်းဆုံး
"ရွှေဘိုပေါ်ဆန်းမွှေး"
Ph-01-3611073,09-73040812
09-428944440,09-8620177
Ph-066-2021773,066-2030284,09-774728337

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ကျောက်ဆည်မြို့၊ ဈေးတန်းရပ်ကွက်၊ကွင်းအကွက်အမည် (၂၇၊ ဈေးတန်း)၊ ဦးပိုင်အမှတ် (၈၈)၊ မြေဧရိယာ (၀. ၀၆၁)ဧက ရှိမြေကွက်သည် မြို့မြေအမှုတွဲ အမှတ် (၆/၁၉၇၅-၁၉၇၆)ဖြင့် ဦးတင်အောင်အမည်ပေါက် နှစ်(၃၀)ဂရန်ဝိုင်းမြေကွက်ဖြစ်ပြီး ၎င်းမြေကွက်အား အပိုင်ဝယ်ယူသူ ဦးလှသန်းမှ အမည်ပြောင်း၊ မြေငှားဂရန်သစ်လျှောက်ထားလာရာ ဦးတင်အောင်အမည်ပေါက် မြေငှားဂရန်စာချုပ်မှာ ပျက်စီးပျောက်ဆုံးနေပါသဖြင့် အကျိုးသက်ဆိုင်သူများအနေဖြင့် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်နေ့ရက်အတွင်း ကန့်ကွက်သူများမရှိပါက မြေငှားဂရန်ကိစ္စရပ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးလှသန်း [၉/ကဆန(နိုင်)၀၄၈၅၆၅]**
**ဖုန်း-၀၉-၇၉၈၇၁၀၆၇၆**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မြောက်/ဒဂုံမြို့နယ်၊ (၄၀)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၆၃၇)နေ အဖဦးထွန်းညွန့်-အမိဒေါ်အေးလှတို့၏သား မောင်ဝင်းသူဟိန်း [၁၂/အလန(နိုင်)၀၄၀၅၉၉]သည် မိဘတို့၏ဆိုဆုံးမစကားကို နားမထောင်ခြင်း၊ မမိဘတို့ကိုစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခြင်းတို့ကြောင့် ယနေ့(၉-၅-၂၀၁၈)ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါ သည်။ မောင်ဝင်းသူဟိန်းနှင့်ပတ်သက်၍ ငွေရေး၊ ကြေးရေး၊ လူမှုရေး၊ အရှုပ်အရှင်းစသည့်တို့ကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အဖ ဦးထွန်းညွန့် [၁၀/ကထန(နိုင်)၀၄၃၃၁၉]**
**အမိ ဒေါ်အေးလှ [၁၂/အလန(နိုင်)၀၃၅၀၈၃]**

**ISO 9001: 2015 Certified**

# CONGRATULATIONS TO OUR GRADUATION CLASS OF 2018.

မြန်မာနိုင်ငံ ပညာရေးမြှင့်တင်မှုအတွက် ပုဂ္ဂလိက ပညာရေးကဏ္ဍမှ အောင်မြင်မှုအရှိဆုံး ကြိုးပမ်းမှုအဖြစ် ဝုဏ်ယူစွာ ကြေငြာအပ်ပါသည်။

**Pearson (UK) HND Level 5 အတွက် Victoria University College မှ အောင်မြင်သူများ**

## BUSINESS

1. Ma Kay Ko Win Hlaing
2. Ma Hla Myo Myat
3. Ma Nyein Sandi Htun
4. Ma Su Myat Shweli Kyaing
5. Ma Mya Thin Zar
6. Ma Win Sandi Aung
7. Ma Aye Thiri Tun
8. Ma Win Moh Moh Phyo
9. Ma Naw Hnin Wai Tun
10. Ma Thin Yati Htet
11. Mg Aye Zaw Min
12. Mg Si Thu@Shin
13. Ma Thae Thin Nu San
14. Ma Kay Thary Ko
15. Mg Ba Thet Khant
16. Ma Thet Thet Su San
17. Ma Nan Mo Kham
18. Ma Myat Mon Theint
19. Ma Hsu Sandi Naing
20. Ma Htet Htet Lin
21. Ma Sandi Win Aung
22. Ma Win War War Thein
23. Ma Myat Thae Thae Moe
24. Mg Thar Htet Aung
25. Mg Si Thu Phyo
26. Mg Wai Yan Aung
27. Mg Aung Moe Hein
28. Mg Ye Phone Khant
29. Mg Paing Min Thu
30. Mg Phyo Htet Kyaw
31. Ma Theint Nandar Tun
32. Mg Everest Moe

## HEALTH & SOCIAL CARE

33. Mg Saw Yu Nway
34. Mg Saw Thihan Oo*

## COMPUTING

35. Ma Htet Nandar Htun
36. Mg Htet Naing Aung
37. Mg Swan Htet Naing
38. Mg Saw Baw Mu Hsar Ka Nyaw
39. Mg Pau Swam Tuang
40. Mg Naing Win Htwe
41. Ma Kyi Lei Yee Oo
42. Mg Ye Htet Aung
43. Mg Soe Moe Aung
44. Mg Saw Aung Win Kyaw
45. Mg Naing Aung Wai

## ELECTRICAL & ELECTRONIC ENGINEERING

46. Mg Sai Nay Tun Lin
47. Mg Ziko
48. Mg Wai Linn Phyoe

## MECHANICAL ENGINEERING


49. Mg Min Htet
50. Mg Banyar Thiha Zaw
51. Mg Pyae Sone Oo
52. Mg Myint Myat Thu
53. Mg Ko Ko Aung
54. Mg Thant Htoo Naing
55. Mg Thu Rein Htay
56. Mg Soe Naing Oo
57. Mg Zwe Pyae
58. Mg Min Thet Thant
59. Mg Myo Myint Oo
60. Mg Khun Mya Than
61. Mg Min Thway Hlaing
62. Mg Zaw Zaw Tun
63. Mg Zin Hein
64. Mg Phone Pyae Hein
65. Mg La Min Pyae
66. Mg Min Htet Tun
67. Mg Saw Kaw Mu
68. Mg Zeyar Myo
69. Mg Soe Nyein
70. Mg Kyaw Win Tun
71. Mg Aung Soe Paing
72. Mg Kyaw Swar Winn
73. Mg Hein Wana Kyaw
74. Mg Zwe Sit Paing Soe

## CONSTRUCTION & THE BUILT-ENVIRONMENT (CIVIL ENGINEERING)

75. Mg Min Aung Pyae Sone
76. Mg Thit Lwin Oo
77. Mg Htet Naing Oo
78. Mg Linn Thet Oo
79. Mg Nyan Phone San
80. Ma Thida Ye Win
81. Mg Han Min San
82. Ma Eaindray Mie Mie Kyaw
83. Mg Zar Ni Tun
84. Mg Aung Khant
85. Mg Soe Ye Htet
86. Ma Thet Hnin Aung
87. Ma Phyo Nandar Htwe
88. Mg Thaw Zin Tunn
89. Mg Min Wai Yan Htet
90. Mg Phone Myo Mang
91. Ma Wint Honey Oo
92. Ma May Thu Phyo
93. Mg Nyan Lin Tun
94. Mg Kaung Htet Zaw
95. Mg Saw Joshua Htoo
96. Mg Thet Naing Tha Htay
97. Mg Aung Ngwei Oo
98. Mg Sai Arkar
99. Mg Zin Ko Ko Htun
100. Mg Kyaw Zin Thet
101. Mg Soe Wunna Tun
102. Ma Yamin Su Shin
103. Mg Pyae Phyo Paing
104. Mg Aung Ko Ko Lwin
105. Mg Aung Kaung San
106. Mg Khin Mg Htoo
107. Mg Set Paing Htoo
108. Mg Sai Khan Khon Pha
109. Ma Htet Wutt Yi Min
110. Mg Pyae Phyo Han
111. Mg Aung Zaw Tun
112. Mg Thet Paing Htoo
113. Ma Nway Nandar Htumn
114. Mg Thi Yein Win
115. Ma Phoo Pwint Eindray Maung
116. Mg Nay Htet Naing
117. Mg Van Bawi Cuan
118. Mg Augustin
119. Ma Phyu Phway Thant
120. Ma Htet Thinzar Aye
121. Mg Sai Zaw Moe Oo
122. Mg Htun Lin Aung
123. Mg Pyay Thein
124. Ma Hsu Thinzar Thwe
125. Mg Zayar Aung
126. Mg Thet Paing Hein
127. Mg Hein Htet Swe*
128. Mg Thu Ya Kyaw Lwin
129. Mg Zwe Wai Yan
130. Mg Swan Yee Htet Myat
131. Mg Soe Min Paing

ဖော်ပြပါ အောင်မြင်သူများသည် ၂၂-၅-၂၀၁၈ (အင်္ဂါနေ့) နေ့လည် (၁း၀၀) တွင် **Novotel Hotel** ၌ ကျင်းပမည့် အောင်လက်မှတ် ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် ဘွဲ့ယူရပါမည်။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ရန်အတွက် မေလ (၁၅) ရက်နေ့ နောက်ဆုံးထားပြီး ကျောင်းသားရေးရာဌာန - **MMB Campus** အမှတ် ၁၆၆၊ အထက်ပန်းဆိုးတန်းလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁ - ၃၈၃၁၃၂၊ ၃၈၃၁၃၃ သို့ ဆက်သွယ်ရပါမည်။









# Invitation for Price Quotations

The Republic of the Union of Myanmar has received financing from the International Development Association (IDA) towards the cost of Electric Power Project (EPP). The IDA No. of the financing agreement is No.5306MM. The Electric Power Generation Enterprise(EPGE) of the Ministry of Electricity and Energy in its role as implementing agency of the EPP, intends to apply the portion of the proceeds of this credit towards eligible payments under the contracts for which this invitation for Quotation is issued.

MOEE now invites eligible suppliers to express the interest in supplying the following items.

| Item No. | Reference No. | Description | Quantity | Units |
|---|---|---|---|---|
| 1. | G-03 | Digital Gas Meter & skid Accessories | 10 | Sets |
| 2. | G-04 | (a) 33kV Energy Meters | 27 | Nos |
| | | (b) 33kV Current Transformer | 24 | Sets |
| 3. | G-05 | (a) 66kV Energy Meters | 40 | Nos |
| | | (b) 66kV Current Transformer | 23 | Sets |
| 4. | G-06 | (a) The Universal Relay Test Set and Commissioning Tool | 2 | Sets |
| | | (b) Double Stage Vacuum Transformer Oil purifier | 2 | Sets |
| | | (c) Turbine Oil purifier | 3 | Sets |
| 5. | G-07 | (a) 125V Battery Bank (300Ah) & Battery Charger Complete with DC Distribution Board | 5 | Sets |
| | | (b) 230V Battery Bank (300Ah) & Battery Charger Complete with DC Distribution Board | 10 | Sets |

Eligible Suppliers having expressed interest will receive a Request for Quotation by E-mail, sealed Quotations will be submitted to the address below at the latest at the dead line (Friday, 8th June 2018, at 2P.M Myanmar time), after which no Quotations will be accepted.

Suppliers will be selected following the shopping Method as per the "Guide for procurement of Goods, words and non-consulting services under IBRD Loans and IDA Credits & Grants by world Bank Borrowers dated January 2011 (revised July 2014).

Please submit sealed Quotation to; U Khin Maung Win, Managing Director, Electric Power Generation Enterprise Office No.(27), Nay Pyi Taw, for detailed information please contact to U Han Zaw, Chief Engineer, Gas Turbine section, mobile phone +959428610206 and U Aung San Win, General Manager, Procurement section, mobile phone +959457733044 or Office phone +95678104319, E-mail:procurementepge.wb @ gmail.com. Please indicate your E-mail address as only electronic copies of the RFQ will be send.

# ကုမ္ပဏီမူပိုင် ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းရပ်ကွက်၊ ဗောဓိရိပ်ငြိမ်လမ်း၊မှတ်-၅၉၄(အေ/ဘီ)ရှိSAU TAO (MYANMAR) DEVELOPMENT LTD သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်၊ Design Logo အမှတ်အသားများကို ကုမ္ပဏီ၏မူပိုင်တံဆိပ်အဖြစ် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၄/၈၄၈၁)အရ မှတ်ပုံတင်ပြီးဖြစ်ပါသည်။

(၄/၈၄၈၁) (၂၀၁၇)

အထက်ပါ ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ် အမည်နှင့်အမှတ်အသားများကို SAU TAO (MYANMAR) DEVELOPMENT LTD ၏ လုပ်ငန်းအမျိုးမျိုး၊ ယင်းလုပ်ငန်းနှင့်ဆက်စပ်သည့် လုပ်ငန်းကိစ္စအဝဝတို့တွင် အရောင်အမျိုးမျိုး၊ အရွယ်စားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ ကွန်ပျူတာဖောင့်စာလုံးအမျိုးမျိုး ရိုက်နှိပ်၍ လည်းကောင်း၊ ဖိနှိပ်၍လည်းကောင်း ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ထုတ်ဝေဖြန့်ချိသုံးစွဲလုပ်ကိုင်သွားမည် ဖြစ်ပါ သည်။


သို့ပါ၍ SAU TAO (MYANMAR) DEVELOPMENT LTD ၏ မူပိုင်အဖြစ် မှတ်ပုံတင်သွင်းသည့်နေ့ရက်မှစ၍ ယင်းကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားများကို အတုအပ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားပြုလုပ်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ လုပ်ကိုင်ဆောင်ရွက်အသုံးပြုနေကြောင်း တွေ့ရှိရပါက ကုမ္ပဏီ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးကုန်ကျသမျှ အရပ်ရပ်စရိတ်ကြေးငွေများ၊ လျော်ကြေးငွေများ၊ တောင်းဆိုနိုင်ခွင့်နှင့် ယင်းသို့ အတုအပ ဆင်တူယိုးမှားပြုလုပ်သည့် ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားများကို ပယ်ဖျက်နိုင်ရေးတို့အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိမည်သည့်တရားရုံး၌မဆို ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**SAU TAO (MYANMAR) DEVELOPMENT LTD**
**၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်စန်းဌေး (LL.B)** | **ဒေါ်မျိုးမျိုးတင်ကိုဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၈၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၄၅)** |

**အမှတ်(၁၅၈)၊ (ပ)ထပ်၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၈၅၃၅၆၇၁၊ ၀၉-၂၆၅၀၅၅၉၉၇**







တောမဲ့မြေသား ရေတိုက်စား၏

## ကြော်ငြာ

### မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
### ဓာတ်ခွဲခန်းသုံးဓာတုပစ္စည်းနှင့် မီဒီယာ(၁၄၅)မျိုးနှင့် ဓာတ်ခွဲခန်းလုပ်ငန်းသုံးပစ္စည်း (၈၅)မျိုးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် အသုံးပြုရန် (က)ဓာတ်ခွဲခန်းသုံး ဓာတုပစ္စည်းနှင့် မီဒီယာ(၁၄၅)မျိုးနှင့် ဓာတ်ခွဲခန်းလုပ်ငန်းသုံး ပစ္စည်း(၈၅)မျိုး စုစုပေါင်း ပစ္စည်းအမယ်(၂၃၀)မျိုး ဝယ်ယူလိုပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်း အဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ဖြည့်တင်းရေးနှင့်သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ၁၄-၅-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၃-၅-၂၀၁၈ ရက်တွင် တင်ဒါပုံစံများကို ပိတ်သိမ်းမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ်-၀၆၇-၄၀၈၁၇၇ နှင့် ၀၆၇-၄၀၈၄၆၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

---

8/10 (အထူးသင်တန်း)
**Maths, Chemistry & Physics**
Sayar Kaung Myat
BE (PE)
Ph : 09 73142020

---

### ရောင်းမည်/ငှားမည်

| | | | |
|---|---|---|---|
| ၁။ | ဗဟန်းလမ်းမတန်း | မြေ ၀. ၂၅ဧက | RC2 (ရောင်း) |
| ၂။ | ရွှေတောင်ကြား | မြေ ၀. ၂၈ဧက | RC2 (ရောင်း) |
| ၃။ | ပါရမီ | မြေ ၀. ၃ဧက | RC1 (ရောင်း) |
| ၄။ | ဗဟိုလမ်း | (၅၀'×၂၅၀')မြေ | RC2 (ငှား) |

**ဖုန်း-၀၉-၄၀၀၅၀၀၆၈၄**

---

ကိုကျော်နိုင်
CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803

---

**ဆုံသစ္စာ**
Car rental
Ph : 09799566761
095504667

---

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သထုံမြို့ အခြေခံပညာအထက်တန်းကျောင်း (နောင်ကုလားရှမ်းရွာ)မှ နဝမတန်း(B)အောင် မပွင့်ဖြူခင်၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဦး[၁၀/သထန(နိုင်)၁၀၅၂၃၁]ဖြစ်ပါကြောင်း။

---

### ရွှေမြင့်မိုရ်-မိုးကုတ်ဝိပဿနာကျောင်းတိုက်
### ၂၀၁၈ ခုနှစ်၊ မေလ(၇)ရက် ညအိပ်တရားစခန်းပွဲ (၁၈-၅-၂၀၁၈) မှ (၂၄-၅-၂၀၁၈)ထိ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ အမှတ်(၁)ဝိုင်း၊ ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်ကြီးတွင် (၁၈-၅-၂၀၁၈)ရက်မှ (၂၄-၅-၂၀၁၈)ရက်အထိ၊

(၇)ရက် ညအိပ်တရားစခန်းပွဲကို မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်နာယက၊

မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ (ပိဋကတစ်ပုံအောင်) အရှင်သူမြတ်နှင့် စည်သူဦးတင်လှိုင် (ခ) စာရေးဆရာကြီးလယ်တွင်းသား စောချစ်တို့မှ ခန္ဓာဉာဏ်ရောက်သစ္စာလေးပါးတရားတော်များနှင့် ကိုယ်ကျင့်ဝိပဿနာအလုပ်ပေးတရားတော်များကိုဟောကြားမည်ဖြစ်ပါသည်။

တရားစခန်းဝင်ရောက်လိုသူများသည် မေလ(၁၄/၁၅)ရက်တို့တွင် ကြိုတင်စာရင်းပေးသွင်း၍လည်းကောင်း၊ (သို့မဟုတ်) မိမိတို့၏ အိပ်ရာလိပ်နှင့် တစ်ကိုယ်ရည်သုံးပစ္စည်းများပါတစ်ပါတည်းယူဆောင်ပြီး၊ မေလ(၁၇)ရက် ညနေ(၅း၃၀)နာရီနောက်ဆုံးထား၍ လူကိုယ်တိုင် မှတ်ပုံတင်မိတ္တူဖြင့် တစ်ပြိုင်တည်းစာရင်းပေးသွင်း တရားစခန်းဝင်ရောက်နိုင်ကြပါသည်။

တက္ကသိုလ်ကျောင်းသား/ကျောင်းသူများလည်းဝင်ရောက်တရားအားထုတ်နိုင်သည်။

(အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ညနေဖျော်ရည် လှူဒါန်းလိုသူများ စုံစမ်းမေးမြန်းလှူဒါန်းနိုင်ပါသည်။)

**ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၉-၅၀၅၀၀၁၀၊ ၀၉-၅၀၀၉၄၃၃၊ ၀၉-၉၇၂၂၅၈၇၃၉။**

---

ခေါင်းမည်
09-4960102248
Facebook: hospitalbed-ttary

---

**သိန်းသန်းဆက်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116

---

Finance WIN
LCCI Level - I, II & III (စာရင်းကိုင်သင်တန်းများ)
On Job Training for Accountants
On Job Training for HR & Admin
Software Package
Office Excel, Advance Excel, Language
20% Discount
One Stop Service Center

---




---

### ဓမ္မဒူတာရပ်စ် ပန်ကြားလွှာ

၁။ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် (၄၅၁)၊ မြန်မာ မွတ်စလင်မ် အမျိုးသမီးသာသနာ့ရိပ်သာသည် လွန်ခဲ့သည့် နှစ်ပေါင်း (၆၀)ကျော်မှ ယနေ့အထိ တည်ရှိလျက်ရှိပါသည်။

၂။ အဆိုပါ အမျိုးသမီးသာသနာ့ရိပ်သာကို ယခုအခါ သာသနာရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး(၄)ဖွဲ့မှ တာဝန်ယူ စီမံခန့်ခွဲ အုပ်ချုပ်လျက်ရှိပါသည်။

၃။ အထက်ပါ အမျိုးသမီးသာသနာ့ရိပ်သာတွင်ရှိ အားကိုးရာမဲ့ (ယသင်မ်) မိန်းကလေး (၇၅)ဦးရှိပါသည်။ ၎င်းတို့၏ စားဝတ်နေရေး ကျန်းမာရေး ပညာရေး ကိစ္စရပ်များကို စနစ်တကျ စီမံခန့်ခွဲလျက်ရှိပါသည်။

၄။ ဖော်ပြပါ အားကိုးရာမဲ့ (ယသင်မ်)မိန်းကလေး (၇၅)ဦးအား အစိုးရအလယ်တန်း အထက်တန်းနှင့် တက္ကသိုလ်အတန်း ပညာရပ်များကို သင်ယူစေမည့်အပြင် သာသနာ့ ပညာရပ်များကိုလည်း စနစ်တကျ အထူးသင်ကြားပေးလျက် ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ အားကိုးရာမဲ့ (ယသင်မ်) မိန်းကလေးများ၏ လိုအပ်ချက်များအတွက် အစ္စလာမ်သာသနာဝင် အလှူရှင်များ၏ ပံ့ပိုးကူညီမှုများသည် အထူးလိုအပ်လျက်ရှိနေပါကြောင်းနှင့် ယခု ရမဇာန်(ဥပုသ်)လမြတ်တွင် လူကြီးမင်းတို့၏ ဆင်းရဲသားဒါနကြေးဖြစ်သော (ဇကားသ်၊ ဖိတရာ၊ လီလ္လာ)စသည့် အလှူငွေများကို အမျိုးသမီးရိပ်သာသို့ ပေးပို့လှူဒါန်းကြပါရန် အထူးမေတ္တာရပ်ခံပန်ကြား အပ်ပါသည်။

**မွတ်စလင်မ် အမျိုးသမီးသာသနာ့ရိပ်သာ (ယာယီ) ကြီးကြပ်ရေးကော်မတီ**

ဖုန်း- ၀၁ ၃၇၃၈၈၇၈ ၊ ၀၉ ၅၀၄၇၀၀၄ ၊ ၀၉ ၇၆၅၁၆၄၉၈၀၊ ၀၉ ၄၂၀၁၃၁၅၁၆၊ ၀၉ ၅၃၀၀၆၇၂ ၀၉ ၅၁၂၇၅၃၀

---

အမည်ပြောင်း

---

### မြေရောင်းရန်

ဒဂုံတက္ကသိုလ်အနီး
ပေ(၄၀×၆၀)၊ ၇၉သိန်း။
ပွဲစားမလိုပါ။
**ဖုန်း-၀၉-၉၅၆၅၄၁၅၈၇**

---

COMFORT LIFE
ENGINEERING GROUP
AIR-CON,
(DOOR TO DOOR Sale & Service)
09-44 555 7100, 09-44 555 7200

---

**ရောင်ခြည်ထိပ်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြည့်အစုံဖြင့်
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

---

**တက်နေဝန်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြည့်အစုံ၊
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

---

**သီဟာလင်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကား
များဖြင့်လုပ်သားအပြည့်အစုံ
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

ဆီးဝမ်းလေလမ်းကြောင်းဆိုင်ရာ ရောဂါများအတွက်
အကြောပြေဆေး

ထုံကျဉ်ကိုက်ခဲလျှင် လိမ်း မူးမောလျှင် ရှူ
ကောင်းသတင်းမွှေးကျော် ဆင်ဖြူတော်
အကြောပြေ ဒက်ကြောလိမ်းဆေး

Myanmar's Largest Food & Hospitality Trade Exhibition
6-8 June 2018
MEP at Mindama, Yangon
FHMM FOOD & HOTEL MYANMAR
Register at www.foodandhotelmyanmar.com
Info Hotline : +951 378 975 Ext. 103
MCAC
Coffee & Tea Myanmar
UBM

CHINA-MYANMAR (YANGON) TRADE FAIR 2018
CAEXPO
17-19 . 5 . 2018 | Myanmar Event Park (MEP)
★ Building Materials/ Hardware/ Lighting Products
★ Vehicles/ Motorcycles, Parts & Accessories
★ Farming Machines/ Machinery & Equipment/ Generators/ Industrial Equipment
100% High Quality Reliable Supplier from CHINA
★ Household Appliances/ Consumer Electronics
★ Home Supplies/ Consumer Goods
★ Foodstuffs

CHERRY OO TRIPLE WIN
WORLD CUP 2018
50% 25% 15% 30% 10% 20%
10% GIFT VOUCHER
i Phone X 10 လုံး
SAMSUNG S9 Plus 10 လုံး
www.facebook.com/cherryoowatchgallery

အသက်ကြီးလာသည်နှင့်အမျှ
လူတိုင်းနီးပါး မလွဲမသွေကြုံတွေ့ရမည့်
ကျန်းမာရေးပြဿနာတစ်ခုဖြစ်တာကြောင့်
စောလျှင်စွာသိရှိပြီး
ကြိုတင်ကာကွယ်နိုင်ရန်အတွက်...
အရိုးပါး၊ အရိုးပွရောဂါ
(ဒုတိယအကြိမ်)
ဒေါက်တာခင်မောင်လွင် (FAME)
Ks 5,000
Ph: 09-965 559 860, 01-368 2199, 368 5083, 368 5609

အလိုရှိသည်

Unitex = 200-250
Orient = 300-350
Premier = 350-400
09-420118663, 09-799119749

အကြောပြေ မျက်စိကြည်ဆေး

# နိုင်ငံတော်အတွင်းမှာ တည်ငြိမ်အေးချမ်းဖို့၊ တရားဥပဒေစိုးမိုးမှုရှိဖို့ နိုင်ငံတော်အစိုးရရဲ့ အာဏာစက် သက်ရောက်ရမယ်

ရန်ကုန် မေ ၁၂

**ကချင်ပြည်နယ်သို့ သွားရောက်ခဲ့သည့် သတင်းမီဒီယာအဖွဲ့သည် မေ ၁၁ ရက်က မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်အား သွားရောက်တွေ့ဆုံ၍ ကချင်ပြည်နယ်အတွင်း စစ်ဆင်ရေးလုပ်ခဲ့ရသည့် အကြောင်းရင်း၊ တပ်မတော်၏သဘောထားနှင့် နေရပ်ကိုခေတ္တစွန့်ခွာ၍ နေထိုင်လျက်ရှိသည့် ကျေးရွာသူ ကျေးရွာသားများအတွက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေတို့ကို မေးမြန်းခဲ့သည်။**

တိုင်းမှူးက "နယ်မြေအတွင်းမှာ ကျွန်တော်တို့ စစ်ဆင်ရေးဆောင်ရွက်တယ်၊ ပုံမှန်အားဖြင့် စစ်ဆင်ရေးက နယ်မြေထိန်းသိမ်းတဲ့သဘော အနေအထားနဲ့ ရှင်းတာပါ၊ KIA အနေနဲ့ တနိုင်းဘက်မှာ ကျွန်တော်တို့ ပုံမှန်အုပ်ချုပ်မှုလုပ်နေတဲ့တပ်ကို ချောင်းမြောင်းတိုက်ခိုက်ခဲ့တဲ့အတွက် ကျွန်တော်တို့ စစ်သည်တွေ ထိခိုက်ဒဏ်ရာရလာတာတွေရှိလာလို့ ကျွန်တော်တို့ နယ်မြေရှင်းလင်းမှုလုပ်ပါတယ်၊ အလားတူ ကဆုန့်ဘက်မှာလည်း နမ္မတီး၊ မိုးကောင်း၊ မိုးညှင်းဘက် နေရာတွေမှာ ဝင်ပြီးတော့ သူတို့တွေ ဆက်ကြေးကောက်တယ်၊ လူတွေ အတင်းအဓမ္မဖမ်းဆီးတယ်၊ တိုက်ခိုက်မှုအားလုံးက KIA အဖွဲ့အနေနဲ့ စတင်ပြီး တိုက်ခိုက်လို့ ကျွန်တော်တို့က တုံ့ပြန်ပြီး ရှင်းလင်းတာဖြစ်ပါတယ်၊ စစ်ရဲ့ သဘောသဘာဝက ပြန်လည်မတုံ့ပြန်နိုင်အောင် အတွင်းထဲအထိ ရှင်းလင်းရတာ ရှိပါတယ်၊ ရှင်းလင်းတဲ့အခါမှာ အရပ်သားတွေ ထိခိုက်ဒဏ်ရာရတယ်ဆိုပြီး ပြောတာတွေရှိပါတယ်၊ အောင်လော့ဗ်မှာ ရွာသားတစ်ယောက် သေတယ်ဆိုပြီး ပြောတယ်၊ တကယ်တမ်းကျတော့ သေတယ်ဆိုတဲ့သူဟာ KIA တပ်မဟာ စခန်း(၂)ထဲမှာ ရှိနေသူဖြစ်ပါတယ်၊ တိုက်ပွဲတွေဖြစ်နေပါတယ်ဆိုတာကို လက်နက်ကိုင်အဖွဲ့နဲ့အတူ တပ်မဟာ (၂)ထဲမှာ သွားနေတော့ ရွာသားလား၊ တစ်ဖက်အဖွဲ့အစည်းလားဆိုတဲ့အဖြေက ရှင်းနေပါတယ်"ဟုပြောကြားသည်။

KIA အဖွဲ့သည် ဘာသာရေးအဖွဲ့အစည်းအချို့နှင့် ဆက်နွယ်မှုရှိနေပြီး တပ်မတော်အနေဖြင့် သက်သေ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻**

## တောင်ကြီးနှင့် မန္တလေးမြို့၌ မြန်မာအမျိုးသမီးအသင်း ခြေစမ်းပွဲများ ကစားမည်

**ရန်ကုန် မေ ၁၂**

၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် တောင်ကြီးနှင့် မန္တလေးမြို့တွင် ယှဉ်ပြိုင်ကစားမည့် ခြေစမ်းပွဲများ ထုတ်ပြန်လိုက်ပြီဖြစ်ပြီး လူငယ်အသင်းများ၊ နည်းပြဆရာများအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မေ ၁၄ ရက်မှ ၃၀ ရက်အထိ သွားရောက်မည်ဖြစ်ပြီး ခြေစမ်းပွဲ ခြောက်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ○**

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး၊ ထွက် ပြိုင်ပွဲ GFA၊ ရှိုင်ရယ်သန်လျင်နှင့် ဒဂုံအသင်း အနိုင်ရ

**ရန်ကုန် မေ ၁၂**

၂၀၁၈ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး၊ ထွက်ပြိုင်ပွဲ ပထမအဆင့်(ပထမနေ့)ကို ယနေ့ညနေပိုင်းက ကွင်းသုံးကွင်း၌ ကျင်းပရာ သုဝဏ္ဏကွင်းတွင် GFA အသင်းက ငွေကြယ်ပွင့်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

MNL အမှတ်ပေးပြိုင်ပွဲတွင် ရုန်းကန်နေရသည့် GFA အသင်းသည် ငွေကြယ်ပွင့်အသင်းကို အနိုင်ယူပြီး ဒုတိယအဆင့် တက်ရောက်သွားသည်။ နှစ်သင်းစလုံး၏ ခြေစွမ်းမှာ သာမန်အောက်ရောက်နေပြီး **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻**



GFA နှင့် ငွေကြယ်ပွင့်အသင်း ယှဉ်ပြိုင်နေစဉ်။



## မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းနှင့် ထိုင်းအသင်း ယနေ့ ဗိုလ်လုမည်

**ရန်ကုန် မေ ၁၂**

၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းနှင့် ထိုင်း ယူ-၁၆ အမျိုးသမီးအသင်း မေ ၁၃ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ တတိယနေရာလုပွဲကို မေ ၁၃ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်နှင့် လာအိုအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းသည် ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိဘဲ ဗိုလ်လုပွဲတက်ရောက်လာခြင်းဖြစ်ပြီး ဆီမီးဖိုင်နယ်တွင်မူ နှစ်သင်းစလုံး ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရလာခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် မလေးရှားကို နှစ်ဂိုး-တစ်ဂိုး၊ စင်ကာပူကို ခုနစ်ဂိုး-တစ်ဂိုး၊ ဖိလစ်ပိုင်ကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဗီယက်နမ်နှင့် ဂိုးမရှိသရေကျခဲ့သည်။ ဆီမီးဖိုင်နယ်တွင် လာအိုအသင်းနှင့် ပွဲချိန်အတွင်း တစ်ဂိုးစီသရေကျနေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ မြန်မာအသင်းက ငါးဂိုး-လေးဂိုး၊ စုစုပေါင်း ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ထိုင်းအသင်းမှာမူ အုပ်စုသုံးပွဲစလုံး အနိုင်ရခဲ့ပြီး အင်ဒိုနီးရှားအသင်းကို လေးဂိုး-တစ်ဂိုး၊ လာအိုအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ကမ္ဘောဒီးယားအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်အသင်းနှင့် ဂိုးမရှိသရေကျခဲ့၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ ထိုင်းအသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် ယူ-၁၆ ပြိုင်ပွဲ၊ ၂၀၁၇ ခုနှစ်တွင် ယူ-၁၅ ပြိုင်ပွဲအဖြစ် ကျင်းပခဲ့ပြီး ယခုနှစ်တွင် ယူ-၁၆ ပြိုင်ပွဲအဖြစ် ပြန်လည်ကျင်းပခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပြိုင်ပွဲတစ်လျှောက် ဗိုလ်လုပွဲသို့ ပထမဆုံးတက်ရောက်နိုင်ခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကြိမ်တွင် ဆီမီးဖိုင်နယ်အဆင့်မှ ထွက်ခဲ့ရသည်။ ထိုင်းအသင်းမှာမူ ဗိုလ်လုပွဲသို့ သုံးကြိမ်ဆက် တက်ရောက်နိုင်ခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ်က ကျင်းပသည့်ပြိုင်ပွဲတွင် ဗိုလ်စွဲထားသည့်အသင်းလည်းဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MFF**




ဝတ္ထုတို


## နင်းနွယ်(ကလေး)




# ကျွန်မ အပျိုကြီး

ချမ်းမြဆိုတဲ့ နာမည်ကြားတိုင်း ကျွန်မရင်ထဲမှာ ပူလောင်ဒေါသဖြစ်ရတယ်ဆိုရင် ထူးဆန်းကြမလား မသိဘူးနော်။ နာမည်က ချမ်းမြ။ လူကြည့်တော့ ရိုးရိုးအေးအေး။ ရုပ်ကတော့ ရွက်ကျမ်းရေကျိုလောက်ပါ။ ကျွန်မကတော့ အဲဒီမိန်းမကို မုန်းတယ်။ ကြားဖူးတယ် မဟုတ်လား။ ရည်းစားလုလု အူနုကျွဲခတ်တဲ့။ ချမ်းမြက ကျွန်မရဲ့ ရည်းစားကို လုထားတဲ့အပြင် ကျွန်မရဲ့ အသည်းနုနုကို ဆားပက်သလို ခံရခက်အောင်လုပ်ခဲ့တဲ့သူ။ သူများရည်းစားကို ပြောင်လုသွားတဲ့ချမ်းမြနဲ့ သစ္စာဖောက်ရည်းစားဟောင်း နှစ်ယောက်လုံးကိုမကျေနပ်ဘူး။ ပတ်ဝန်းကျင်က အပျိုကြီးလို့ ပြောင်သလိုလို၊ ခနဲ့သလိုလို အခေါ်ခံရတိုင်း ကျွန်မ သူတို့နှစ်ယောက်ကိုဒေါသဖြစ်တယ်။

တကယ်တော့ ချမ်းမြနဲ့ကျွန်မက သူငယ်ချင်း၊ အိမ်နီးနားချင်းပါ။ နှစ်ကိုယ့်တစ်စိတ် ခင်ခင်မင်မင် အတူနေလာကြရင်း အပျိုကြီးစာရင်းဝင်လာတော့ ဖူးစာဖက်ကို တိတ်တခိုးကြိတ်ပုန်းရှာနေကြချိန်။ ငယ်တုန်းကတော့ အရိုးများသလေး၊ ချေးခါးသလေး ရွေးခဲ့သမျှ အခုတော့ အပျိုကြီးဖြစ်မှာ နည်းနည်းတွေးပူလာပြီ။ ရိုးရိုးအေးအေး ချမ်းမြက ကိစ္စမရှိဘူးလေ။ ငယ်ငယ်ကတည်းက ရည်းစားမထားဖူးတဲ့ အရိုးခံမိန်းကလေး။ အပျိုကြီးဖြစ်ရလည်း တန်ပါတယ်။ ကျွန်မက မော်လီဆိုတဲ့ နာမည်နဲ့ ရွယ်တူကာလသားတွေကြား ရေပန်းစားခဲ့တဲ့သူ။ ရည်းစားမက သူငယ်ချင်းမကျ အတွဲတွေလည်းထားခဲ့သေးတာကိုး။ ဒီတော့ ကျွန်မသာ အပျိုကြီးဖြစ်သွားရင် လည်လွန်းတဲ့ဘီး ချေးသင့်တယ်ပြောကြမှာ။ အဲ တွေ့ရာ ကောက်ယူလို့လည်း မဖြစ်ပြန်ဘူး။ ကျွန်မခေါက်ထားခဲ့တဲ့ လူတွေက ဘယ်လိုလူနဲ့ညားမလဲ စောင့်ကြည့်ကဲ့ရဲ့ကြမှာ။ ဒီတော့ တော်တော်တန်တန် ရွေးလို့မရပြန်ဘူး။

"မော်ရေ ဟိုတစ်လောက ငါတို့ရပ်ကွက်ထဲ ပြောင်းလာတဲ့မိသားစုက ကောင်လေးအတော်သန့်တယ်နော်၊ အော်တိုဆိုင်ကယ်နဲ့ ငါတို့လမ်းက အမြဲဖြတ်တယ်၊ နင်သတိထားမိလား"

"အံမယ် ညည်းက မြင်တတ်လှပါလား ချမ်းမြရဲ့၊ ငါတောင် သတိမထားမိဘူး"

"ငါလည်း ဘာရယ်မဟုတ်ပါဘူး၊ ဒီလိုပဲ မြင်မိလို့ပါ"

ချမ်းမြက မြင်တတ်သား။ ကောင်လေးက ကျွန်မတို့ထက်တော့ ငယ်မယ့်ပုံပဲ။ လူရည်သန့်လေး။ ဘာအလုပ်လုပ်တယ်ဆိုတာ မသိပေမယ့် အသွားအပြန် မီးပူထိုးမပျက်တဲ့ အဝတ်အစားနဲ့ ဘိုကေအကျော့သားမို့ အလုပ်ကြမ်းသမားတော့မဖြစ်နိုင်ဘူး။ ထူးထွေစုံစမ်းစရာမလိုပါဘူး။ သိတယ်မဟုတ်လား။ အသားဖြူဖြူ ကောက်လိုက်၊ ဖြောင့်လိုက် ဆံပင်ပုံစံအမျိုးမျိုးနဲ့ အသက်သုံးဆယ်မထင်ရအောင်လန်းတဲ့ ကျွန်မကို မိုးထက်ဆိုတဲ့ကောင်လေးက မကြာခင် မမ-မမနဲ့ လာရောတော့တာပဲ။ ဒါပေမယ့် ကျွန်မရဲ့မိဘတွေကို ရှိန်တဲ့ မိုးထက်က ချမ်းမြမိသားစုနဲ့တော့ရင်းနှီးသား။ ကျွန်မမိဘက ငွေကြေးအဆင်ပြေပေမယ့် ချမ်းမြတို့ကတော့ သာမန်လက်လုပ်လက်စား မိသားစု။ ကျွန်မကိုကြွေနေတဲ့ မိုးထက်က ချမ်းမြကို အောင်သွယ်အဖြစ် အသုံးချလာတယ်။ ကျွန်မကလည်း မိုးထက်လို ပန်းထိမ်ဆရာလေးလောက်ဆို သိပ်မဆိုးပါဘူးဆိုပြီး ခပ်အီအီလုပ်ထားတာပေါ့။ အဲဒီတုန်းကတော့ ချမ်းမြက ရိုးရိုးသားသားအောင်သွယ်ပေးရှာသား။ ချမ်းမြထက် အောင်သွယ်ကောင်းသွားတာက ချမ်းမြအဖေ ဦးမြင့်။

ချမ်းမြအဖေက အရက်မသောက်ရင် သဘောကောင်းသလောက် အရက်သောက်ရင် သွေးဆိုးတယ်။ တစ်ညတော့ ချမ်းမြအဖေမူးလာချိန်မှာ ကျွန်မကို ချမ်းမြအိမ်ဘက်က လျှောက်ပြန်သံပေးနေတဲ့ မိုးထက်နဲ့ တိုးပါလေရော။ မိုးထက်က ကျွန်မကို ချိန်နေတာမသိဘဲ သူ့သမီးလာဝိုက်နေပါတယ်ဆိုပြီး ပြဿနာရှာတယ်။ ချမ်းမြကို ရိုက်မယ်လုပ်လို့ ချမ်းမြက မိုးထက်လက်ကိုဆွဲပြေးရင်း သင်းတို့ ညားသွားတာပဲ။

ဆိုင်သာဆိုင်မပိုင်တဲ့ ကျွန်မဘဝ။ ဘယ်သူ့ကို မကျေနပ်ရမှန်းမသိဘူး။ ရည်းစားစကားပြောခံထားရပြီး ကိုယ်ကလည်း အဖြေပြန်ပေးဖို့ သေချာတယ်ဆိုတာသိရက်နဲ့ ချမ်းမြလုပ်ရက်တယ်။ တစ်သက်လုံးက ကျွန်မကိုမယှဉ်နိုင်ခဲ့တဲ့ ချမ်းမြ မင်္ဂလာဆောင်တဲ့နေ့ကများဆိုရင် ကျွန်မကို အားနာတာလိုလို ဝမ်းသာတာလိုလို အီလည်လည်အပြုံးနဲ့ပြုံးပြပုံက ရုပ်ဆိုးလိုက်တာ လွန်ပါရော။

ဒီလိုနဲ့ ချမ်းမြတို့လင်မယား သမီးလေးတစ်ယောက်မွေးလာတယ်။ စီးပွားရေးကလည်း အဆင်ပြေတော့ သာသာယာယာပါပဲ။ ကျွန်မလည်း အစ်မရှိတဲ့ မန္တလေးမှာ သွားနေလိုက်တာ ငါးနှစ်လောက်ကြာခဲ့တယ်။ မေ့မေ့ပျောက်ပျောက်ဖြစ်နေခဲ့တဲ့အတိတ်က ပြန်လာတော့ သတိရပြန်ရော။ ချမ်းမြတို့မိသားစုအကြောင်း မေးချင်ပေမယ့် စိတ်နာတာ အရှင်းမပျောက်သေးတော့ မမေးဖြစ်ဘူး။

တစ်ရက် မနက်စောစောနိုးနေတာနဲ့ဈေးထဲ လမ်းလျှောက်ထွက်ပါမယ်ဆိုပြီးထွက်အလာ "ကောက်ညှင်းပေါင်းပူပူလေးရမယ်-ကောက်ညှင်းပေါင်း" ဆိုတဲ့အသံကို ကြားလိုက်ရတယ်။ ရုတ်တရက် ဒီအသံကြားဖူးပါတယ်လို့ စဉ်းစားပေမယ့် အဖြေမပေါ်ဘူး။ ဆောင်းတွင်းမို့ နှင်းငွေ့တွေဝေနေတော့ ကြည့်ရတာ လူလုံးမကွဲသေး။ အနားက ဖြတ်လျှောက်ရင်း မသိမသာငဲ့ကြည့်လိုက်တော့ ကတုံးဆံပင်ပေါက်နှင့် ခပ်ပိန်ပိန် အမျိုးသမီးတစ်ယောက်မို့ မသိပါဘူးလေဆိုပြီး ကိုယ့်လမ်းကိုယ် ဆက်အသွား

"မော်. . နင်ဘယ်တုန်းက ပြန်ရောက်နေတာလဲ"

"ဟင်" နင်. . နင်. . ချမ်းမြမို့လား၊ ဘယ်လိုတွေဖြစ်နေတာလဲဟာ၊ ဆံပင်တွေကကော ဘာလို့ကတုံး တုံးလိုက်ရတာလဲ၊ လာ. . လာ. . ငါ့အိမ်သွားမယ်"

ကျွန်မ အံ့ဩစိတ်နဲ့ ချမ်းမြကိုခေါ်ပြီး အိမ်ဘက်ပြန်လှည့်လာခဲ့တယ်။ ရုပ်ရည်လှပမှု မရှိပေမယ့် ချမ်းမြရဲ့ အားသာချက်က ဆံပင်သားကောင်းပြီး လှပတဲ့ဆံနွယ်ရှည်တွေပိုင်ဆိုင်ထားတာပါပဲ။ မလှတာကိုတောင် ယဉ်စိမ့်စိမ့်နဲ့ ကြည့်ကောင်းသွားအောင် ချမ်းမြဆံပင်တွေက ပံ့ပိုးပေးနိုင်တယ်။ ချမ်းမြကိုယ်တိုင်ကလည်း တယုတယ တန်ဖိုးထားခဲ့တဲ့ ဆံပင်တွေ ဘာလို့ကတုံးတုံးလိုက်တာလဲလို့ ကျွန်မ သိချင်လှတယ်။

"နင်ကတော့ အရင်လိုလှတုန်းပဲနော် မော်၊ ငါ့ကို စိတ်ဆိုးနေသေးလား၊ စိတ်ဆိုးနေသေးတယ်ဆိုရင်တောင် အခုငါ့အဖြစ်ကို နင်သိရင် စိတ်ဆိုးတော့မှာမဟုတ်ပါဘူး"

"ထားလိုက်စမ်းပါဟာ၊ ပြီးခဲ့တာတွေ ပြီးပြီပဲ၊ နင်အခုဘာဖြစ်နေတာလဲ၊ ကျန်းမာရေးကော ကောင်းရဲ့လား၊ စီးပွားရေးတော့ မမေးတော့ပါဘူး၊ မိုးထက်က ဘယ်ရောက်နေလို့ နင်ဈေးရောင်းနေရတာလဲ"

"နင်သိချင်တာတွေ ငါပြောပြမှာပါ မော်ရယ်၊ ငါနေကောင်းပါတယ်။ ကလေးမွေးထားတာ နှစ်လမပြည့်သေးတော့ အားနည်းနေတာလောက်ပါ၊ မိုးထက်က ရှိပါတယ်၊ ဒါပေမယ့် နင်သိထားတဲ့မိုးထက်တော့ မဟုတ်တော့ဘူး၊ အိမ်ထောင်ကျပြီး သုံးနှစ်လောက်ပဲ မိုးထက်ခြေငြိမ်တယ်၊ နောက်ပိုင်း အသောက်အစားမက်လာသလို ခြေမငြိမ်ချင်ဘူး၊ အလုပ်ကို မည်မည်ရရမလုပ်တော့ စားဝတ်နေရေးပါ အဆင်မပြေဘူး၊ ကလေးထပ်မယူနဲ့လို့ မိုးထက်ပြောတဲ့ကြားက ငါကလေး နောက်တစ်ယောက်ထပ်ယူလိုက်တော့ စိတ်လေပါတယ်ဆိုပြီး ထင်သလိုနေတော့တာပဲ၊ ငါ့သမီးကြီးကျောင်းစရိတ်၊ ငါ့အိမ်စရိတ်အတွက် အခုလိုဈေးရောင်းနေရတာလေ"

"နေပါဦး၊ ဈေးရောင်းတာက ထားလိုက်ဦး၊ ဆံပင်က ဘယ်လိုဖြစ်တာလဲ၊ မပြောချင်ဘူး ယောကျ်ားက ငယ်ငယ်ယူထားသေး၊ ခြေမငြိမ်ဘူးလည်း ပြောသေး၊ နင်က ကိုယ့်အလှအပကို ဂရုမစိုက်တော့ပိုဆိုးမှာပေါ့"

"ငါဆံပင်ရှည်နဲ့ဆိုလည်း သူငါ့ကို စိတ်မဝင်စားတော့ပါဘူး မော်ရယ်၊ သူမူးလာတိုင်း မချစ်ဘဲယူခဲ့ရတာလို့ အမြဲပြောတယ်၊ မော့်ကိုသာရရင် ယောက္ခမအိမ် ဇိမ်နဲ့နေရုံပဲတဲ့၊ မော်က လှလည်းပိုလှတယ်တဲ့၊ အစကတည်းက ငါ့အပြစ်ပါ မော်ရယ်၊ သူပြောတာလည်း မမှားပါဘူး၊ ဆံပင်တွေက ငါကလေးမွေးပြီးခါစ သမီးက ကျောင်းဖိုးပိုက်ဆံမရှိလို့ ငိုနေတယ်၊ ငါကလည်း ကလေးနို့မနိုင်တော့ နို့ဘူးဖိုးလိုနေတာနဲ့ ဆံပင်ဖြတ်ရောင်းလိုက်တာ၊ ငါ့အတွက်က အလှအပဆိုတာလည်း အသုံးမကျတော့ပါဘူး၊ ငါ့သားသမီးက အရေးကြီးတာ၊ ခုတော့ ငါဈေးရောင်းနိုင်ပြီမို့ အဆင်ပြေပါတယ်"

ပြောပြောဆိုဆိုနဲ့ ကမန်းကတန်းနှုတ်ဆက်ပြီး ဈေးဆက်ရောင်းဖို့ထပြန်သွားတဲ့ ချမ်းမြကို မတားဆီးလိုက်မိ။ မိန်းကလေးတွေအတွက် အိမ်ထောင်ရေးဆိုတာ ထီထိုးရသလို ကံစမ်းရတဲ့အလုပ်ဆိုတာ သိပ်မှန်တာပဲ။ ချမ်းမြခမျာ လင်ကုန်ရုံးတော့ တစ်သက်လုံး စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ရပြီ။ ချမ်းမြက သူ့ယောကျ်ားကို ချစ်စိတ်နဲ့ မော့်ကိုမရလို့ စိတ်လေတယ်လို့ ခွင့်လွှတ်တွေး တွေးရှာတယ်။ တကယ်ဆို မိုးထက်ကိုယ်တိုင်မပြတ်သားလို့ ချမ်းမြနဲ့ ညားကြတဲ့ကိစ္စပါ။ ချမ်းမြတို့ မင်္ဂလာဦးအချိန်မှာ ကျွန်မရှေ့မှာတင် ချမ်းမြကို ယုယုယယချစ်ပြခဲ့တာ မိုးထက်ကိုယ်တိုင်ပဲလေ။

ပင်ကိုစရိုက်ဆိုးကြောင့်သာ အကြောင်းရှာပေတေနေတာ။ အလှကုန်နေတဲ့ မိန်းမကိုပစ်ပြီး အသစ်ကို သာယာချင်တဲ့ မိုးထက်။ တော်ပါသေးရဲ့ ကျွန်မကို မိုးထက်နဲ့ လွဲခွင့်ပေးတဲ့ကံတရားကို ကျေးဇူးတင်ရတယ်။ ချမ်းမြကိုလည်း မိန်းကလေးချင်းမို့ စာနာသနားပါတယ်။ ဒါပေမယ့် ချမ်းမြကတော့ မိခင်တစ်ယောက်ရဲ့ အားမာန်တွေအပြည့်ရှိနေပုံပဲ။ ချမ်းမြနေရာမှာ ကျွန်မသာဆိုရင် ဒီလို စိတ်ဆင်းရဲကိုယ်ဆင်းရဲတဲ့ ဒဏ်ကိုခံနိုင်ရည်ရှိမယ်မထင်။ ချမ်းမြလိုလည်း သတ္တိကောင်းနိုင်မှာလည်း မဟုတ်ဘူး။

အခုတော့ ဖူးစာရေးနတ်ကို အပျိုကြီးဖြစ်အောင် လုပ်ရသလားလို့ အပြစ်မတင်တော့ဘူး။ ပွဲလမ်းသဘင်ကို စုံတွဲတက်ခွင့်မရပေမယ့် တစ်ကိုယ်တည်း လှလှပပ ကျော့ကျော့မော့မော့ ပွဲတက်လို့ရတာပဲ။ ကြင်နာသူ အနားမရှိလည်း ကိုယ်စိတ်နဲ့ကိုယ် လွတ်လွတ်လပ်လပ်နေလို့ရတယ်။ အရင်က အပျိုကြီးလို့ အခေါ်ခံရတိုင်း ချမ်းမြကိုသတိရပြီး နာကြည်းတတ်ပေမယ့် ခုတော့အပျိုကြီးအခေါ်ခံရလည်း ချမ်းမြကို မြင်ယောင်ရင်း ကိုယ့်ကိုယ်ကိုယ် ငါ ကံကောင်းလှပါလားလို့ တွေးဖြစ်တော့မှာသေချာပါတယ်။ တစ်ခါတစ်ရံမှာ ဆုံးရှုံးရတိုင်း ကံဆိုးတာမဟုတ်ဘဲနဲ့ ကံကောင်းခြင်းလည်း ဖြစ်တတ်ပါလားလို့ ကျွန်မနားလည်လာခဲ့ပါပြီလေ။ ။


## ကျောင်းဖွင့်ချိန်

- စိန်ပန်းပွင့်တို့ မြိုင်ဆိုင်လှပေါ့ မိုးဦးကျ ချိန်ရာသီ။
- အဖြူ အစိမ်းဝတ်စုံ ပန်တင့်လို့ ကျောင်းဖွင့်တော့မည်။
- မျိုးဆက်သစ်တို့ တူစုံပြီ ကျောင်းတော်ဆီ မျှော်ရည်မှန်း။
- အနာဂတ်နိုင်ငံတော်အတွက် တူပျော်ပျော်ပညာသင်လို့ အောင်မြင်စွာချီတက်နှင်းမယ် ပန်းခင်းတဲ့လမ်း။ ။

မိုးယံဝင့်ထည်



မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဆောင်းပါး

## နည်းပညာရဲ့ သားကောင်များ

### ကြယ်မင်းပိုင်

ကျွန်တော်က မနက်လမ်းလျှောက်ပြီးတိုင်း လက်ဖက်ရည်ဆိုင် ထိုင်လေ့ရှိတယ်။ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ရင်း သတင်းစာတို့ ဂျာနယ်တို့ ဖတ်လို့ရတယ်။ တစ်ခါတလေ မိတ်ဆွေတချို့နဲ့တွေ့ပြီး စကားပြောနိုင်တယ်။ စာအကြောင်း ပေအကြောင်း ဆွေးနွေးနိုင်တယ်။ ဒါကြောင့် ကျွန်တော် လက်ဖက်ရည်ဆိုင်ထိုင်ခြင်းဖြစ်တယ်။ ဒီနေ့လည်း လမ်းလျှောက်ရာက အပြန် ထိုင်နေကျ လက်ဖက်ရည်ဆိုင်ထဲ ဝင်လိုက်တယ် ဆိုရင်ပဲ သူငယ်ချင်းဖြစ်သူကို အဆင်သင့်တွေ့ရတယ်။

သူငယ်ချင်းက စာတွေကဗျာတွေ ရေးတဲ့သူဆိုတော့ သူနဲ့တွေ့တဲ့အခါတိုင်း စာအကြောင်း ပေအကြောင်း ပြောဖြစ်ကြတယ်။ သူနဲ့စကားပြောရတာ လေပေးလေယူ ဖြောင့်တယ်။ အခုလည်း ကျွန်တော်က မနက်စောစော လမ်းလျှောက်ရင်း သဘာဝအလှတွေ ခံစားရတာ သဘော ကျကြောင်း ပြောမိတော့ သူကပြောတယ်။ အခုခေတ်မှာ လူအတော်များများက သဘာဝအလှတွေကို မခံစားတတ် ကြတော့ဘူးတဲ့။ နည်းပညာရဲ့ သားကောင်တွေဖြစ်နေကြ ပြီတဲ့။ သူပြောသလို လူတွေဟာ နည်းပညာရဲ့ သားကောင် တွေ ဖြစ်နေကြပြီလား။ ကျွန်တော် အတွေးပွားနေမိပါတယ်။

ငွေကို လူကတီထွင်လိုက်တယ်။ နောက်တော့ ငွေက လူကို ပြန်ပြီးခိုင်းနေတယ်။ အရက်ကို လူတွေက လုပ်တယ်။ နောက်တော့ အရက်ရဲ့ ကျေးကျွန်တွေ ဖြစ်သွားကြတယ်။ အခုရော လူတွေတီထွင်ဖန်တီးထားတဲ့ နည်းပညာတွေက လူတွေကို ဝါးမျိုနေပြီလား။ စဉ်းစားစရာ၊ ထိတ်လန့်စရာ။

ဘုရားဖူးဖို့လာတာလား ဓာတ်ပုံရိုက်ဖို့လာတာလားလို့ မေးရလောက်အောင် ဘုရားပေါ်မှာဓာတ်ပုံတဖျပ်ဖျပ် ရိုက်နေကြသူတွေရှိတယ်။ အမှတ်တရ ဓာတ်ပုံရိုက်တာမျိုး ကိုတော့ အပြစ်မဆိုသင့်ပေမယ့် ဓာတ်ပုံရိုက်ဖို့ကိုသာ ဦးစား ပေးနေတာမျိုးကျတော့ နည်းနည်းလေးတော့ လွဲနေသလို ပါပဲ။ အပန်းဖြေခရီးထွက်ရင်း သဘာဝအလှတရားတွေကို ခံစားရမယ့်အစား ဓာတ်ပုံရိုက်ခြင်း၊ ဂိမ်းဆော့ခြင်း၊ အင်တာနက်သုံးခြင်း စတာတွေနဲ့ အချိန်ကုန်နေတဲ့လူတွေ ကိုလည်း အများကြီး တွေ့ရပါတယ်။ သဘာဝအလှတရား တွေကို မခံစားတတ်တော့တဲ့ သူတို့ရဲ့နှလုံးသားတွေဟာ သဘာဝတရားကြီးရော ချစ်တတ်ပါရဲ့လားလို့ ကျွန်တော် စိုးရိမ်မိတယ်။

ကျွန်တော်တို့ဟာ စိတ်အပန်းဖြေဖို့ မီဒီယာပစ္စည်း တွေကို သုံးကြတယ်။ ဒီလိုသုံးရင်းနဲ့ မသုံးရမနေနိုင်အောင် စွဲလာတယ်။ အလွန်အကျွံ သုံးမိလာတယ်။ အရက်သမား လိုပါပဲ။ ပထမတော့ လူကအရက်ကို သောက်တယ်။ တဖြည်းဖြည်းများလာပြီး အရက်က လူကို ပြန်သောက် သွားတဲ့ အဖြစ်မျိုးပေါ့။ မီဒီယာပစ္စည်းဆိုတဲ့ နေရာမှာ အဓိကကတော့ ဟန်းဖုန်းပါပဲ။ ဟန်းဖုန်းတွေ ခေတ်စား လာတာနဲ့ အမျှ ကျွန်တော်တို့ဟာ facebook လိုမျိုး လူမှုကွန်ရက်မီဒီယာတွေကို ပိုပြီးသုံးလာကြတယ်။ တဖြည်းဖြည်းနဲ့ နည်းပညာရဲ့ သားကောင်တွေ ဖြစ်မှန်းမသိ ဖြစ်လာကြတယ်။ နည်းပညာရဲ့ ဝါးမျိုခြင်းကို ခံလာရတယ်။

ဟန်းဖုန်းတွေပေါများလာတဲ့အခါ သူငယ်ချင်း မိတ်ဆွေ စတဲ့ခင်မင်ရသူအချင်းချင်း စကားတွေ မပြော ဖြစ်ကြတော့ဘူး။ အရင်ကဆို သူငယ်ချင်းတွေ ဆုံကြရင် ဂီတာတီးပြီး သီချင်းတွေဆိုကြ၊ စကားတွေပြောကြ၊ စကြ နောက်ကြနဲ့ သိပ်ပျော်စရာ ကောင်းတယ်။ အခုများတော့ လူချင်းသာဆုံနေကြပေမယ့် စိတ်ချင်းက ဝေးနေကြသလို ဖြစ်နေတယ်။ အတူထိုင်နေပေမယ့် လက်ထဲမှာ ဖုန်းကိုယ်စီနဲ့ ဂိမ်းဆော့တဲ့သူကဆော့၊ facebook သုံးတဲ့သူကသုံးနဲ့။ အရင်လို ပျော်စရာ မကောင်းတော့။ “facebook သည် အဝေးတွင် ရှိသူများကို နီးစေပြီး အနီးတွင်ရှိသူများကို ဝေးသွားစေသည်”တဲ့။ ဝေးနေတဲ့ သူတွေနဲ့ နီးခွင့်ရတာ အင်မတန် ကောင်းပါတယ်။ အဆက်အသွယ်ပြတ်နေတဲ့ သူငယ်ချင်းတွေ၊ နိုင်ငံခြားလို အဝေးမှာရောက်နေတဲ့ သူငယ်ချင်းတွေ၊ ဆွေမျိုးတွေနဲ့ အနားမှာရှိသလို စကားပြောခွင့်ရတာ သိပ်ကောင်းပါတယ်။ ဒါပေမယ့် အနီး မှာ ရှိသူတွေကိုတော့ ဝေးမသွားစေသင့်ပါ။ လျစ်လျူမရှု လိုက်သင့်ပါ။ မိမိအနားမှာရှိနေတဲ့ လူတွေကို တန်ဖိုး ထားပြီး ရင်းနှီးနွေးထွေးတဲ့ ဆက်ဆံရေးကို မပျက်စီးအောင် ထိန်းသိမ်းသင့်ပါတယ်။

တချို့လူငယ်တွေဟာ ဂိမ်းကို ဘိန်းစွဲသလို စွဲကြပြန် တယ်။ မအိပ်မနေ ဆော့ကြတယ်။ မစားမသောက်ဘဲ ဆော့ကြတယ်။ နှစ်ရက်ဆက်တိုက် ဂိမ်းဆော့ပြီး အသက် ဆုံးရှုံးသွားတဲ့ လူတစ်ယောက်အကြောင်း သတင်းတစ်ခုမှာ ဖတ်လိုက်ရတယ်။ COC ဂိမ်းကြောင့် ရူးသွားကြသူတွေ အများကြီးပဲလို့လည်း ဆိုကြပြန်တယ်။

တချို့ကျပြန်တော့လည်း လူမှုကွန်ရက်မီဒီယာကို သုံးရင်းနဲ့ လူလိမ်လူညာနဲ့တွေ့ပြီး ဒုက္ခရောက်ကြတယ်။ ဘဝပျက်ကြရတယ်။ အထူးသဖြင့် မသိနားမလည်သေးတဲ့ အရွယ်တွေ၊ ဗဟုသုတ အားနည်းတဲ့သူတွေမှာ ပိုအဖြစ် များပါတယ်။

နည်းပညာရဲ့ သားကောင်ဖြစ်သွားတဲ့အခါ ကျောင်းသား ကျောင်းသူအရွယ် လူငယ်တွေဟာ စာကို စိတ်မဝင်စား တော့ဘဲ လေလွင့်ပျက်စီးကြတယ်။ အပျော်အပါး၊ မူးယစ် ဆေး စသဖြင့် ပျက်စီးစရာ လမ်းကြောင်းတွေက အများ ကြီးပါပဲ။ လမ်းကြောင်းတွေ အများကြီးထဲက မှန်ကန်တဲ့ လမ်းကြောင်းကို ရွေးချယ်တတ်ဖို့ သိပ်အရေးကြီးပါတယ်။ ဒါကြောင့် မိဘများအနေနဲ့ သတိထားသင့်ပါတယ်။ မိမိ သားသမီးကို အလိုလိုက်ပြီး ဖုန်းတစ်လုံးနဲ့ လွှတ်ထားခြင်း မျိုးဟာ မှန်ကန်တဲ့လုပ်ရပ်တစ်ခု မဟုတ်ပါဘူး။ ပညာ သင်ချိန်မှာ လမ်းမမှားအောင် ဂရုတစိုက်ထိန်းကျောင်း ပေးဖို့ လိုပါတယ်။

တကယ်တော့ နည်းပညာတိုးတက်လာမှုရဲ့ ကောင်းကျိုး တွေလည်း အများကြီးရှိပါတယ်။ သုံးတတ်ရင် ဆေးပါ။ မသုံးတတ်ရင်တော့ အဆိပ်ပါ။ နည်းပညာအဆိပ်သင့်တဲ့ သားကောင်တွေမဖြစ်ဖို့ ကျွန်တော်တို့ သတိထားကြရမှာပါ။ လူကြီးလူငယ် အသက်အရွယ်မရွေး နည်းပညာရဲ့ သားကောင် ဖြစ်သွားနိုင်တာမို့ သတိတရားလက်ကိုင်ထားပြီး အကျိုးရှိတဲ့နေရာမှာသာ အသုံးချတတ်အောင် ကြိုးစားကြ ရမှာ ဖြစ်ပါတယ်။ ။

## ဗဟုသုတ ရှာဖွေတတ်ဖို့

### သမိုင်း(တံတားဦး)

လောကမှာ လူသားတိုင်းဗဟုသုတရှိဖို့ ကြိုးစားကြ တယ်။ ဘာလို့ ဗဟုသုတ ရှိဖို့ကြိုးစားတာလဲ။ ဗဟုသုတရှိတဲ့ သူဟာ မရှိသူထက် များစွာအခွင့်အရေးသာတာ လူသား တိုင်းသိရှိလို့ ဖြစ်ပါတယ်။ နောက်ပြီး လောကလူသားတိုင်း ကြီးပွားချမ်းသာဖို့ ကြိုးစားကြပါတယ်။ သည်လိုကြီးပွား ချမ်းသာမှုရှာဖွေနေသူအချင်းချင်းမှာလည်း ဗဟုသုတ ရှိသူက ကြီးပွားချမ်းသာမှုကို လျင်လျင်မြန်မြန် ဖြစ်စေပြန် တယ်။ ဒါကြောင့် ကြီးပွားချမ်းသာလိုတဲ့ လူသားတိုင်း ဗဟုသုတနဲ့ ပြည့်စုံဖို့ ကြိုးစားကြပြန်တယ်။ သည်လိုဆို ဗဟုသုတရှိရုံနဲ့ ထီပေါက်သလို နေ့ချင်းညချင်း ကြီးပွား ချမ်းသာသွားမယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ ဗဟုသုတ ရှိသူဟာ လုပ်သင့်မလုပ်သင့် ကြံသင့်မကြံသင့် ပြောသင့် မပြောသင့်များကို စဉ်းစားဆုံးဖြတ်ပြီး ကြံဆလုပ်ကိုင် တတ်တဲ့အတွက် အကျိုးများဖြစ်ထွန်းလာကာ ကြီးပွား ချမ်းသာလာခြင်းကို ပြောတာဖြစ်ပါတယ်။

ဒါကြောင့် ဗဟုသုတရှိအောင် ကြိုးစားနေထိုင်သင့်ပါ တယ်။ ဗဟုသုတရှာပုံနဲ့ပတ်သက်ပြီး ဖတ်ဖူးတဲ့ ဆောင်းပါး လေးထဲက အရာကိုလည်း မျှဝေချင်ပါတယ်။ ဆရာကြီး ဇေယျရဲ့ ဆောင်းပါးထဲမှာ ဖတ်ဖူးတာဖြစ်တယ်။

“လူတချို့ဟာ ဗဟုသုတ ဆိုလိုက်တာနဲ့ စာအုပ်ထူထူ ကြီးတွေ တကုပ်ကုပ်ဖတ်နေမှရတယ် ထင်တာတဲ့” အဲဒီလို စာအုပ်ထူထူကြီးတွေ ဖတ်နေပေမယ့်လည်း မိမိအသိ ဉာဏ်နဲ့ ထပ်တူမကျတဲ့အခါ ထင်ထားသလိုမရဘဲ ပင်ပန်း ဆင်းရဲခဲ့ရတာ အဖတ်တင်ပုံကို ဆရာကြီးကပြောထား တာပါ။ အဓိက ဗဟုသုတဆိုတာ အကြားအမြင် များခြင်း ကို ဆိုတာပါပဲ။ တွေ့ရမြင်ရ ကြားရတဲ့အဖြစ်အပျက် အစုံအလင်ကို အကျိုးရှိရှိ အသုံးချတတ်ရင် အကျိုးဖြစ်ထွန်း လာမှာပဲ။ သည်တော့ ပတ်ဝန်းကျင်ကနေ ဗဟုသုတရရှိမှာပဲ လေ။ ဒါဆို စာအုပ်ထူထူကြီးတွေ မဖတ်ရဘူးလို့ပြောတာ လည်း မဟုတ်ပါဘူး။ စာဖတ်များလေ ကောင်းလေပါပဲ။

တစ်ခါတစ်ခါ မိမိအထာနဲ့ မကပ်ဘဲ၊ စာရေးဆရာရဲ့ အဆိုကိုမသိဘဲ တွေဝေပြီးစာဖတ်ခြင်းကို စိတ်ကုန်သွားတဲ့သူ တွေ တွေ့ရပါတယ်။ တဖြည်းဖြည်း တစ်စတစ်စ တစ်ကြောင်း တစ်ကြောင်းကို ဆွဲထုတ်ယူတတ်တဲ့ အဆင့်မရောက်မချင်း သည်လိုအခက်နဲ့ကြုံပြီး ဗဟုသုတ အရှာခက်မှာကို ပြောတာပါ။ နောက်ပြီး ဆရာကြီး ဇေယျက ဗဟုသုတ အရေးကြီးကြောင်းကိုလည်း “ကမ္ဘာ့လူမျိုးတို့၌ ယဉ်ကျေး သည် ရိုင်းသည် ဟူသည်မှာ ဗဟုသုတရှိသည် မရှိသည်ကို လိုက်၍ ဖြစ်ချေသည်” ဟူ၍လည်း ရေးထားပါတယ်။ သည်တော့ ယဉ်ကျေးခြင်းရိုင်းခြင်းကို ဆုံးဖြတ်ဖို့ ဗဟုသုတ စံနဲ့ နှိုင်းယှဉ်ဖို့ လိုတာလည်း သိလာပြန်တယ်။ ဒါကြောင့် ဗဟုသုတရဖို့က အရေးတကြီး ဖြစ်လာပြန်ပါတယ်။

သည်လိုဆို မိမိ စိတ်အထာနဲ့ ကပ်ပြီး ပတ်ဝန်းကျင်က မြင်သမျှ ကြားသမျှကို အကောင်းအဆိုးဆုံးဖြတ်ကာ ဗဟုသုတကို အမြဲတစေ ရှာဖွေတတ်ဖို့ အကျင့်ကလေးတစ်ခု လုပ်ထားသင့်ပါတယ်။ နောက်ပြီး စာအုပ်စာပေများကို အမြဲဖတ်တတ်တဲ့ အကျင့်ကလေးတစ်ခု လုပ်ထားသင့်ပြန် တယ်။ ဒါဆို မိမိတို့ရဲ့သန္တာန်မှာ ဗဟုသုတများ ပွားသတတ်ပွားပြီး များသထက်များလာမှာ အသေချာဖြစ်ပါ တယ်။ ။

## စာကြည့်တိုက်ကို ဘဝလှေကားလို့မြင်ပါ

### သောကြာမောင်(ကန်တော်ဦး)

“စာကြည့်တိုက်ထဲကို လူတစ်ယောက်လှမ်းလိုက်တာ ဟာ လူမိုက်တစ်ယောက် လျော့သွားတာပါပဲ”

“စာကြည့်တိုက်တံခါးကို ဖွင့်လိုက်ခြင်းဟာ ထောင် တံခါးကို ပိတ်လိုက်ခြင်းပါပဲ”။

အထက်က စကားရပ်တွေဟာ စာကြည့်တိုက်ရဲ့ဂုဏ်ကို ထုတ်ဖော်ပြောဆိုခြင်းတွေထဲက စကားအချို့ပဲ ဖြစ်ပါတယ်။ တကယ်တော့ စာကြည့်တိုက်ကောင်းတစ်ခုရဲ့ဂုဏ်ဟာ “ပြောမဆုံးပေါင်၊ တောသုံးတောင်”ပါပဲ။ နည်းပညာတွေ တိုးတက်မြင့်မားလာတာနဲ့အမျှ လူဖျင်းတော်တော်များများ ဟာ စာကြည့်တိုက်ကို အထင်သေးပြီး ဥပေက္ခာပြုလာကြ ပါတယ်။ “အပိုအလုပ်တွေပါကွာ၊ အင်တာနက်မှာ နှစ်ချက်လောက် ရိုက်လိုက်ရုံနဲ့ဖတ်နိုင်တဲ့ စာအုပ်တွေကို များကွာ၊ ကြီးကြီးကျယ်ကျယ်လုပ်လို့” စသဖြင့်ပေါ့။

အဲဒီလူတွေကို စာဖတ်သူလေ့လာကြည့်ပါ။ တစ်ပတ် ကို အင်တာနက်က စာအုပ်ဘယ်နှအုပ် ဖတ်ဖြစ်သလဲလို့ပါ။ တစ်အုပ်လောက်ဖတ်ဖြစ်ရင်ပဲ တော်တော်လေးကို လေးစား စရာကောင်းနေပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ လူတော်တော် များများဟာ အင်တာနက်ဖွင့်လိုက်တာနဲ့ ဖျော်ဖြေမှုဘက်ကို ရောက်သွားတတ်လို့ပါပဲ။

စာကြည့်တိုက်ဆိုတာ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ပညာရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု စတာတွေရဲ့ ဗဟိုဘဏ် တိုက်ကြီးပဲ ဖြစ်ပါတယ်။ ကလေးအစ လူကြီးအဆုံး အရွယ်သုံးပါးလုံးရဲ့ ရာသီစာဆိုရင်လည်း မမှားပါဘူး။

ဘဝမှာ မှားနိုင်သမျှ မမှားအောင်၊ ဆန္ဒရှိသမျှ တိုးတက်အောင်၊ အသိပညာတွေ မြင့်သထက်မြင့်အောင်၊ ခေတ်နဲ့အညီ တိုးတက်နေတဲ့ ပညာရပ်တွေနဲ့ မျက်ခြည် မပြတ်အောင် စသဖြင့် ပေးဆပ်ဖို့အတွက် အမြဲတမ်းအသင့် ဖြစ်နေတဲ့နေရာဟာ စာကြည့်တိုက်ပါပဲ။

ကျွန်တော်တို့အနေနဲ့ စာကြည့်တိုက်ကို အကောင်းမြင် တတ်ဖို့၊ အမှန်မြင်တတ်ဖို့ အရေးကြီးပါတယ်။ စာကြည့် တိုက်ကို အကောင်းမမြင်တဲ့အခါ ကိုယ့်အပေါ် အစဉ် အမြဲကောင်းလွန်းတဲ့မိတ်ဆွေကြီးကို မကောင်းမြင်သလို ဖြစ်ပါလိမ့်မယ်။ တကယ်လည်း “စာအုပ်စာပေ၊ လူ့မိတ်ဆွေ” မဟုတ်လား။ ဘယ်သူတွေ ဘယ်လို သစ္စာဖောက်ဖောက်၊ ကျွန်တော်တို့ရဲ့ အသိပညာ၊ အတတ်ပညာဟာ ဘယ်တော့ မှ သစ္စာမဖောက်ပါဘူး။ ကျွန်တော်တို့သိထားသမျှ တတ်ထားသမျှ အကျိုးရမှာ အမှန်ပါပဲ။

ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့အသိဉာဏ်ကို တစ်နှစ်ထက်တစ်နှစ်၊ တစ်လထက်တစ်လ၊ တစ်ပတ်ထက် တစ်ပတ်၊ တစ်ရက်ထက်တစ်ရက် တိုးတက်အောင်ကြိုးပမ်း နေဖို့ လိုပါတယ်။ တိုးတက်တယ်၊ ပြောင်းလဲတယ်ဆိုတာ ဟာလည်း စာပေဗဟုသုတနဲ့ပြည့်စုံမှ ကောင်းသောတိုးတက် ခြင်း၊ ကောင်းသောပြောင်းလဲခြင်း ဖြစ်မှာပါ။ အဲဒီအတွက် ကျွန်တော်တို့မှာ စာကြည့်တိုက်ရှိပါတယ်။ စာကြည့်တိုက်ကို ကျွန်တော်တို့အနေနဲ့ ဘဝလှေကားကြီးလို မြင်လာတဲ့အခါ စာဖတ်သူတို့ရဲ့ဆန္ဒဟာ အလိုလို လိုက်ပြည့်လာမယ့်အရာပါ။

နိဂုံးအနေနဲ့ စာကြည့်တိုက်ကို ဘဝလှေကားလိုမြင်ပါ။ စာဖတ်ပါ။ စာဖတ်သူတို့ရဲ့ မိတ်ဆွေကောင်းတွေက စာဖတ်သူတို့ရဲ့ဘဝကို ဆန္ဒနဲ့ထပ်တူကျအောင် ကူညီဖို့ စာကြည့်တိုက်မှာ စောင့်နေကြပါတယ်။ ကျွန်တော်တို့ အားလုံး စာကြည့်တိုက်သွားကြမယ်လေ။ ။

## ငယ်ရွယ်စဉ်ခါ ပညာရှာ

အသက်ကလေး ငယ်ရွယ်စဉ်
ရိုးသားကြိုးစား ပညာသင်။
မြတ်ပညာလျှင် တတ်လေမှ
လူ့ရွာဘဝ အောက်မကျ။
ပညာအလှ ရှိသောလူ
အတ္တပရ စွမ်းနိုင်သူ။
အညွန့်တလူလူ ပွဲလယ်တင့်
ပညာတတ်သောသူ ရဲရင့်။
မျက်စိဖွင့်လို့ နားစွင့်ကာ
အသိအတတ် ထိုပညာ။
နေ့စဉ်မကွာ ရှာဖွေထား
ပညာရှိမှ လူလေးစား။
အလေးထားလို့ ငယ်စဉ်မှာ
လုံ့လဇွဲနှင့် ကြိုးစားရာ။
အိုမင်းချိန်ခါ လိုချင်လှ
ကံဉာဏ်မွဲတော့ သင်မရ။
ငယ်ရွယ်စဉ်က ကြိုးစားကြ
ပညာတန်ဖိုး ကြီးပေစွ။ ။

ဖျာပုံမောင်သုည

## မြန်မာ့စိုက်ပျိုးရေး

မိုးမကျခင် ကြေညက်အောင်
ဝီရိယ ပျိုးထောင်။
နွားညီနောင်ကို ကျွေးမပျက်
မနေး သွက်သွက်လက်။
ထွန်ရေးနက်မှ စိုက်သီးနှံ
ထွက်တိုး သေချာပြန်။
နေ့စဉ်ပုံမှန် ကြိုးစားမှ
ဝမ်းစာ ပြည့်မီပ။
မြို့ရွာအလိုက် လယ်ယာမြေ
ပေါများလှပါပေ။
မြန်မာပြည်ရဲ့ အသက်သွေး
အားထား စိုက်ပျိုးရေး။ ။

ရိုးတံ(ပုလဲနယ်)

## မြန်မာ့ရက်ကန်းစင်

ဂျောက်ဂျက်ဂျောက်ဂျက် စည်းဝါးမှန်
ပျိုလေး လက်ခတ်သံ။
လက်ခတ်သံရယ် မြည်သံပေး
ရက်ကန်းစင်တဲ့လေး။
ပျိုလေးရက်တဲ့ ရက်ကန်းစင်
အိမ်ရှေ့မျက်နှာပြင်။
အလှဆင်ကာ လက်စွမ်းပြ
ဖျင်ချည်ထည်တွေရ။
နင်းပစ်ခတ်က ဟန်ချက်မှန်
ပျိုလေးသီချင်းသံ၊
လက်ခတ်သံကို မှန်မှန်ပေး
မြန်မာမှုတဲ့လေး။ ။

အလင်းရောင်(မြို့သာ)

ဝတ္ထုတို

ထက်ဦးခင်




လက်ပတ်နာရီတွင် နာရီလက်တံက နံပါတ် ၈ နှင့် မိနစ်လက်တံက နံပါတ် ၁၁ ကို ညွှန်ပြနေလေပြီ။ အဝေးပြေးကားဂိတ်တွင် လူသံ၊ ကားသံတို့ဖြင့် ဆူညံကာ လျှပ်စစ်မီးရောင်တို့ဖြင့် လင်းလက်နေလျက်။ ညလေအေးလေးကတော့ တဖြူးဖြူး ပြေးလွှားဆော့ကစားနေ၏။

ရန်ကုန်မှ မန္တလေးသို့ သွားမည့် အိတ်စပတ်ကားပေါ်သို့ လေးလံသော ခြေလှမ်းများဖြင့် သူတက်လိုက်၏။ ကားပေါ်ရှိ အလယ်လျှောက်လမ်း၏ ဘေးတစ်ဖက်စီတွင် နှစ်ယောက်တွဲ ထိုင်ခုံများက အစီအရီ။ ထိုလျှောက်လမ်းအတိုင်း သူလျှောက်လာ၍ ခုံနံပါတ် ၁၁ ကိုရှာကာ အဝတ်အိတ်ကို ပစ္စည်းထားရန် ပြုလုပ်ပေးထားသော အပေါ်အံအတွင်းသို့ ထိုးထည့်လိုက်သည်။ ထို့နောက် သူက ထိုင်ခုံတွင် ဝင်ထိုင်ကာ ကျောပိုးအိတ်ကိုတော့ ခြေထောက်နားတွင် ချထားလိုက်၏။ မကြာမီပင် အိတ်စပတ်ကားသည် ရန်ကုန်မြေမှ တဖြည်းဖြည်းထွက်ခွာသွားတော့သည်။

ည ၁၂ နာရီတွင် အိတ်စပတ်ကားသည် ၁၁၅ မိုင်၌ မိနစ် ၃၀ ကြာ ရပ်နားပေး၏။ ၁၁၅ မိုင်ရှိ စားသောက်ဆိုင်တစ်ခုတွင် ပေါင်မုန့်ကြက်ဥကြော်တစ်ပွဲနှင့် နွားနို့တစ်ခွက် သူဝင်စားလိုက်သည်။ လသော်တာ၊ ကြယ်တာရာနှင့် ညလေပြည်တို့က အချိုးကျ အသုံးတော်ခံနေသော်လည်း တစ်ယောက်တည်း ခရီးသွားနေရသော သူ့အဖို့တော့ အထီးကျန်ခြင်းကသာ အဖော်ပြုနေ၏။ ရန်ကုန်နှင့် မန္တလေးသို့ အခါခါ ကူးလူးသွားလာနေရသော ခရီးရှည်ကြီးကို သူစိတ်ပျက်လှသည်။ ဖြစ်နိုင်လျှင် ရန်ကုန်မှာပင် မိသားစုနှင့် အိုးမကွာ၊ အိမ်မကွာနေပြီး အလုပ်လုပ်ချင်လှသည်။ သို့သော် ယခုတော့ မန္တလေးသို့ တာဝန်အရ ခရီးဆက်ရဦးမည် ဖြစ်သဖြင့် အတွေးစများကို ဖြတ်၍ ကားပေါ်သို့ သူပြန်တက်လိုက်၏။

ထိုင်ခုံသို့ ပြန်အရောက်တွင် ဘေးချင်းကပ်ခုံ၌ ထိုင်နေသော မိန်းကလေးကို သူ သတိထားမိသည်။ ရန်ကုန်မှ ၁၁၅ မိုင်ထိ တောက်လျှောက် သူ့ဘေးရှိ ခုံနံပါတ် ၁၂ တွင် ဦးလေးကြီးတစ်ယောက် ထိုင်လာခဲ့သည်။ ယခု ၁၁၅ မိုင်၌ ခရီးတစ်ထောက်နားပြီး ကားပေါ်သို့ ပြန်အတက်မှသာ ထိုမိန်းကလေးက လာထိုင်နေခြင်းဖြစ်၏။ ခရီးသွားခြင်း၊ အထူးသဖြင့် ညဘက်ခရီးသွားရခြင်းတွင် မိန်းကလေးတစ်ယောက်နှင့် ဘေးချင်းကပ်ထိုင်ရသည်ကို သူ မနှစ်သက်။ အပျော်ခရီးထွက်ခြင်းလည်း မဟုတ်၊ အလုပ်ကိစ္စနှင့် ခရီးထွက်ရသည့် သူ့အတွက်တော့ ညဘက်ကားပေါ်တွင် အိပ်သွားမှသာလျှင် မနက်မန္တလေးရောက်သည်နှင့် လန်းလန်းဆန်းဆန်း အလုပ်လုပ်နိုင်လိမ့်မည်။ ယခုတော့ အိပ်ရတော့မည့်ပုံ မမြင်။

"ဟာ ဘာလဲကွာ၊ ခင်ဗျားက ကျွန်တော့်ဘက် တအားရောက်နေပြီ"

ဘေးခုံရှိ မိန်းကလေးကို ဦးတည်၍ ပြောလိုက်သော သူ့အသံသည် ခပ်အုပ်အုပ်ထွက်ပေါ်လာ၏။ မိန်းကလေးသည် ၁၁၅ မိုင်မှ ကားစထွက်ကတည်းက သူ့ကို ကျောခိုင်း၍ တစောင်းအနေအထားဖြင့် ပြတင်းပေါက်ဘက်သို့ မျက်နှာမူကာ အိပ်ပျော်နေရာမှ နိုးလာပြီး သူ့ဘက်သို့တစ်ချက် လှည့်ကြည့်သည်။ ထို့နောက် မိန်းကလေးက သူ့ကို တစ်ချက်ပြုံးပြကာ ခန္ဓာကိုယ်ကို အတည့်အနေအထားဖြစ်အောင် ပြန်ပြင်ထိုင်လိုက်သည်။ ကားပေါ်ရှိ ညမီးရောင် မှိန်မှိန်၊ အပြင်ရှိ လရောင်ဆမ်းဆမ်းနှင့် လမ်းမီးတိုင် ထိန်ခနဲအောက်တွင် မိန်းကလေး၏ အပြုံးတစ်ချက်ကို သူ ဝင်းခနဲ မြင်လိုက်ရ၏။ နီမြန်းနေသည့် မိန်းကလေး၏ သွားများကို သူသဘောမကျ။ ပခုံးအထက်တွင် ဝဲကျနေသော မိန်းကလေး၏ ဆံနွယ်များသည်လည်း နီကြောင်ကြောင်နိုင်လှ၏။ ဒီဇိုင်းအကွက်ဆန်းလှသော ထဘီနှင့် အတူ မလိုက်ဖက်စွာ ဝတ်ဆင်ထားသော နက်ပြာရောင်တွင် အဖြူဖောက်နေသည့် လက်ရှည်ဂျင်းအင်္ကျီမှာလည်း ပွရောင်းရောင်း။ မိန်းကလေး၏ လက်သည်းများတွင်လည်း အရောင်စုံနေသလို အသားအရောင်ကလည်း ညိုသလိုလို၊ ဖြူသလိုလို။ မိန်းကလေးက သူ့ကြောင့် အအိပ်ပျက်သွားသည်ထင့်။ အင်္ကျီအိတ်ကပ်အတွင်းရှိ အထုပ်ငယ်တစ်ခုထဲမှ ကွမ်းတစ်ယာကို နှိုက်ယူ၍ ပါးစပ်ထဲ ထည့်လိုက်သည်။ ထို့နောက် သူ့ကိုစားပါဦးလားဟူသည့် အမူအရာဖြင့် ကွမ်းထုပ်ကို ထိုးပေး၏။ သူက ခါးသီးစွာ ခေါင်းခါလိုက်၍ မိန်းကလေးထံမှအကြည့်လွှဲကာ ကျောပိုးအိတ်ထဲရှိ ဖုန်းကိုထုတ်ပြီး အင်တာနက်ဖွင့်လိုက်သည်။

"ပါဝါဘဏ် ပါလားဟင်"

ကွမ်းတံတွေးများကို ပလတ်စတစ်အိတ်တစ်ခုအတွင်းသို့ ထွေးထည့်ရင်း မိန်းကလေးက မေးလိုက်သည်။

"မပါဘူး"

"ဩော် မမဖုန်းက အားကုန်သွားလို့လေ"

သူ၏ ခပ်ပြတ်ပြတ်ငြင်းသံကို မိန်းကလေးက ခပ်အေးအေးပင် တုံ့ပြန်သည်။ မမဟူသည့် မိန်းကလေး၏ နာမ်စားအတွက်တော့ သူ ပြုံးမိသွား၏။

"ပြောမယ့်သာ ပြောတာပါ၊ မမဖုန်းက ကီးပတ်လေးလေ၊ အိမ်ကမမကို ဖုန်းပေးကိုင်တာ မဟုတ်ဘူး၊ ဒီကီးပတ်လေးကလည်း ဦးလေးဆီက အတင်းတောင်းလာတာ၊ ဒါတောင် ဦးလေးက ပေးတာမဟုတ်ဘူးလေ၊ မပေးတော့လည်း ဦးလေးအလစ်မှာ ခိုးလာတာပေါ့၊ မှတ်ကရော မမက မောင်လေးလို ဖုန်းလေးလိုချင်တာ"

မိန်းကလေး၏ စကားအဆုံးတွင် ဖုန်းအား အင်တာနက်ပိတ်၍ လွယ်အိတ်ထဲသို့ပင် ပြန်မထည့်တော့ဘဲ လက်ထဲတွင် ကျစ်ကျစ်ပါအောင် သူဆုပ်ကိုင်ထားလိုက်မိ၏။

"ဗျာ၊ ဟို ခိုးတာတော့ ဘယ်ကောင်းပါ့မလဲဗျာ"

"ဟုတ်တယ်၊ အိမ်က တအားချုပ်ချယ်တာလေ၊ ဖိနှိပ်တာများရင် ထကြွတတ်တယ်ကွ၊ ဒါပေမယ့် မမက မဟုတ်တာ ဘာမှမလုပ်ဘူး၊ အပေါင်းအသင်းကတော့ များတာပေါ့၊ အပေါင်းအသင်းကလည်းများဆို ယောကျ်ားလေးတွေချည်း ပေါင်းတာ၊ အသက်ကလည်း ၂၀ လေ၊ နှစ်ဆယ်ကျော် မိန်းကလေးဆိုတာ ဘယ်လောက်ပဲ အပြင်မှာ အလုပ်တွေ လုပ်နေရရ၊ အိမ်မှုကိစ္စတော့ နိုင်နင်းရမယ်လို့ မမအမေက ဆုံးမထားတာ၊ အခုလည်း မန္တလေးက အဘိုး၊ အဘွားတွေဆီလာတာလေ၊ အိမ်မှုကိစ္စလုပ်ပေးဖို့ပေါ့"

ကားပေါ်မှဖွင့်ပေးထားသော ငြိမ့်ညောင်းသည့် သီချင်းသံတိုးတိုးထဲတွင် မိန်းကလေး၏ အသံက စည်းဝါးမကိုက်။ ပထမ သူ့ဘေးတွင် ထိုင်ခဲ့ပြီး ယခု အရှေ့မျက်စောင်းထိုးခုံတွင် ပြောင်းထိုင်နေသော ဦးလေးကြီးက သူ့ဘက်သို့လှည့်ကာ နားထင်ကို လက်ညှိုးထိုးပြ၍ တစ်ဖန် လက်ခါပြသည်။ ထိုဦးလေးကြီးသည် မိန်းကလေးနှင့်အတူပါလာသော ဆွေမျိုးသားချင်းတစ်ဦး ဖြစ်နိုင်၏ ။ အခြေအနေကို သူရိပ်စားမိသွားသည်။ သူ့ဘာသာသူ အေးအေးလူလူအိပ်နေသော စိတ်ရောဂါသည်ကို သူကသွားနှိုးမိခဲ့ခြင်းပင်တည်း။

"ဩော်၊ ဒါနဲ့ မောင်လေးကရော ဘယ်သွားမှာလဲ"

"ဟိုလေ၊ ကျွန်တော်က မန္တလေးသွားရမှာပါ"

"ဟီး၊ မန္တလေးသွားတဲ့ ကားပေါ်ရောက်နေမှတော့ မန္တလေးသွားမှာပဲပေါ့နော်၊ ကျောင်းရော ပြီးသွားပြီလား"

"မပြီးသေးဘူး ခင်ဗျ"

သူ့အား မောင်လေးဟု ခေါ်နေသော မမဆိုသည့် မိန်းကလေးကို သူအလိုက်သင့်လေး ပြန်ဖြေပေးလိုက်သည်။

"အဲဒါဆို မောင်လေးက ဘယ်ရီးယားရောက်သွားပြီလဲ"

"ပထမနှစ်ပါ ခင်ဗျာ့"

သူက ခပ်တည်တည်ပင် ဖြေလိုက်သော်လည်း မိန်းကလေး၏ မဖြစ်နိုင်ဘူးဆိုသည့် ပုံစံဖြင့် အကြည့်တစ်ချက်က သူ့ထံသို့ ချက်ချင်းဆင်းသက်လာလေသည်။

"ပထမနှစ် မဟာတန်းတက်နေတာပါ"

အပြုံးတစ်ခုကို မျက်နှာပေါ်တွင် ကမန်းကတန်း ကောက်တင်ရင်း သူက အလျင်အမြန် ဖြည့်စွက်ပြောဆိုလိုက်သည်။

"အင်း မမကတော့ အဝေးသင်ပဲ တက်ပါတယ်၊ သုံးနှစ်ရှိပြီလေ၊ မအောင်ပါဘူး၊ ဝင်ဖြေလိုက် နားလိုက်ပေါ့၊ မမရဲ့ညီမလေးက အခုကိုးတန်းအောင်သွားတာလေ၊ အဲဒါ ဆယ်တန်းကို မတက်ချင်ဘူးလုပ်နေတာ၊ အဲဒါနဲ့ မေးလိုက်တယ်လေ၊ နင်သူများအိမ်က အလုပ်တွေ လုပ်နိုင်လားလို့၊ သူများအိမ်က အလုပ်တွေ မလုပ်နိုင်ရင် ပညာတတ်အောင် သင်ထားရမှာပေါ့၊ မမဆို အခု အမျိုးတွေရဲ့ အိမ်တွေမှာလိုက်ပြီး အိမ်အလုပ်တွေ လုပ်နေရတာလေ၊ ဘယ်အမျိုးက အလကားကျွေးမှာလဲနော့်၊ နောက်ပြီး အိမ်အလုပ် လိုက်လုပ်ပေးပေမယ့် ပိုက်ဆံကျတော့လည်း မုန့်ဖိုးလောက်ပဲပေးတာ"

မျက်စောင်းထိုးခုံမှ ဦးလေးကြီးက တစ်ချက်လှည့်ကြည့်ပြန်သဖြင့် သူမျက်နှာပူသွားသည်။ ညကလည်း နက်သထက် ပိုနက်လာ၏။ ငိုက်မျဉ်းနေသော ခရီးသည်တွေကိုလည်း မိန်းကလေးက အားမနာ၊ ပါးစပ်ထဲရှိ လက်ကျန်ကွမ်းတံတွေးတွေအကုန်ကို ပလတ်စတစ်အိတ်ထဲသို့ အပြီးသတ် ထွေးထည့်လိုက်သည်။ ထို့နောက် ကွမ်းတံတွေးများဖြင့် နီရဲနေသော ထိုပလတ်စတစ်အိတ်ကို ရှေ့ထိုင်ခုံတွင်ပါသော ချိတ်တွင်ချိတ်ရင်း မိန်းကလေးက ခန္ဓာကိုယ်ကို မတ်မတ်လေး ပြင်ထိုင်လိုက်၏။

"ဟား ဟား၊ ဒီလို ဗိုလ်ကျလို့တော့ ဘယ်ခံမလဲ၊ မမက အခုပြေးလာတာ၊ ရန်ကုန်မှာရှိတဲ့ ဦးလေးအိမ်က ပြေးလာတာလေ၊ နောက်ပြီး ပုသိမ်မှာလည်း အဒေါ်တွေ ရှိသေးတယ်၊ ပုသိမ်မှာ မနေချင်တော့ ရန်ကုန်ပြေးတယ်၊ ရန်ကုန်မှာ မနေချင်တော့ အခု မန္တလေးပြေးမယ်၊ မှတ်ကရော ပြေးဖို့အတွက်တော့ ပိုက်ဆံခိုးလာရသေးတာပေါ့"

မဖြစ်တော့ပေ။ မတစ်ရာ သားသမီးတွေ ထိန်းလာသည့် ကျူတာဆရာဖြစ်သော သူ့အဖို့ ထိုမိန်းကလေးတစ်ယောက်ကို ထိန်းမနိုင်သည်ကတော့ မဟုတ်သေး။ "ရှူး တိုးတိုး" ဟု သူက ဟန့်လိုက်တော့ မိန်းကလေးက

"ဟုတ်တယ်၊ ရှူး တိုးတိုး ဒီမှာ ကြည့်စမ်း" ဟုဆိုကာ လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ထားသော ကြိုးဆွဲရှုံ့အိတ်လေးကို ဖွင့်၍ အထဲရှိ စိန်လက်စွပ်လေးကိုပြ၏ ။ ထို့နောက် အိတ်လေးကို ခပ်သွက်သွက်ကြိုးဆွဲ၍ ပြန်ပိတ်လိုက်၏။ အမှောင်တို့ မင်းမူနေသည့် အချိန်တွင် မိုးပေါ်မှ ကြယ်လေးတစ်ပွင့်က ဖျတ်ခနဲ မျက်တောင်ခတ်ပြသကဲ့သို့ လက်စွပ်လေး၏ ထိပ်တွင် ကွတက်နေသော စိန်ပွင့်လေးကလည်း လက်ခနဲ။

"ဒါ ပုသိမ်မှာနေတဲ့ အဘွားလေးရဲ့ လက်စွပ်ပေါ့၊ အဘွားလေး ဆုံးခါနီးကဆိုရင်လေ ဘယ်အမျိုးမှ လူနာမေးတစ်ချက်လာတာ မဟုတ်ဘူးနော်၊ မမပဲ အကုန်ပြုစုရတာ၊ အဘွားလေးက လေလည်းဖြတ်ထားတော့ ပြုစုရတာ သိပ်ပင်ပန်းတာပဲ၊ အဘွားလေးက မမလက်ပေါ်မှာပဲ ဆုံးသွားတာပေါ့၊ အဘွားလေးဆုံးမှ အမျိုးတွေက အကုန်ရောက်လာတာ၊ ဒီလက်စွပ်ကိုလည်း အဘွားလေးရဲ့ သမီး၊ မမနဲ့ဆို အဒေါ်တော်တာပေါ့၊ အဲဒီအဒေါ်က သိမ်းလိုက်တာလေ၊ အခု ပုသိမ်က ထွက်ပြေးတော့ အဲဒီလက်စွပ်ကိုခိုးလာတာ၊ မှတ်ကရော"

"ဟူး"

မည်မျှပင် စိတ်ရောဂါသည် ဖြစ်သော်လည်း အဒိန္နာဒါနာကို အဖန်တလဲလဲ ကျူးလွန်နေသော မိန်းကလေးအတွက် သူ သက်ပြင်းချမိသည်။

"အင်း၊ အဘွားလေးကို ပြုစုရတယ်ဆိုတော့ ပင်ပန်းတာပေါ့၊ အခု ခင်ဗျား မအိပ်ချင်ဘူးလား"

အချိုသာဆုံးဖြစ်မည့် စကားတို့ကို ရွေးချယ်၍ အနူးညံ့ဆုံးလေသံဖြင့် သူပြောလိုက်သည်။

"အင်း၊ အိပ်ချင်တာပေါ့၊ အိပ်မရတာ ကြာပြီလေ၊ ဒါပေမယ့် ဒီခုံကြီးက အိပ်လို့မကောင်းဘူး"

"ဒါဆို ကျွန်တော်ခုံကို နောက်လှန်ပေးမယ်နော်"

သူက ပြောပြောဆိုဆိုနှင့်ပင် ထိုင်ခုံရှိ နောက်လှန်သည့် ခလုတ်ကိုနှိပ်၊ ထိုင်ခုံကျောမှီကို လက်ဖြင့် ဖိပေးလိုက်သည်။ မိန်းကလေးထံမှ "အင်း"ဟုသာ တစ်ချက်ကြားလိုက်ရ၍ မကြာမီ ထိုင်ခုံတွင် ငြိမ်သက်သွားပြီး ဟောက်သံသဲ့သဲ့ ထွက်လာသည်။

"ဆရာ တံခွန်တိုင်အဝိုင်း ရောက်ပြီဗျ"

သူလည်း မေ့ခနဲ အိပ်ပျော်သွားရာ ယာဉ်နောက်လိုက်လေး လာနှိုးမှသာ နိုးတော့သည်။ ခြေထောက်နားတွင်ချထားသော ကျောပိုးအိတ်ကို ကောက်လွယ်၍ အပေါ်အံတွင် ထည့်ထားသော အဝတ်အိတ်ကို ဆွဲထုတ်လိုက်၏။ ထို့နောက် မိန်းကလေးကို နှုတ်ဆက်ခြင်းမပြုတော့ဘဲ ကားပေါ်မှ သူဆင်းလိုက်သည်။

"မောင်လေး"

အသံကြောင့် သူနောက်သို့ လှည့်ကြည့်လိုက်မိသည်။ အိတ်စပတ်ကားပေါ်မှ ဆင်းလာနေသော မိန်းကလေးကို တွေ့ရ၏။

"မောင်လေးရဲ့ ဖုန်းလေး ထိုင်ခုံအောက်မှာ ပြုတ်ကျကျန်ခဲ့လို့"

မိန်းကလေးက ပြေးလာ၍ ဖုန်းလေးကို သူ့လက်ထဲထည့်ပေးသည်။

"ခင်ဗျားပဲ ဒီလိုဖုန်းလေး လိုချင်တယ်ဆို၊ နောက်ပြီး ခင်ဗျားက လိုချင်တာဆို မရရအောင် ခိုးယူတတ်တယ် မဟုတ်လား၊ အခုက ခိုးစရာတောင်မလိုဘဲ ဒီဖုန်းက ကျွန်တော့် ပေါ့ဆမှုကြောင့် ကျကျန်ခဲ့တာလေ၊ ခင်ဗျား ဘာလို့ မယူထားလိုက်တာလဲ"

"မမက လိုချင်တာဆို ရအောင် ခိုးတတ်တာ မဟုတ်ပါဘူး၊ ပြန်လိုချင်တာဆို မရရအောင် ခိုးတတ်တာပါ၊ ဦးလေးဆီက ခိုးလာတဲ့ ကီးပတ်ဖုန်းလေးက မမရဲ့ လုပ်အားခနဲ့ ဝယ်ထားတာကို ဦးလေးက သိမ်းလိုက်တော့ မမ ပြန်လိုချင်တယ်၊ ဒါကြောင့် ခိုးရတယ်၊ ခိုးလာတဲ့ ပိုက်ဆံတွေကလည်း မမ အိမ်အလုပ်လုပ်ပြီး စုထားတဲ့ မုန့်ဖိုးတွေပဲ၊ ဒါကို အမျိုးတွေက ချေးသွားပြီးမပေးတော့ မမပြန်လိုချင်လို့ ခိုးရတယ်၊ အဘွားလေးရဲ့ စိန်လက်စွပ်ကလည်း အဘွားလေးကိုယ်တိုင် သူမဆုံးခင်က မမလက်မှာ စွပ်ပေးခဲ့တာ၊ အဲဒါ အဒေါ်က လုသွားတော့ မမပြန်လိုချင်တယ်၊ ဒါကြောင့် ခိုးခဲ့တယ်၊ အခုက မောင်လေးရဲ့ ဖုန်းလေ၊ မောင်လေးက မမဆီက အတင်းယူထားတဲ့ ပစ္စည်း မဟုတ်ဘူးလေ၊ မမက ဘာလို့ ပြန်လိုချင်ရမှာလဲ၊ ဘာလို့ခိုးရမှာလဲ၊ ဟား ဟား မောင်လေးက ရယ်ရတယ်နော်"

မိန်းကလေးက ရယ်မောပြောဆို၍ အေးအေးဆေးဆေးပင် ကားပေါ်ပြန်တက်သွားသည်။ မိန်းကလေး၏ လက်ထဲရှိ ကြိုးဆွဲရှုံ့အိတ်လေးကတော့ တရမ်းရမ်းဖြင့် သူ့ကို နှုတ်ဆက်သွားသယောင်ယောင်။ ကားက ကွေ့ဆည်ကန် ကားကြီးကွင်းဘက်သို့ ဦးတည်၍ မောင်းထွက်သွားသည်။ သူ့လက်ထဲရှိ ဖုန်းလေး၏ ပါဝါခလုတ်ကို နှိပ်လိုက်တော့ အချိန်က ၅း၁၅ ဟု ပြနေ၏။ အရှေ့အရပ်ဆီတွင် နေဝန်းနီနီက ပြူကာထွက်ဖို့ အားယူနေလေပြီ။ တံခွန်တိုင်အဝိုင်း၌ ဆိုင်ကယ်သံ၊ ကားသံများဖြင့် ဆူညံကာ လမ်းမီးတိုင်မှ အလင်းရောင်များဖြင့် လင်းလက်နေပါတော့သည်။ ။

ဆောင်းပါး

အမှုန်ဒီကျော်စွာ

# ကျွန်တော်နှင့် လူငယ်စာပေဖန်တီးသူတို့၏ အရွေး

လူငယ်များ၊ ကလောင်သစ်များ၊ စာပေဝါသနာရှင်များနှင့် ဝါရင့်စာပေဖန်တီးသူ ဆရာ ဆရာမကြီးများ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်၊ နေ့စဉ်ထုတ်သတင်းစာတို့ကြားတွင် လိုအပ်နေသော ပေါင်းကူးတံတားလေးတစ်ခုဖြစ်စေရန် အလို့ငှာ ဝါသနာအရ ကဗျာ၊ ဆောင်းပါး၊ အက်ဆေး၊ ဝတ္ထုတို၊ ဝေဖန်ရေး၊ နိုင်ငံတကာစာပေ၊ ဘာသာပြန်စာပေ စသည်တို့ကို ရေးသားနေကြပြီး ပရင့်တက်မီဒီယာများပေါ်သို့ ဖော်ပြရန် အခက်အခဲရှိသူများ၊ အယ်ဒီတာတို့၏ စာမူရွေးချယ်ပုံမူများ၊ တိုက်၏ စာမူရွေးချယ်ဖော်ပြရေးမူများအပြင် ကလောင်သစ်များကို ဦးစားပေးကာ ရွေးချယ်ဖော်ပြပေးသော တိုက်များအကြောင်းတို့ကို အနည်းအကျဉ်းမျှ ဆွေးနွေးတင်ပြပေးမည်ဖြစ်ပြီး ကျန်ရှိနေနိုင်သော အချို့တိုက်များကိုလည်း ဖြည့်စွက်စဉ်းစားကာ နားလည်ပေးကြစေချင်ပါသည်။

လူငယ်များ၊ ကလောင်သစ်များ၊ ဝါသနာရှင်များအတွက် စာတိုပေစလေးများ ရေးသားကြပါသော်လည်း ပရင့်တက်မီဒီယာပေါ်သို့ရောက်ရန် စာမူရွေးချယ်ဖော်ပြရန်မှာ စာပေစတင်ရေးသားသူတိုင်း၏ ကြီးကျယ်ခမ်းနားသော အိပ်မက်များဖြစ်သည်မှာ သေချာကြပါသည်။ထိုကဲ့သို့ စတင်ရေးသားချိန်တွင် မိမိ၏စာမူမှာ အဆင့်မှမီပါရဲ့လားဆိုသော စိုးရိမ်စိတ်ဖြင့် စာမူများကို အယ်ဒီတာများ စာပေတိုက်များသို့မပို့ဘဲ သိမ်းထားခြင်း၊ လူမှုကွန်ရက် ဖေ့စ်ဘွတ်ပေါ်တင်ခြင်းတို့ထက် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်၊ သတင်းစာတိုက်များသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း၊ အီးမေးလ်ဖြင့်သော်လည်းကောင်း မိမိစာမူကိုပို့ကာ အယ်ဒီတာများကို ဖတ်စေခြင်းဖြင့် နောက်ပိုင်းတွင် ဆက်လက်ရေးသားဖန်တီးမည့် စာမူများအတွက် သင်ခန်းစာများ၊ ပြုပြင်စရာများ၊ အတွေ့အကြုံများ၊ အရေးအသားအမှားများ၊ စိတ်ခွန်အားများ စသည်ဖြင့် စာပေလမ်းပေါ်တွင်သော်လည်းကောင်း၊ ဘဝလမ်းပေါ်တွင်လည်းကောင်း လက်တွေ့အသုံးချရမည့်၊ ဖြေရှင်းရမည့် ပြဿနာအရပ်ရပ်အတွက်လည်း အားအင်များ ဖြစ်ပေါ်လာစေနိုင်ပါသည်။

မိမိရေးသားထားသော စာမူပုံစံနှင့် စာပေတိုက်တို့၏ စာမူရွေးချယ်မှုနည်းစနစ်၊ အယ်ဒီတာတို့၏ စာမူရွေးချယ်မှုမူများ မကိုက်ညီလျှင် မိမိစာမူများမှာ ကောင်းမွန်ပါသော်လည်း စာပေတိုက်များ၊ အယ်ဒီတာများက ရွေးချယ်ဖော်ပြမှုကို ပြုလုပ်ပေးနိုင်မည် မဟုတ်သလို မိမိစာမူများ ထိုတိုက်တွင် ရွေးချယ်ဖော်ပြခြင်းမရှိသည့်အတွက်လည်း စိတ်ပျက်စရာ၊ အားငယ်စရာ၊ ဝမ်းနည်းစရာမလိုပါ။ မိမိရေးသားထားသော စာမူပုံစံနှင့် လိုက်ဖက်မည့် လိုက်လျောညီထွေရှိမည့် အခြားစာပေတိုက်တစ်ခုသို့ ရွေးချယ်ပေးပို့ရန်သာ မိမိတာဝန်ပင်ဖြစ်သည်။ သို့သော် စာပေဖန်တီးသူ ဝါရင့် ဆရာ ဆရာမကြီးများ အများအပြားရေးသားနေသော စာပေတိုက်များ၊ ကလောင်သစ်ကဏ္ဍမရှိသော စာပေတိုက်များသို့ စာမူပေးပို့မိလျှင်လည်း မိမိစာမူများ ရွေးချယ်ဖော်ပြရန် မျှော်လင့်ချက်မှာ နည်းပါးပေလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ကလောင်သစ်များ၊ လူငယ်များ၊ ဝါသနာရှင်များ အလွယ်တကူရွေးချယ်ကာ လေ့လာနိုင်စေရန်၊ စာမူများပေးပို့နိုင်စေရန် ကလောင်သစ်များ၊ လူငယ်များ၊ ဝါသနာရှင်များကို ဦးစားပေးသော ကလောင်သစ်ကဏ္ဍရှိသော စာပေတိုက်များကို သိထားသလောက် မျှဝေဖော်ပြပေးပါမည်။

မဂ္ဂဇင်းများထဲတွင် ကလောင်အသစ်၊ အဟောင်း မခွဲခြားဘဲ စာမူကောင်းလျှင်ကောင်းသလို ရွေးချယ်ဖော်ပြပေးသောတိုက်များမှာ Faces or မုခမဂ္ဂဇင်း၊ Youth မဂ္ဂဇင်း၊ ဓမ္မဓူတ မဂ္ဂဇင်း၊ ဓမ္မရိပ်မဂ္ဂဇင်း၊ ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်း-ကဗျာ ရင်ပြင်သစ်ကဏ္ဍ၊ မဟေသီ မဂ္ဂဇင်း၊ လင်းလွန်းခင် မဂ္ဂဇင်း၊ ကျေးရွှေတမာ မဂ္ဂဇင်း၊ The Best English မဂ္ဂဇင်း၊ သာကီအလင်း မဂ္ဂဇင်း၊ မိုးမခ အွန်လိုင်းမဂ္ဂဇင်း၊ လွတ်လပ်လှိုင်း အွန်လိုင်းမဂ္ဂဇင်း၊ ပန်းသီကြိုး အွန်လိုင်း မဂ္ဂဇင်း၊ အပျိုစင် မဂ္ဂဇင်း၊ မြဝတီ မဂ္ဂဇင်း-ကဗျာဖိုင်တွဲကဏ္ဍ-မြဝတီပွင့်သစ်ကဏ္ဍ၊ ရသခေတ် မဂ္ဂဇင်း-ကဗျာကဏ္ဍ တို့ ဖြစ်ကြပါသည်။

ဂျာနယ်များထဲတွင် ပေါ်ပြူလာဂျာနယ်-ကဗျာကဏ္ဍ-ဝတ္ထုတို ကဏ္ဍ၊ သူရိယအလင်းဂျာနယ်-ကဗျာကဏ္ဍ-ဆောင်းပါးကဏ္ဍ၊ မြန်မာပို့စ်ဂျာနယ်-ဆောင်းပါးကဏ္ဍ၊ စောင့်ကြည့်ဂျာနယ်-ဆောင်းပါးကဏ္ဍ၊ Weekly Headline ဂျာနယ်-ဆောင်းပါးကဏ္ဍ၊ Unity ဂျာနယ်-ကဗျာကဏ္ဍ-ဆောင်းပါးကဏ္ဍ၊ ဒီလှိုင်းစာစောင်-ကဗျာကဏ္ဍ-အက်ဆေးကဏ္ဍတို့ ဖြစ်ကြပါသည်။

နေ့စဉ်ထုတ်သတင်းစာများထဲတွင် ကြေးမုံ-မျိုးဆက်သစ်ရင်ပြင်ကဏ္ဍ၊ စံတော်ချိန်-ကလောင်သစ် ကဗျာကဏ္ဍ၊ မြန်မာတိုင်းမ်-ကဗျာကဏ္ဍ-ဆောင်းပါးကဏ္ဍ-လူငယ်နှင့် တက္ကသိုလ်ကဏ္ဍ၊ ဒီမိုကရေစီတူဒေး-အက်ဆေးကဏ္ဍတို့ ဖြစ်ကြပါသည်။

လူငယ်များ၊ ကလောင်သစ်များ၊ ဝါသနာရှင်များအနေဖြင့် ယခုတိုက်များသို့ အဓိကထားကာ စာမူများကို ရေးသားပေးပို့ကြလျှင် စာမူများ ရွေးချယ်ဖော်ပြခံရနိုင်ခြေများပြီး အယ်ဒီတာများကလည်း ရောက်လာသမျှ စာမူများကို ရာခိုင်နှုန်းပြည့်နီးပါးဖတ်သည်ဟု ပြောဆိုကောက်ချက်ချနိုင်ပြီး မိမိစာမူကောင်းရန်သာလိုအပ်ကာ စာမူကောင်းလျှင်ကောင်းသလို မိမိစာမူကို အမြန်ဆုံး ရွေးချယ်ဖော်ပြပေးမည့် တိုက်များဖြစ်သည်။ သို့သော် အခြားတိုက်များကိုလည်း ပေးပို့နိုင်သည်ကို မမေ့စေလိုပေ။ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များ တစ်တိုက်ချင်းစီတို့၏မူများ၊ အယ်ဒီတာတို့၏ စာမူရွေးချယ်မှုများကို သေချာလေ့လာကာ သင့်တော်မည့်တိုက်ကို သင့်တော်မည့်စာမူများ ရွေးချယ်ကာ ပေးပို့နိုင်ကြပါစေကြောင်း၊ ပေးပို့သောစာမူများနှင့် တိုက်၏ပေါ်လစီများ၊ အယ်ဒီတာတို့၏မူများ တစ်ထပ်တည်းကျကာ စာမူများ ရွေးချယ်ဖော်ပြပေးခြင်းကို လက်ခံရရှိပြီး ပျော်ရွှင်ဝမ်းမြောက်ကြရပါစေကြောင်း ဆုတောင်းပေးပါသည်။ ။

ဆောင်းပါး

ချစ်ညီ(ဘဝရသ)

# ပုံးကလေး

တစ်နေ့သ၌ ဆံသဆရာလေး မောင်ကြည်၏ဆိုင်သို့ ကပ္ပလီဆံပင်ကဲ့သို့ ကောက်ကွေးနေသည့် ဆံပင်ကို ပိုင်ဆိုင်ထားသည့် အရပ်ရှည်ရှည် ပိန်ပိန်ကပ်ကပ် အသားမည်းမည်း ရုပ်ဆိုးဆိုး ကောင်လေးတစ်ယောက် ဆံပင်လာ၍ ညှပ်လေ၏။

ဆံပင်ညှပ်ခုံပေါ် ထိုင်သည်နှင့် ဆံသဆရာတို့၏ ထုံးဆံအတိုင်း မည်သည့်ပုံစံအား ညှပ်မည်နည်းဟု မောင်ကြည်က မေးသောအခါ ကောင်လေးက“ကြိုက်သလို ညှပ်ဗျာ၊ တိုသွားရင် ပြီးတာပဲ”ဟု စိတ်ပျက်ညည်းတွားသံဖြင့် ပြန်ပြောလေသည်။ ထိုအသံသည် ဆံသဆရာလေး မောင်ကြည်၏နားတွင် အင်မတန်မှ အလိုမကျစရာဖြစ်နေလေသည်။

ထို့နောက် ဆံသဆရာလေးမောင်ကြည်က “မဟုတ်ဘူးလေ ညီရဲ့၊ ညှပ်မယ့်ပုံစံပြောမှ အဆင်ပြေပြီး ကြည့်ကောင်းမှာပေါ့”

“ဟား ဟား ဟား ဟား”

ကောင်လေးမှ ရုတ်တရက်ရယ်လိုက်တော့ ဆံသဆရာလေးမောင်ကြည်မှာ အနည်းငယ်မျှ မှင်တက်သွားလေသည်။

“ကိုယ့်စကားမှာ ရယ်စရာပါလို့လား ညီ”

မျက်နှာတည်ဖြင့် ပြောလိုက်သော စကားကြောင့် ကောင်လေးမှာ ပျာပျာယာယာပင် “ကျွန်တော့်စကားမှားသွားရင် တောင်းပန်ပါတယ် အစ်ကို၊ ဘယ်လိုပြင်ပြင် မလှတဲ့ကျွန်တော့်ကို အစ်ကိုက ကြည့်ကောင်းသွားမယ် ပြောလို့ ရယ်မိသွားတာပါ”

ဒီတစ်ခါ ပြုံးလိုက်မိသူက ဆံသဆရာလေး မောင်ကြည်ဖြစ်သည်။

မေးချင်လာအောင်ပြုံးပြလိုက်သည့် အပြုံးဖြစ်သည့်အတွက် ကောင်လေးကလည်း မေးခွန်းများထွက်ပေါ်လာပါတော့သည်။

“အစ်ကို ဘာလို့ပြုံးမှန်းမသိပေမယ့် အဲဒီအပြုံးက ကျွန်တော့်ကို တစ်ခုခုပြောနေသလိုပဲ အစ်ကို”

“ဟုတ်ပါတယ် ညီ၊ ပထမဆုံး ညီရဲ့ ညည်းတွားသံကို အစ်ကိုနားလည်သွားလို့ပါ”

“ဗျာ”

“ကဲ၊ ဆံပင်ညှပ်ကြရအောင်”

“ဆံပင်ညှပ်ရင်း ညီကို ပုံပြင်လေးတစ်ပုဒ် အစ်ကိုပြောပြမယ်၊ သေသေချာချာ နားထောင်ကွာ”

တစ်ခါတုန်းက အဘိုးအိုတစ်ယောက်ဆီမှာ သူရေခပ်တိုင်း သုံးလေ့ရှိတဲ့ ရေပုံးကလေး နှစ်ပုံးရှိတယ်။ ရေပုံးတစ်ခုက အနာအဆာမဲ့ပေမယ့် ကျန်တစ်ပုံးကတော့ အပေါက်တွေ၊ အဖာတွေ အနည်းငယ်ရှိနေတာပေါ့ကွာ။ အဘိုးအိုက အဲဒီပုံးနှစ်လုံးကို ရေထမ်းပိုး တစ်ဖက်တစ်ချက်မှာချိတ်ပြီး စမ်းချောင်းမှာ ရေသွားခပ်တိုင်း အိမ်ပြန်ရောက်တဲ့အခါ ရေပုံးတစ်လုံးက ရေအပြည့် ပါပေမယ့် ကျန်ရေပုံးလေးကတော့ ရေတွေ စိမ့်ကျကျန်နေခဲ့တာကြောင့် ရေတစ်ဝက်ပဲ ပါတာပေါ့။

အဲဒီတော့ ပြည့်စုံကောင်းမွန်တဲ့ပုံးလေးက သူ့ရဲ့စွမ်းဆောင်နိုင်မှုအပေါ် သူ့ကိုယ်သူဂုဏ်ယူဝင့်ကြွားနေချိန်မှာ ကျန်တဲ့ပုံးကလေးကတော့ စိတ်ပျက်အားငယ်နေရှာတာပေါ့ ညီရယ်။

နှစ်အနည်းငယ်ကြာပြီးတဲ့နောက် တစ်နေ့မှာ အဘိုးအို စမ်းချောင်းမှာရေခပ်နေတုန်း အနာအဆာရှိတဲ့ ပုံးကလေးက အဘိုးအိုကို ဒီလိုပြောရှာသတဲ့. . .

“သခင်ရယ် ကျုပ်သင့်အတွက် ဘယ်တော့မှ ရေအပြည့် မသယ်ပေးနိုင်တာကို တွေးမိတိုင်းစိတ်မကောင်းဖြစ်မိသလို ကျုပ်ကိုယ်ကျုပ်လည်း ရှက်မိတယ်ဗျာ”လို့ ပြောတော့ အဘိုးအိုက ပုံးကလေးကို ပြုံးကြည့်ပြီး

“ကျုပ်တို့ ရေခပ်ရာလမ်းတစ်လျှောက် သင်ရှိတဲ့ လမ်းဘက်ကပဲ ပန်းပင်လေးတွေပေါင်းစုံ ဝေဆာလှပနေတာကို သင်သတိထားမိလား”လို့ အဘိုးအိုက ပုံးကလေးကို ပြန်မေးတယ်။ ပြီးတော့ အဘိုးအိုက ဆက်ပြောတယ်။

“သင့်မှာရှိတဲ့ အဲဒီအားနည်းချက်တစ်ခုကို သတိထားမိလို့ ရေခပ်တဲ့လမ်းတစ်လျှောက် သင့်ဘက်အခြမ်းမှာ ပန်းမျိုးစေ့လေးတွေ ကျုပ်ကြဲထားခဲ့တယ်၊ သင်အမြဲ ရေလောင်းခဲ့တဲ့ မျိုးစေ့လေးတွေဟာ အခု အဲဒီလမ်းက ပန်းဥယျာဉ်လေးပဲပေါ့၊ ကျုပ်အိမ်က ပန်းအိုးတွေက ပန်းတွေလည်း အဲဒီဥယျာဉ်လေးကပဲ ကျုပ်ခူးခဲ့တာလေ၊ သင့်ကြောင့်သာ မဟုတ်ရင် အဲဒီလမ်းကပန်းပင်လေးတွေ ဖြစ်လာမှာ မဟုတ်သလို ကျုပ်အိမ်ကလေးကိုလည်း အခုလို ပန်းပေါင်းစုံ ဝေဝေဆာဆာနဲ့ ဘယ်အလှဆင်နိုင်ပါ့မလဲ”တဲ့။

ဒီထဲက ဥပမာလေးအတိုင်းပါပဲ။ လူသားတိုင်းမှာ အားနည်းချက်ကိုယ်စီ ရှိတတ်ပါတယ် ညီ။ ကိုယ့်ရဲ့ အားနည်းချက်ကို လူတွေဘယ်လိုကြည့်လဲ၊ လှောင်လဲဆိုတာ စိတ်ထဲမထားဘဲ စိတ်ထားဖြူစင်စွာနဲ့ ကိုယ်နိုင်ရာဝန်ကနေ လောက ကောင်းကျိုးကို သယ်ပိုးသင့်တယ် မဟုတ်ဘူးလား။ စိတ်ထားကောင်းမွန်စွာနဲ့ ဘဝမှာ တန်ဖိုးရှိစွာ နေသွားမယ်ဆို အချိန်တန်ရင် မိတ်ကောင်းဆွေကောင်းတွေပဲ ညီလေးအနားမှာ ရှိနေမှာဖြစ်ပြီး မိတ်ကောင်းဆွေကောင်း မဟုတ်သူတွေကတော့ ညီလေးအနားကနေ အလိုလို ဖယ်ခွာသွားပါလိမ့်မယ်။

ဆံသဆရာလေး မောင်ကြည်ရဲ့ ရေပုံးလေးက ကောင်လေးရဲ့စိတ်ကို အကောင်းဆုံးအလှဆင် ပေးလိုက်သည်ထင်ပါရဲ့။ ကောင်လေးရဲ့ မျက်ဝန်းများကတော့ ကျေနပ်မှုပီတိပေါင်းများစွာနဲ့ ဆံသဆိုင်မှအပြန်လမ်းမှာ ရင်ကော့ဦးမော့ ထွက်ခွာသွားလေတော့သတည်း။ ။

လူသားတိုင်းမှာ အားနည်းချက်ကိုယ်စီ ရှိတတ်ပါတယ် ညီ။ ကိုယ့်ရဲ့ အားနည်းချက်ကို လူတွေ ဘယ်လိုကြည့်လဲ၊ လှောင်လဲဆိုတာ စိတ်ထဲမထားဘဲ စိတ်ထားဖြူစင်စွာနဲ့ ကိုယ်နိုင်ရာဝန်ကနေ လောကကောင်းကျိုးကို သယ်ပိုး သင့်တယ် မဟုတ်ဘူးလား။ စိတ်ထားကောင်းမွန်စွာနဲ့ ဘဝမှာ တန်ဖိုးရှိစွာ နေသွားမယ်ဆို အချိန်တန်ရင် မိတ်ကောင်းဆွေကောင်းတွေပဲ ညီလေးအနားမှာ ရှိနေမှာဖြစ်ပြီး မိတ်ကောင်းဆွေကောင်း မဟုတ်သူတွေကတော့ ညီလေးအနား ကနေ အလိုလိုဖယ်ခွာသွားပါလိမ့်မယ်. . .

## ဝသန်အခါဦး

ရှစ်ရပ်ခွင်
မိုးရိပ်ဆင်လို့ မှိုင်း။
လျှပ်စီးငယ် ယှက်ဖြာသန်းတော့
တိမ်ပန်းနှင့်နှိုင်း။
မိုးစက်တွေ
ဖျန်းပက်နေ နေ့ည။
ချုံအနွယ် သစ်ပင် ပန်းတို့
စိမ်းလန်းလို့လှ။
လယ်ကွင်းတွင်
အုံအင်နှင့် ဟစ်ကြွေး။
ရွှေဖားရယ် မိုးတွေသည်းတော့
ပျော်ဆဲပေါ့လေး။ ။

စိုင်းနေဝန်း

## နေရာ

ခေါင်းထက်မှာ အမြစ်ထိုး
မြတ်နိုးဖွယ် ဆံပင်။
သူ့ကြောင့်သာ အလှမျိုးကို
တိုးခဲ့အစင်(စဉ်)။
ဟင်းခွက်ထဲ မှတ်မထင်
ထိုဆံပင်ပါသေး။
ရွံဖွယ်ကွဲ့ ထိုအရာကို
ဖယ်ပါမနေး။

ကိုရဲလေး(တောင်ငူ)

# ကိုယ်အလေးချိန်များခြင်းနှင့် ဒူးနာရောဂါ

## ဒေါက်တာမော်

“ဟိုအန်တီကြီး အသက်ကြီးပြီ၊ ဒူးနာနေ၏။ ငယ်ငယ်က ဝိတ် (weight) မထိန်းမိခဲ့လို့ပါ၊ ဒူးခွဲရတော့မည်။ (knee replacement)” ဟုတ်ပါသည် . . . .

ဒူးနာတာတွေကို မကြာခဏ ကြားနေရသည်။ မြင်နေသည်။

ဒူးနာရခြင်း၏ အကြောင်းအရင်းအမျိုးမျိုးရှိနိုင်သော်လည်း ထိုအန်တီကြီးကဲ့သို့ ဒူးနာနေခြင်းမှာ များသောအားဖြင့် ဒူးကို တစ်သက်လုံးနှစ်ပေါင်းများစွာ အသုံးပြုခဲ့သဖြင့် ဒူးအထဲမှာရှိသော အရိုးနု (cartilage) လေးများ ရောင်ရမ်းပြုန်းတီးကုန်၍ ဖြစ်သည်။ ထိုဒူးနာရောဂါကို Osteoarthritis ဟု ခေါ်ပါသည်။ ခန္ဓာကိုယ်၏အလေးချိန်ကို ဒူးက တစ်သက်လုံးထမ်းထားရသဖြင့် ခန္ဓာကိုယ်အလေးချိန် များလေလေ Osteoarthritis ဖြစ်နိုင်ခြေ ပိုများလေလေ ဖြစ်တတ်ပေသည်။

Osteoarthritis သည် -

“ဟိုအန်တီကြီး” ဟုဆိုသည့်အတိုင်း အမျိုးသမီးတွေမှာ အဖြစ်များသည်။

“အသက်ကြီးပြီ” ဟုဆိုသည့်အတိုင်း ပြုန်းတီးမှု (wear and tear) ကြောင့်ဖြစ်သည့် ရောဂါဖြစ်သဖြင့် အသက်ကြီးသူတွေမှာ ပိုဖြစ်တတ်သည်။

“ငယ်ငယ်က ဝိတ် (weight) မထိန်းမိခဲ့လို့ပါ”ဟုဆိုသည့်အတိုင်း ငယ်စဉ်ကတည်းက ခန္ဓာကိုယ်အလေးချိန်ကို မထိန်းခဲ့သောအခါ ဒူးအထဲမှာရှိသောအရိုးနုများ၊ အရွတ်များအတွက် ဝန်ပိုလေးပြီး ပြုန်းတီးပျက်စီးလွယ်ပေသည်။

“ဒူးခွဲရတော့မည်” ဟုဆိုသည့်အတိုင်း Osteoarthritis သည် ပျောက်ကင်းအောင် ကုသ၍ရနိုင်သောရောဂါ မဟုတ်ဘဲ သက်သာရုံသာလုပ်ပေးနိုင်ပြီး မသက်သာတော့သည့်အခါ ဒူးကို ခွဲစိတ်ကုသရပေတော့သည်။ မြန်မာနိုင်ငံတွင် လူအများစုသည် ဤသို့ ဒူးခွဲစိတ်ကုသသည့်လမ်းကို မရွေးချယ်ချင်ကြပေ။ မရွေးချယ်နိုင်ကြပေ။ ဒူးခွဲပြီးလျှင်လည်း အနာသက်သာပြီး အလုပ်ဖြစ်ရုံသာ လှုပ်ရှားနိုင်သော်လည်း အကောင်းပကတိပြန်ဖြစ်ဖို့မှာ မသေချာပေ။ (Overview of the management of osteoarthritis. www.uptodate.com)

ထိုကဲ့သို့ ခွဲစိတ်သည့်နည်းဖြင့် မကုသလိုလျှင် နာကျင်မှုသက်သာစေရန် အကိုက်အခဲပျောက်ဆေးများ သောက်သုံးခြင်း၊ ဒူးဆစ်များကို လှုပ်ရှားနိုင်ရန် အကြောလျှော့ခြင်း၊ လေ့ကျင့်ခန်းများလုပ်ခြင်း၊ ကိုယ်အလေးချိန်ချခြင်းတို့ ပြုလုပ်ရပါသည်။ တစ်သက်လုံးမပျောက်တော့သည့် ဒူးနာခြင်းအတွက် အကိုက်အခဲပျောက်ဆေးများကို နှစ်ရှည်လများ မှီဝဲရသဖြင့် ထိုဆေးတို့၏ ဘေးထွက်ဆိုးကျိုးများကြောင့် အစာအိမ်ရောဂါ၊ နှလုံးရောဂါတို့ ဖြစ်လာနိုင်ပါသည်။

Osteoarthritis မှာ လက်ချောင်းလေးများ၊ ပေါင်ရင်းအဆစ် (hip joint) များတွင် ဖြစ်တတ်သော်လည်း ဒူးဆစ်မှာ အဖြစ်အများဆုံးဖြစ်သည်။ Osteoarthritis ဖြစ်လျှင် ထိုအဆစ်များမှာ နာကျင်သည့်အတွက် လှုပ်ရှားသွားလာရန် ခက်ခဲပေသည်။ လှုပ်လျှင်၊ သွားလာလျှင် နာကျင်သဖြင့် မလှုပ်ချင်၊ မသွားချင်တော့ဘဲ ငြိမ်နေပါများသောအခါ သွေးတိုး၊ ဆီးချိုကဲ့သို့သော (life style diseases) ရောဂါများ ဝင်လာတတ်သည်။ အိမ်တွင်းအောင်းခြင်းများလာသဖြင့်လည်းကောင်း၊ နာကျင်မှုကို နှစ်ရှည်လများ ခံစားရသဖြင့်လည်းကောင်း စိတ်ကျန်းမာရေးကိုလည်း ထိခိုက်လာနိုင်ပေသည်။ Osteoarthritis ကြောင့် ဒူးနာနေသူတစ်ဦး၏ ခံစားနေရသော စိတ်ဖိစီးမှုသည် သွေးတိုး၊ ဆီးချိုရောဂါရှင်တစ်ဦး၏ ခံစားနေရသော စိတ်ဖိစီးမှုထက် ပိုများသည်ဟု British Medical Bulletin တွင် Epidemiology and burden of osteoarthritis ခေါင်းစဉ်ဖြင့် ရေးသားထားသောစာတမ်းတစ်ခု၌ ဖော်ပြထားသည်။

ထို့ကြောင့် “ဒူးနာတာလေးပဲ အသက်နဲ့အဝေးကြီးဟု မယူဆဘဲ” မိမိကိုယ်တိုင်လည်း လူရောစိတ်ပါ မကျန်းမမာ၊ မိသားစုမှာလည်း ငွေကုန်ကြေးကျများကာ နိုင်ငံတော်အတွက်လည်း လုပ်အားများ ဆုံးရှုံးရုံမျှမက ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့်၊ လုံးဝပျောက်အောင်လည်းကုသ၍ မရနိုင်သည့် osteoarthritis ဟူသော ဒူးနာခြင်းကိုမဖြစ်အောင် ကာကွယ်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပေသည်။

Osteoarthritis ကိုဖြစ်စေခြင်း အကြောင်းအရင်း အမျိုးမျိုးရှိသည့်အနက် အဓိကအကြောင်းအရင်းမှာ ခန္ဓာကိုယ်အလေးချိန် များခြင်းကြောင့်ဖြစ်သည် (osteoarthritis and obesity: www. uptodate.com)။ ကံကောင်းသည်မှာ ထိုအဓိကအကြောင်းအရင်းကို ပြုပြင်ဖယ်ရှား၍ ရနိုင်ခြင်းပင်ဖြစ်ပေသည်။ ငယ်စဉ်ကပင် ခန္ဓာကိုယ်အလေးချိန်ကို ပြုပြင်ထိန်းသိမ်းထားပါက အသက်ကြီးလာသောအခါ ဒူးနာရောဂါဝေဒနာ မခံစားရတော့ဘဲ ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွဖြင့် နေနိုင်ပေမည်။

ငယ်စဉ်ကတည်းက ခန္ဓာကိုယ်အလေးချိန် ထိန်းသိမ်းခြင်းသည် လူကိုကြည့်ကောင်းရှုကောင်း လှပစေရုံတစ်ခုတည်းမဟုတ်ပါ။ သွေးတိုး၊ ဆီးချိုအစရှိသော ရောဂါများသာမက Osteoarthritis မဖြစ်စေရန်အတွက်လည်း အကျိုးပြုပါသည်။

ထိုနည်းတူ

သွေးတိုး၊ ဆီးချိုမဖြစ်ချင်လျှင် ငယ်စဉ်ကတည်းက အစားအသောက်ဆင်ခြင်ကာ ကိုယ်လက်လှုပ်ရှား အားကစား လုပ်ရမည်၊

အဆုတ်မပွချင်လျှင် ငယ်စဉ်ကတည်းက ဆေးလိပ်မသောက်သင့်ပါ၊

ချော်မလဲချင်လျှင် ငယ်စဉ်ကတည်းက ကြွက်သားလေးတွေ သန်မာအောင် လေ့ကျင့်ထားရမည်၊

စသည်ဖြင့် . . . .

အသက်ကြီးလာလျှင်ဖြစ်လာတတ်သည့် ရောဂါတော်တော်များများသည် ငယ်စဉ်ကတည်းက သတိပြုကြိုတင်ကာကွယ်ထားနိုင်သည်။

ထို့ကြောင့် လူငယ်တို့သည် . . .

ဟိုအန်တီကြီး ဒူးနာတာ ငါနဲ့မဆိုင်ဘူး . . .

ဒီဦးလေးကြီး နှလုံးရောဂါဖြစ်တာ ငါနဲ့မဆိုင်ဘူးဟု မဆိုင်သလို ထိုင်မနေဘဲ ကိုယ်အသက်ကြီးသောအခါ ကျန်းမာရန်အတွက် ကြိုတင်ပြုပြင်နေထိုင်ရမည်။

နောင်ကြီးပွားရေးအတွက် ပညာတွေသင်နေသလို၊ နောင်စီးပွားရေးအတွက် ဥစ္စာတွေစုနေသလို၊ နောင်သံသရာအတွက် ကုသိုလ်ကောင်းမှုတွေ စုနေသလို နောင်ဒူးမနာဖို့လည်း ခန္ဓာကိုယ်အလေးချိန် ထိန်းရမည်ဖြစ်ပေသည်။

ဒူးမနာဖို့ ကိုယ်အလေးချိန် ထိန်းရမည့်အပြင် ဒူးကိုညှာဖို့ စကားလက်ဆောင်လေးတစ်ခု ပေးပါရစေ။ လူ့ခန္ဓာလှုပ်ရှားမှုကို အထူးပြုလေ့လာသူ ပညာရှင်တစ်ယောက်၏ အဆိုအရ လှေကားတက်လျှင် ဒူးကို အဆုံးအထိမဆန့်ဘဲ တက်ပါ။ ဒူးကို အဆုံးအထိ ဆန့်လျှင် ဒူးအထဲက အရိုးနုလေးတွေ ထိပါများသဖြင့် ပိုပြုန်းတီးတတ်ပါသည်တဲ့။

“ဒူးကို အဆုံးအထိ မဆန့်ဘဲတက်” ဆိုသည်မှာ လှေကားတက်နေစဉ် ခြေတစ်ဖက်ကို အပေါ်တစ်ထစ်သို့ လှမ်းတက်ပြီး ခန္ဓာကိုယ်ကို တွန်းတင်လိုက်သဖြင့် ခန္ဓာကိုယ်အပေါ်ရောက်သွားသောအခါ ထိုတက်ထားသောခြေကို အဆုံးအထိ ဒူးမဆန့်သေးဘဲ နောက်ခြေတစ်ဖက်က နောက်တစ်ထစ်လှမ်းတက်ရန်ဖြစ်ပါသည်။ ဒူးတွေကို အနည်းငယ် ကွေးထားလျက် လှေကားတွေ တစ်ထစ်ပြီးတစ်ထစ်တက်ရန်ဟု ဆိုလိုပါသည်။ ထိုကဲ့သို့ တက်နိုင်ရန်မှာ ပေါင်အရှေ့က ကြွက်သားလေးတွေ သန်မာမှုဖြစ်မည်။ ထိုကဲ့သို့ တက်ရင်းနှင့်လည်း ထိုကြွက်သားလေးတွေ သန်မာလာနိုင်ပါသည်။

အမှန်တကယ်တော့ လှေကားတက်နေစဉ်မှာထက် လှေကားဆင်းနေစဉ်မှာ ကိုယ်အလေးချိန်က ဒူးအပေါ် ဆောင့်ကျသည့်အတွက် ဒူးကို ပိုမိုထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် လှေကားဆင်းလျှင် အတွင်းအားတွေသုံးပြီး ကိုယ်ဖော့ပညာဖြင့် ဆင်းသင့်သည်။ အတွင်းအားတွေ သန်မာအောင်လည်း ယောဂ၊ အတွင်းအားသုံးသော လေ့ကျင့်ခန်း စသည်တို့ဖြင့် လေ့ကျင့်ထားသင့်ပါသည်။

ဓာတ်လှေကားများအသုံးများသော တိုင်းပြည်များတွင် ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှု ဖြစ်စေရန် “ဓာတ်လှေကားအစား လှေကားကိုသာ သုံးကြပါ” ဟု အသိပညာပေးကြသည်။ မြန်မာနိုင်ငံတွင်လည်း ဓာတ်လှေကားများရှိလာပြီဖြစ်သည့်အတွက် မော်ကတော့ ဒူးနာခြင်းပြဿနာကို ဦးစားပေး၍ “အတက်မှာ လှေကားဖြင့်တက်ပြီး အဆင်းမှာ ဓာတ်လှေကားရှိလျှင် ဓာတ်လှေကားဖြင့်ဆင်းပါ” ဟုအရွှန်းဖောက်ချင်ပါသည်။ လှေကားဖြင့်ဆင်းပါက ဒူးပေါ်သို့ ကိုယ်အလေးချိန် ဆောင့်ကျသဖြင့် ဒူးအတွင်းရှိ အရိုးနုလေးများ ပြုန်းတီးကုန်မှာ စိုးရိမ်မိ၍ဖြစ်ပါသည်။

“ဒူးနာတာတွေ မကြာခဏ ကြားနေရသည်” ဟုဆိုသည့်အတိုင်း osteoarthritis သည် အဖြစ်များသောရောဂါဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ထိုရောဂါ၏ အတိမ်အနက်၊ ဆိုးကျိုး၊ ကာကွယ်နည်း၊ ကုသနည်း သဘောသဘာဝတို့ကို ဤကဲ့သို့ သိထားသင့်ပါသည်။

ဒူးနာနေသော အန်တီကြီးများ ကိုယ်အလေးချိန်ချခြင်းဖြင့် ဒူးနာသက်သာကြပါစေ။

ဒူးမနာသေးသော အန်တီလေးများ၊ တူမလေးများ ကိုယ်အလေးချိန်ထိန်းနိုင်ပြီး ကြွက်သားလေးများလည်း သန်မာအောင် လေ့ကျင့်နိုင်ကာ အန်တီကြီးများဖြစ်လာသောအခါ ဒူးနာခြင်းကင်း၍ ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွဖြင့် နိုင်ငံ့အကျိုးကို ဆက်လက်သယ်ပိုးနိုင်ကြပါစေဟု ဆန္ဒပြုလျက် . . . ။ ။






# ကဆုန့်နေရပ် တိမ်းရှောင် ကလေးသူငယ်များအား နယ်လှည့်စာကြည့်တိုက်နှင့် ဆေးရောင်ခြယ်အစီအစဉ် ကွင်းဆင်းဆောင်ရွက်

**မိုးကောင်း မေ ၁၂**

မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နမ္မတီးမြို့နယ်သို့ နေရပ်တိမ်းရှောင် ပြည်သူများတွင် ပါလာသော ကဆုန့်ဒေသ ကလေးငယ်များအား နယ်လှည့်စာကြည့်တိုက်နှင့် ဆေးရောင်ခြယ် အစီအစဉ်တစ်ရပ် အဖြစ် ယမန်နေ့နံနက် ၁၀ နာရီတွင် လမ်းခွကျေးရွာ လန်ဘရော့ယန် နှစ်ခြင်းဘုရားကျောင်း၌ ဆောင်ရွက်သည်။

ကလေးများ စာဖတ်ခြင်းအလေ့အထရရှိစေရန်၊ စာအုပ်စာပေနှင့်ရင်းနှီးစေရန်၊ လတ်တလော စိတ်ထိခိုက်ခံစားမှုများ သက်သာပြီး ပျော်ရွှင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

မြို့နယ်ပြန်/ဆက် ဦးစီးဌာန ဦးစီးမှူး ဒေါ်နီနီလွင်နှင့်ဝန်ထမ်းများက စစ်ရှောင်စခန်းမှ ကလေးသူငယ်များအား စာအုပ်စာစောင်များ ငှားရမ်းပေးခြင်း၊ ဆေးရောင်စုံခြယ်သခြင်းတို့ဆောင်ရွက်ခဲ့ပြီး စာဖတ်ခြင်း၏ ဗဟုသုတ အကြောင်းအရာများကို ပြောကြားသည်။

စစ်ပွဲတိမ်းရှောင်မှုကြောင့် လတ်တလော ကလေးများ၏ စိတ်ခံစားချက်များကို ပန်းချီဆေးခြယ်၊ စာအုပ်ဖတ်ခြင်းက ကူညီပေးသောကြောင့် ကောင်းမွန်သည့် အစီအစဉ်ဖြစ်ကြောင်း၊ ၎င်းတို့စိတ်ခံစားချက်များ ရေရှည်ပျော်ရွှင်မှုရှိလျှင် အနာဂတ်အတွက် ခေါင်းဆောင်ကောင်းများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ကလေးငယ်များ၏ စိတ်ထိခိုက်ခံစားမှုများကို အဆိုပါပျော်ရွှင်မှုနှင့် ဖြေဖျောက်နိုင်သည့် အစီအစဉ်တစ်ရပ်ဖြစ်သောကြောင့် ကျေးဇူးတင်ကြောင်း လန်ဘရော့ယန်ကန့် အတွင်းရေးမှူး ဆရာဇော်လတ်က ပြောသည်။

ယင်းနောက် စိန်ပေါလ် KBC ကျောင်းရှိ ကလေးငယ်များကိုလည်း အလားတူ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **သန်းလွင်ဦး(ပြန်/ဆက်)**



# မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင်တို့တွင် နှမ်းပါးများ တိုးချဲ့စိုက်ပျိုး

**မန္တလေး မေ ၁၂**

မန္တလေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကျရောက်ပြီး မိုးနည်းရေရှားရပ်ဝန်းတွင် ပါဝင်သည်။ မန္တလေးတိုင်းဒေသကြီးတွင် နွေရာသီဖြစ်သော မတ်၊ ဧပြီနှင့် မေလများတွင် အပူချိန်အများဆုံးဖြစ်ပြီး အပူချိန်ဒီဂရီဖာရင်ဟိုက် ၁၀၀ ကျော်အထိရှိသည်။ နွေအခါတွင် ကန်၊ ချောင်းများ ရေခန်းခြောက်သဖြင့် ကျေးရွာလူထုမှာ စိုက်ပျိုးရေအပြင် သောက်သုံးရေနှင့် ကျွဲ၊ နွား သောက်သုံးရေရှားပါးကာ ဒုက္ခရောက်ကြရသည်။

ဤကဲ့သို့ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး တိုင်းကြီးသုံးတိုင်းအတွင်းတွင် တောင်သူလယ်သမားများ သောက်သုံးရေ၊ စိုက်ပျိုးရေရရှိစေရန် ဆည်မြောင်း၊ တာတမံများ တည်ဆောက်ပေးခဲ့သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက မိုးနည်းရေရှားဒေသတွင် ပါဝင်သည့်မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင်တို့တွင် တောင်သူလယ်သမားများ စိုက်ပျိုးရေနှင့်သောက်သုံးရေ အခက်အခဲမရှိစေရန်အတွက် ဆည်မြောင်း၊ တာတမံ ၂၀ ကို တည်ဆောက်ပေးခဲ့သည်။ ထိုဆည်ကန်များမှာ ပြောင်းပြား၊ ညောင်ပင်သာ၊ ပျိုးကန်၊ စွန်းလွန်း၊ တောင်ပင်လယ်၊ မြောက်ပင်လယ်၊ ကျောက်တစ်လုံး၊ ဆင်တဲ၀၊ တောင်သာ၊ ၀ဲလောင်၊ ခက်လန်း၊ ကန်နား၊ မြိုင်သာ၊ ဇီးတော၊ မြို့သာ၊ နတ်သားတော၊ မောင်းကတော၊ ကြက်မောက်တောင်၊ ပင်းချောင်း၊ ကျောက်တံတားနှင့် ကြက်မောက်တောင်ရေကျဆည်များ ဖြစ်ကြသည်။ ထိုဆည်မြောင်း၊ ကန်၊ ချောင်း ၂၀ အတွင်းရှိ ကျေးရွာများမှ တောင်သူလယ်သမားများသည် ထိုဆည်မြောင်းတာတမံကန်များမှ ရေဖြင့် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးပြီး သောက်သုံးရေကို သုံးစွဲနေကြရသည်။



မြင်းခြံခရိုင်အတွင်းတွင် ကျေးရွာအုပ်စု ၆၅ အုပ်စုရှိပြီး ကျေးရွာပေါင်း ၁၈၃ ရွာရှိသည်။ တောင်သာမြို့နယ်တွင် ကျေးရွာအုပ်စု ၇၇ အုပ်စုရှိပြီး ကျေးရွာပေါင်း ၂၄၃ ရွာ ရှိသည်။ နွားထိုးကြီးမြို့နယ်တွင် ကျေးရွာအုပ်စု ၆၄ အုပ်စုရှိပြီး ကျေးရွာပေါင်း ၁၈၈ ရွာရှိသည်။ ငါန်းဇွန်မြို့နယ်တွင် ကျေးရွာအုပ်စု ၄၄ အုပ်စုရှိပြီး ကျေးရွာပေါင်း ၁၅၈ ရွာရှိသည်။ ညောင်ဦးမြို့နယ်တွင် ကျေးရွာအုပ်စု ၇၄ အုပ်စုရှိပြီး ကျေးရွာပေါင်း ၂၂၀ ရှိသည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးရွာအုပ်စု ၁၀၉ အုပ်စုရှိပြီး ကျေးရွာပေါင်း ၃၃၉ ရွာရှိသည်။ ခရိုင်နှစ်ခုပေါင်း ကျေးရွာ ၁၃၃၂ ရွာရှိသည်။ မြင်းခြံခရိုင်နှင့်ညောင်ဦးခရိုင်အတွင်းရှိ ကျေးရွာများမှာ မိုးကောင်းလယ်သောက်ဖြစ်သဖြင့် နွေစပါး၊ မိုးစပါး အစိုက်နည်းပြီး အခြားသီးနှံများဖြစ်သော မိုးနှမ်း၊ ဆောင်းနှမ်း၊ မြေပဲ၊ ပြောင်းများကိုသာ စိုက်ပျိုးကြသည်။ သို့သော် ယခုအခါ ရေရာသေချာပြီးဝင်ငွေများသည့် နွေစပါးကို အထူးစိတ်ဝင်စားပြီး လယ်သမားများသည် နွေစပါးကို ပိုမိုစိုက်ပျိုးလျက်ရှိသည်။

မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင်အတွင်းရှိ ဆည်ကန်အလိုက် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဆည်ရေဖြင့် နွေစပါးကို မြင်းခြံမြို့နယ်တွင် ၃၈၈၅ ဧက၊ တောင်သာမြို့နယ်တွင် ၂၃၇၅ ဧက၊ နွားထိုးကြီးမြို့နယ်တွင် ဧက ၂၃၃၀၊ ငါန်းဇွန်မြို့နယ်တွင် ဧက ၁၄၀၀၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ဧက ၇၁၂၀ စုစုပေါင်းခရိုင်နှစ်ခုတွင် နွေစပါး ဧက ၁၇၁၁၀ စိုက်ပျိုးထားပြီးဖြစ်သည်။ နွေစပါးအတွက် ဆည်ရေကို မြောင်းဖျားအထိအရောက် ပေးသွင်းနေသည်။

နွေစပါးစိုက်ပျိုးသော မြောင်းများတွင် တာဝန်ယူသည့် ဆည်မြောင်းဝန်ထမ်းများစာရင်းကို ရေးသားထားပြီး ရေမရရှိပါက ဆည်မြောင်းဌာနသို့ တိုင်ကြားကြရန်လည်း အသိပေးကြေညာထားသည်။ မိုးနည်းရေရှားဒေသနှင့် သင့်လျော်သည့် နွေစပါးကို အထူးစိတ်ဝင်တစား ပိုမိုစိုက်ပျိုးလာကြသဖြင့် တောင်သူလယ်သမားများ ဆင်းရဲနွမ်းပါးမှုလျော့နည်းပြီး နွေစပါးရောင်းရငွေဖြင့် တောင်သူလယ်သမားများ အလှူအတန်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**မောင်ထီလာ**

# အိန္ဒိယက မတ်ပဲကိုတင်သွင်းခွင့်ပြုမည်ဟု ဈေးဖွင့်သော်လည်း ဈေးနှုန်းမှာ ထူးထူးခြားခြား တက်မလာသေးသည့်အတွက် အရောင်းအဝယ်မဖြစ်သေး

**ရန်ကုန် မေ ၁၂**

မတ်ပဲကို အိန္ဒိယမှ တန်ချိန် ၁၅၀၀၀၀ တင်သွင်းခွင့်ပြုမည်ဟု ဈေးဖွင့်သော်လည်း ဈေးနှုန်းအနေဖြင့် ထူးထူးခြားခြားတက်မလာသေးသည့်အတွက် မုံရွာကုန်သည်ပွဲစားများအပြင် တောင်သူများအနေဖြင့် မရောင်းနိုင်ကြသေးကြောင်း မုံရွာမြို့ မြန်မာသိန်းသီးနှံရောင်းဝယ်ရေးပိုင်ရှင် ဦးသိန်းဦးထံမှ သိရသည်။

“တကယ်တမ်းက မြန်မာပြည် အလယ်ပိုင်း၊ အထက်ပိုင်းက မတ်ပဲစိုက်တာ အောက်ပိုင်းလောက်မများဘူး၊ အဓိက အထက်ပိုင်းက ပဲစင်းငုံအစိုက်များတာပါ၊ ပဲစင်းငုံနဲ့ မတ်ပဲကို မစိုက်ဘဲနဲ့ တခြားအစားထိုးသီးနှံကို စိုက်ပျိုးသင့်တယ်၊ အဲဒီလိုစိုက်ဖို့ ပြည်ထောင်စုအစိုးရဦးဆောင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန စီးပွားကူးသန်းစိုက်ပျိုးရေးဌာန ပဲနှမ်းအသင်းနဲ့ ကုန်စည်ဒိုင်တွေပေါင်းပြီး တိကျတဲ့ ကြေညာချက်ထုတ်ပေးသင့်တယ်၊ နောင်မှာ ပဲစင်းငုံအဝယ်ကို ပြည်ပက ပိတ်ရင်တောင် အခြားအစားထိုးသီးနှံတွေရှိနေတဲ့အတွက် ခံသာသေးတာပေါ့”ဟု ဦးသိန်းဦးက ပြောသည်။

“အိန္ဒိယမဖွင့်ခင်ကလည်း ရန်ကုန်ဈေးကျသလောက် မုံရွာလိုက်မကျဘူး၊ မကျဘူးဆိုတာ ဒေသတွင်းသုံး အခြမ်းသမား စက်သမားတွေက ရှိသေးတာကိုး၊ မတ်ပဲက စစ်ကိုင်းတိုင်းမှာက ပဲခူးတိုင်း ရန်ကုန်တိုင်းလို အစိုက်အား မများတဲ့အတွက် သိပ်မကျဘူး” ဟု ဦးသိန်းဦးက ဖြည့်စွက်ပြောသည်။

ရန်ကုန်ဈေးကွက်တွင် အိန္ဒိယမှဝယ်မည် မကြော်ငြာခင်က မတ်ပဲတစ်တန်လျှင် သုံးသိန်းခုနစ်သောင်းခန့်ရှိပြီး ကြော်ငြာအပြီးတွင် လေးသိန်းခြောက်သောင်းခန့် တက်သွားကြောင်း သိရပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့၌ မတ်လ၊ ဧပြီလလောက်တွင် မတ်ပဲပေါ်နေခြင်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၌ ဇန်နဝါရီလတွင်ပေါ်သော်လည်း မြန်မာပြည်အောက်ပိုင်းအထွက်လောက် မရှိကြောင်း သိရသည်။



စစ်ကိုင်းတိုင်းအတွင်း တန့်ဆည်မြို့နယ်၊ ယင်းမာပင်မြို့နယ်၊ ပုလဲမြို့နယ်၊ မြောင်မြို့နယ် စသည့်မြို့နယ်တို့တွင် မတ်ပဲကို စိုက်ကြသည်။

“မတ်ပဲဈေးက နည်းနည်းတက်တာ အများကြီး မတက်ပါဘူး၊ ဈေးတက်တယ်ဆိုတာကလည်း ၅၀၀နဲ့ ၁၀၀၀ ကြားလောက်တက်တာပါ၊ ဈေးက လက်ရှိငြိမ်နေတာ၊ အိန္ဒိယက မတ်ပဲအချိန် တန်တစ်သိန်းခွဲဝယ်မယ်လို့သာပြောတာ၊ ဘယ်အချိန်ဘယ်ဈေးနဲ့ ဝယ်မယ်ဆိုတာ မသိတော့မသေချာပါဘူး၊ လက်ရှိမတ်ပဲပေါက်ဈေးက ကျလွန်းအားကြီးနေတော့ အများစုကရှုံးနေကြတာ၊ တောင်သူတွေအနေနဲ့ကတော့ ဝယ်မှာတဲ့ဆိုတဲ့ နားစွန်နားဖျားကြားသတင်းနဲ့ ဖြစ်လာမလားဆိုတာ မျှော်လင့်နေကြတာပေါ့၊ သူတို့အနေနဲ့လည်း ရှုံးလည်း ရှုံးနေတော့ မျှော်လင့်ကြတာ မဆန်းပါဘူး၊ အခုတစ်တင်း ၁၄၀၀၀ ထက် ၂၀၀၀ နဲ့ ၃၀၀၀ လောက်တက်တောင် မရောင်းနိုင်ကြသေးပါဘူး”ဟု မုံရွာမြို့ ပဲကုန်သည်တစ်ဦးက သုံးသပ်ပြောကြားသည်။

ရန်ကုန်မတ်ပဲဈေးကွက် အခြေအနေ မုံရွာနယ် လက်ကုန်စည်ရောင်းဝယ်သူများ၏ အခြေအနေကွာခြားပုံကို မုံရွာဒေသခံ ဝါရင့်ပဲပွဲစားကြီးတစ်ဦးက နှိုင်းယှဉ်သုံးသပ်ပြရာတွင် “မတ်ပဲကပြီးခဲ့တဲ့နှစ်က တန်ချိန် နှစ်သိန်းခွဲသုံးသိန်းကျန်တယ်ပြောတယ်၊ ဒီနှစ်လည်း တန်ချိန် တစ်သိန်းခွဲ၊ နှစ်သိန်းလောက်ထွက်မှာဆိုတော့ တန်ချိန် ငါးသိန်းလက်ကျန်ရှိနေတာဆိုတော့ အိန္ဒိယက တန်ချိန် တစ်သိန်းခွဲဆွဲဦးတောင် အတော်များများကျန်ဦးမယ့် အခြေအနေပါ၊ များနေတော့ ဈေးနှုန်း တအားကြီးတက်ဖို့ မလွယ်သေးပါဘူး၊ တောင်သူတွေအနေနဲ့ကတော့ မျှော်တော့ မျှော်လင့်နေကြမှာပဲ၊ မျှော်လင့်သလောက် ဖြစ်ချင်မှဖြစ်မှာ၊ ဘာလို့လဲဆိုတော့ လက်ကျန်ကများနေသေးလို့ပါ၊ ရန်ကုန်လက်ကြီးတွေက မတ်ပဲတန်ချိန် နှစ်သောင်း၊ သုံးသောင်းအထိရှိကြတယ်၊ ဒီနယ်ကလူတွေက ငါတို့တော့ အရင်းမရသေးလို့ မရောင်းသေးဘူး လုပ်နေတဲ့အချိန် ဒါမှမဟုတ် အိန္ဒိယကဆွဲရင်တော့ ဈေးတက်မှာပဲ အထင်နဲ့ စောင့်နေကြတဲ့အချိန် ရန်ကုန်ကလူတွေက စုရောင်းလိုက်ရင် အိန္ဒိယကလိုချင်နေတဲ့ မတ်ပဲတန်ချိန် တစ်သိန်းခွဲက ရန်ကုန်တင်ပြည့်သွားပြီး ရန်ကုန်တင်ပြီးသွားရင် နယ်ကလူတွေက သိတောင်သိလိုက်ရမှာ မဟုတ်ဘူး”ဟု သုံးသပ်ပြောကြားသည်။

လက်ရှိဖြစ်နေသော မတ်ပဲဈေးနှုန်းသည် ယခင် အရောင်းအဝယ်အားကောင်းကောင်းဖြင့် ဖြစ်ခဲ့သောဈေးနှင့် အလွန်အမင်းကြီးကွာခြားကာ နည်းနေသေးသည့်အပေါ် မြန်မာသိန်းပဲပွဲရုံပိုင်ရှင် ဦးသိန်းဦးက “မတ်ပဲဈေးနှုန်းကို အိန္ဒိယကအတော်လေး တိုးမြှင့်ဝယ်မယ်ဆိုရင်တော့ တဖြည်းဖြည်းရောင်းမယ့်သူတွေရှိလာမှာပါ၊ လက်ရှိက စောစောကလည်း ဒီဈေး အခုလည်းမပြောပလောက်တဲ့ တက်ဈေးပဲရှိတော့ အရောင်းအဝယ်က မသွက်နိုင်သေးပါဘူး၊ အခုဖြစ်နေတဲ့ ဈေးက အရင်မတ်ပဲဖြစ်နေတဲ့ အချိန်ဈေးနဲ့စာရင် အလွန် အမင်းကြီးကို နည်းနေသေးတယ်လေ၊ အရင်က မတ်ပဲ တစ်တန်ကို ရှစ်သိန်း၊ ကိုးသိန်းဖြစ်ခဲ့တာကိုး၊ အခုဟာက လေးသိန်းကျော်ဆိုတော့ တစ်ဝက်ဈေးပဲရှိတာပါ၊ စစ်ကိုင်းတိုင်းအနေနဲ့ မတ်ပဲကတစ်နှစ်ကို တန်နှစ်သောင်းလောက်ပဲ ထွက်တာပါ”ဟု သုံးသပ်ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုကြောင့် ကံလှကျောင်းတံတားပတ်ဝန်းကျင် ရေသုံးစွဲသူများအခက်တွေ့

**မြောင်းမြ မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ် အမှတ်(၆)ရပ်ကွက် ကံလှလမ်းရှိ ကံလှကျောင်းတံတားတွင် စည်းကမ်းမဲ့စွာ အမှိုက်စွန့်ပစ်ခြင်းကြောင့် ထိုတံတားကို မှီခိုပြီး ရေသုံးစွဲနေသူများအတွက် လွန်စွာအခက်တွေ့နေရကြောင်း သိရသည်။

ကံလှကျောင်းတံတားသည် မြောင်းမြမြို့၏ ဘုရားချောင်းနံဘေးတွင် တည်ရှိပြီး ၂၀၀၉ ခုနှစ်တွင် စတင်တည်ဆောက် အသုံးပြုခဲ့ကြသည်။ ထိုတံတားပတ်ဝန်းကျင်တွင် နေထိုင်သူများမှာ ဘုရားချောင်းအတွင်းမှ ချောင်းရေကို သုံးရေအဖြစ် အဓိကထား အသုံးပြုခဲ့ပြီး ရေချိုးဆိပ်တံတားလေးအဖြစ်ပါ အသုံးပြုလာခဲ့ကြသည်။

ယခုအခါ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကြောင့် အမှိုက်သရိုက်များသည် တံတား၏ နံဘေးတွင် ညစ်ပတ်နံစော်နေပြီး ချောင်းအတွင်း အမှိုက်များစီးမျောကာ လွန်စွာအကျည်းတန်လာခဲ့၍ ထိုတံတားကို အသုံးပြုရေသုံးစွဲသူများအတွက် အလွန်အခက်တွေ့နေရကြောင်း သိရသည်။ **မြောင်းမြ (မြန်/ဆက်)**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မုံရွာစီးပွားရေးတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်မည့် မုံရွာစီးပွားရေးတက္ကသိုလ်၏ ၂၀၁၈ခုနှစ် (ဧပြီလမှစက်တင်ဘာလထိ) ဘဏ္ဍာရေးနှစ် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသောကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) (၁၆၀)ဦးဆံ့ကျောင်းသား/သူ အိပ်ဆောင်(၂)ထပ် (၂)လုံးဆောက်လုပ်ခြင်း (၃၁၀၈၀၈/ပ)သံကူကွန်ကရစ် (ရေမီးအပါအဝင်) (အိပ်ဆောင်-၂၄၆၈၀၈/ပ၊ မီးဖိုဆောင်+ထမင်းစားဆောင်-၆၄၀၀၈/ပ)

(ခ) ဆရာ/မ ဆောင်(၂)ထပ်၊ (၂)လုံးအား အကြီးစားမွမ်းမံခြင်း (၁၀၀'×၃၀') (အမိုးနှင့်မျက်နှာကြက်ပြုပြင်ခြင်း၊ အတွင်းလျှပ်စစ်+ရေသန့်ပိုင်းပြုပြင်ခြင်း၊ အုတ်နံရံအက်ကြောင်းများ ဖာထေးခြင်း၊ အတွင်းအပြင်ရေဆေး၊ ဆီဆေးသုတ်ခြင်း

(ဂ) အဓိပတိလမ်း ကတ္တရာထပ်ပိုးလွှာလောင်းခြင်း (၂'×၂၀၅၀'×၂၀')

(ဃ) အဓိပတိလမ်းဘေးပက်လက်ဖောင်းပြုပြင်ခြင်း (၂'×၁၉၅၆'×၁၀')

(င) စာသင်ဆောင်များအား ဆက်သွယ်လျှောက်လမ်း အသွား/အပြန် နှစ်လမ်းသွားဆောက်လုပ်ခြင်း (၂'×၁၄၀၀'×၆'×၉')

၂။ တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၄-၅-၂၀၁၈ရက် နံနက်(၉း၃၀)နာရီမှ (၄း၃၀)နာရီအထိ
တင်ဒါပိတ်သိမ်းမည့်ရက် - ၂၈-၅-၂၀၁၈ရက် ညနေ (၄း၃၀) နာရီ

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၇၁-၂၃၆၆၁ ဘဏ္ဍာဌာနကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မုံရွာစီးပွားရေးတက္ကသိုလ်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတွင် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် ဘူမိဗေဒသုံး Drill Accessories (1) Lot, (8) Itemsကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၅-၂၀၁၈ရက်မှ ၄-၆-၂၀၁၈ရက် (ရုံးချိန်အတွင်း)
(ခ) တင်ဒါတင်သွင်းရမည့်ရက်/အချိန် -၄-၆-၂၀၁၈ရက်၊ မွန်းတည့်၁၂း၀၀နာရီ
(ဂ) တင်ဒါဖွင့်မည့်ရက်/အချိန် -၄-၆-၂၀၁၈ရက်၊ မွန်းလွဲ၁၃း၀၀နာရီ
(ဃ) အိတ်ဖွင့်တင်ဒါဝယ်ယူ/တင်သွင်းရမည့်နေရာ -ရုံးအမှတ်(၄၃)၊ ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။

၂။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ရုံးချုပ်)၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖြည့်တင်းရေး၊ ဖုန်း-၀၆၇-၄၁၀၃၁၆သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလထိ (၆)လအတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်မြို့၌ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန် လိုအပ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်း(Reagent and Consumable)များအား မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုသည့် ကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့် အချိန် -၁၆-၅-၂၀၁၈ရက်၊ နံနက်(၁၀း၀၀)နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၁၃-၆-၂၀၁၈ရက် ညနေ(၄း၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများ အသေးစိတ်ကို သိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၅၀၈၄၁၄၉(သို့မဟုတ်) ၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၉၅၇သို့ နေ့စဉ်ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန**
**၃၅-မော်ကွန်းတိုက်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

## မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန် FDA အသိအမှတ်ပြုဆေးဝါးများ၊ ဓါတ်ခွဲခန်းသုံးဆေးများ၊ ဓါတ်မှန်ဖလင်နှင့်ဆေးရည်များ၊ ဆေးရုံသုံးပစ္စည်း (Consumables)များနှင့် အောက်ဆီဂျင်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံ
စတင်ရောင်းချမည့်ရက် - ၁၄-၅-၂၀၁၈ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၃-၆-၂၀၁၈ရက်(ညနေ ၄း၀၀ နာရီ)


၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အခြားသိရှိလိုသည်များရှိပါက ရုံးချိန်အတွင်း ဤဆေးရုံကြီးတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**


ဆရာဇော် ကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့်ဘော်ဒါ
အမှတ်(၅၃၈)၊ ခိုင်သဇင်လမ်း၊ ပုလဲ(၃)၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။
ဖုန်း-၀၉၇၉၅၀၆၀၆၉၅၊ ၀၉၇၉၉၆၀၄၆၄၈









ဦးသန်းအောင်
LCCI Level I & II, III
သင်တန်းကြေး အရစ်ကျစနစ်
HP- 09 508 6487, 09 4200 20993, 09 261 218 687


## ဒေါက်တာဦးအောင်ကို
## နားပေါက်ကျယ်ချုပ်သည်၊
## နားပေါက်ဖောက်သည်

နဂိုအတိုင်းဖြစ်အောင် လှပစွာ ချုပ်ပေးသည်။
တစ်ပေါက်(၅၀၀၀၀ကျပ်)
နှစ်ပေါက်(၁၀၀၀၀၀ကျပ်)

**ဖုန်း-၀၉-၇၇၇၇၄၇၇၂၂၃**
**၀၉-၅၁၃၉၂၉၈**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် DD/8466၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

